ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ စနေနေ့၊ (19-7-2014) (၇၉၀၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

(၆၇)နှစ်မြောက် အာဇာနည်နေ့

ဒီးဒုတ်ဦးဘချို

သခင်မြ

ဦးအုန်းမောင်

ရဲဘော်ကိုထွေး

ဦးဘဝင်း

မန်းဘခိုင်

စဝ်စံထွန်း

ဦးရာဇတ်

ဝံသာနုရက္ခိတတရား

လူမျိုးဆိုသည်မှာ သုခ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ်အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။

အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် ဘာသာစကားတို့ကို အလေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာဆန္ဒပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေသည်။

(၂၀-၁-၁၉၄၆၊ အလယ်ပစ္စယံညီလာခံမိန့်ခွန်းမှ)

အာဇာနည်နေ့ သတင်းအညွှန်း

ရွှေတိုင်လွင် ၏
"(၁၉)ဂူလိုင် လွမ်းမိုးလှိုင်သည် . . ."
ဆောင်းပါး စာမျက်နှာ - ၆ »»»

ပန်းတောင်းသန်းကြွယ် ၏
"လွမ်းတယ်လေ့ လွမ်းတယ်လေ့"
ကဗျာ စာမျက်နှာ - ၆ »»»

ရွှေသွေး ၏ "အာဇာနည်နေ့"
ကာတွန်း စာမျက်နှာ - ၆ »»»

၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

စာမျက်နှာ - ၅ »»»

ကြေးမုံ စာတည်း ရှုထောင့် ၁၉-၇-၂၀၁၄၊ စနေနေ့

အာဇာနည်နေ့ ဒို့မမေ့

သမိုင်းဆိုသည်မှာ အတိတ်ကဖြစ်ပျက်သမျှ အကြောင်းများဖြစ်သည်။ ဖြစ်ပြီးပျက်ပြီးသောအရာဟူသမျှ သမိုင်းပင်ဖြစ်သည်။ နိုင်ငံ့သမိုင်း၊ ကမ္ဘာ့သမိုင်းဟူ၍ ရှိသလို လူပုဂ္ဂိုလ်တစ်ဦးချင်းစီတွင်လည်း ပြုမူကျင့်ကြံပြီးသမျှ ငြင်းမရသော သမိုင်းကိုယ်စီရှိကြသည်။ သမိုင်း၏ကောင်းခြင်း၊ ဆိုးခြင်းကို သမိုင်းဆရာများက မှတ်တမ်းမှတ်ရာများ ရှာဖွေပြုစု မှတ်ချက်ပြုတတ်ကြသည်။

ကမ္ဘာ့သမိုင်းဖြစ်စဉ်ကို ကမ္ဘာသူ ကမ္ဘာသားတိုင်း သိကြရသည်။ နိုင်ငံ့သမိုင်းကို ထိုထိုသော နိုင်ငံသားတိုင်းက သိထားကြရသည်။ ထိုနည်းတူ လူတစ်ဦး တစ်ယောက်၏ လုပ်ဆောင်ချက်၊ စွမ်းဆောင်ချက်မှတ်တမ်းများသည်လည်း သူနှင့်ဆက်နွယ်ရာ အဝန်းအဝိုင်းတွင် ကျန်ရစ်နေတတ်သည်။ ထိုနည်းတူ နိုင်ငံကို ဦးဆောင်ဦးရွက်ပြုနေကြသူများ၏ နိုင်ငံအပေါ် ထားရှိသည့် စေတနာ၊ မေတ္တာကို နိုင်ငံသားတိုင်းက သိထားကြသည်။ နိုင်ငံအကျိုး လုပ်ဆောင်ချက်မှန်သမျှ နိုင်ငံသားတိုင်း၏ ရင်ထဲတွင် မှတ်တမ်းတင် သိမ်းဆည်းထားတတ်ကြသည်။

လွတ်လပ်ရေးမတိုင်ခင် သမိုင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက လွတ်လပ်ရေးအကြိုကာလ ကိုယ်ကျိုးစွန့်ကာ တိုင်းပြည်အတွက် အဘက်ဘက်မှ အနစ်နာခံကြသည့်ပုဂ္ဂိုလ်များ၏ လုပ်ဆောင်ချက်များကို ပြည်သူများ၏ နှလုံးသားတွင် မှတ်ကျောက်တင် အဆုံးအဖြတ်ခံထားကြသည်။

မြန်မာ့လွတ်လပ်ရေးဗိမာန်ကို ရဟန်းရှင်လူ လူတန်းစားအလွှာစုံက အသက်သွေးချွေးပေါင်း မြောက်မြားစွာ ပေးဆပ်ကာ တည်ဆောက်ခဲ့ကြသည်။ လွတ်လပ်ရေးကြိုးပမ်းခဲ့သူပုဂ္ဂိုလ်များအနက် ထင်ရှားခဲ့သူကား ဗိုလ်ချုပ်အောင်ဆန်းပင်။ မြန်မာကရော၊ ကမ္ဘာကပါ အသိအမှတ်ပြုခဲ့ရသော ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်သည် မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာဖြစ်ပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားအားလုံးက အသိအမှတ်ပြုခဲ့သည်မှာ သမိုင်းမှတ်တမ်းတစ်ခုပင်ဖြစ်သည်။

"အတိတ်သမိုင်းကို မသိသူသည် ပစ္စုပ္ပန်နှင့် အနာဂတ်တွင် လမ်းပျောက်နေသူနှင့်တူသည်"ဟု အင်္ဂလိပ်ပညာရှင် ဂျော့စန္တာယားနားက မိန့်ဆိုခဲ့သည်။ သမိုင်းဟူသည် အမေ့ခံပစ္စည်းမဖြစ်သင့်ပါ။သမိုင်းကို မမေ့စကောင်း။ သို့သော် သမိုင်းသည် ရှေ့အနာဂတ်နှင့် ပစ္စုပ္ပန်အတွက် သင်ခန်းစာနှင့် အတုယူထိုက်စရာသာဖြစ်သင့်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဖြစ်စဉ်သမိုင်းမှာ မမေ့နိုင်ဖွယ်ဖြစ်ပါသည်။ ထိုသမိုင်းကိုရေးသားသော သမိုင်းပညာရှင် အစစ်အမှန်မှာ ဗိုလ်ချုပ်ကိုယ်တိုင်သာဖြစ်သည်။ လူတိုင်း ကိုယ့်သမိုင်းကိုယ်ရေးနေကြသည်။ ဗိုလ်ချုပ်သည် မိမိသမိုင်းကို မြန်မာနိုင်ငံသားအားလုံး၏ နှလုံးသားတွင် လှပသေသပ်စွာ ရေးသားပေးခဲ့သည်။ ဗိုလ်ချုပ်၏သမိုင်းတွင် အဆုံးသတ် မမေ့နိုင်ဖွယ်ရာနေ့မှာ အာဇာနည်နေ့ဖြစ်သည်။

နိုင်ငံလွတ်လပ်ရေးအတွက် အသက်ပေးကာ ဦးဆောင်ဦးရွက်ပြုခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သော သမိုင်းနေ့ရက် ဇူလိုင် ၁၉ရက်(အာဇာနည်နေ့)သည် ယနေ့ဆိုလျှင် (၆၇) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ယနေ့ ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ပုဂ္ဂိုလ်များကို အလေးပြုကြရမည်ဖြစ်ပါသည်။

မမေ့နိုင်ဖွယ်ထိုနေ့တွင် နိုင်ငံသားအားလုံးအနေဖြင့် ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်များကို အောက်မေ့သတိရသကဲ့သို့ အာဇာနည်ခေါင်းဆောင်ကြီးများ အသက်ပေးကြိုးပမ်းသွားခဲ့ကြသည့် မြန်မာနိုင်ငံလွတ်လပ်ရေးကို ဆက်လက်ကာကွယ်စောင့်ရှောက်ရင်း ယခုလျှောက်လှမ်းနေသည့် ဒီမိုကရေစီပန်းတိုင်သို့ စည်းလုံးညီညွတ်စွာဖြင့် အေးအတူ ပူအမျှ အတူတကွ လျှောက်လှမ်းသွားကြရမည်ဖြစ်ပါသည်။ ။

အရှေ့တောင်အာရှ(လူငယ်) အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် မြန်မာ့ဘော်လီဘော အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းအား အထောက်အကူဖြစ်စေမည့် နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံ ရရှိစေရန်နှင့် ရရှိလာသော အတွေ့အကြုံကောင်းများဖြင့် နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပိုမိုရရှိလာစေရန်အတွက် ရည်ရွယ်၍ ကျင်းပမည့် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ(လူငယ်) အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီတွင် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၃၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမှာစကား ပြောကြားရာတွင် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရန်နှင့် မြန်မာ့လက်ရွေးစင် အမျိုးသား အမျိုးသမီး ဘော်လီဘောအသင်းအနေဖြင့် နိုင်ငံတကာ အတွေ့အကြုံများရရှိ၍ ဘော်လီဘောအားကစားနည်း အဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ မြန်မာပြည်သူတစ်ရပ်လုံးနှင့် ဘော်လီဘောပရိသတ်များ နိုင်ငံတကာ အဆင့်အတန်းနှင့် လက်ရှိမြန်မာ့အဆင့်အတန်းကို ချိန်ထိုးတွက်ဆကြည့်ရှု၍ ဘော်လီဘော အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အထောက်အကူကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲကြီးအား အဆင်ပြေချောမွေ့စွာ ပြီးမြောက်နိုင်ရေးအတွက် ဆပ်ကော်မတီအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်များမှလည်း အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြိုင်ပွဲဝင်နိုင်ငံအသင်းများ၊ ဒိုင်ဂျူရီများအတွက် တည်းခိုနေထိုင်ရေး၊ ဆုတံဆိပ်ချီးမြှင့်နိုင်ရေး စီမံထားရှိမှုများကို လည်းကောင်း၊ ပြန်ကြားရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီနှင့် ကျန်းမာရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူတို့က ရှင်းလင်းဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်၍ နိဂုံးချုပ်ပြောကြားသည်။

အဆိုပါ(၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဩဂုတ် ၂ ရက်မှ ၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ပွဲရုံ (B) ၌ မြန်မာ့လက်ရွေးစင်(က)နှင့်(ခ)အသင်း၊ နယူးဇီလန်၊ ထိုင်း၊ ဗီယက်နမ်တို့ပါဝင်သော အမျိုးသားပြိုင်ပွဲနှင့် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်အသင်းများ ပါဝင်သော အမျိုးသမီးပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုလဲသွယ်(စပ်မျိုး)မျိုးစပါး သိပ္ပံနည်းကျပျိုးထောင်မှု ကွင်းဆင်းဆောင်ရွက်

ကွမ်းလုံ ဇူလိုင် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ ပုလဲသွယ်(စပ်မျိုး) မျိုးစပါး ရာသီအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားရှိမှုအခြေအနေကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးငွေလွင်နှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသိန်းဇော်လွင်တို့သည် တစ်ဆက်တစ်စပ်တည်း ပုလဲသွယ် ဧက ၅၀ စိုက်ပျိုးရန်အတွက် ကွင်းအမှတ်(၁၂)၊ ဦးပိုင်အမှတ်(၆၅)၊ တောင်သူ ဦးရန်စံယွီး၏ လယ်မြေ၌ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ထားရှိမှုအခြေအနေအား ကွင်းဆင်းဆောင်ရွက်အားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်	ရွှေဈေး	၆၇၇၀၀၀ - ၆၇၈၀၀၀		
မန္တလေး	ရွှေဈေး	၆၇၇၀၀၀ - ၆၇၈၀၀၀		

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၂၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၄. ၃
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၆. ၆၈
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၁၉၆
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၄. ၆၁
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၁၅၀
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၉. ၇၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၁၅၄
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၈. ၁၆
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၂. ၀၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း





မြည်ရှင်းရေးရာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Baek, Seung Joo အား လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိများ တက်ရောက်ကြပြီး ကိုးရီးယားသမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee, Baek Scon ၊စစ်သံမှူး Colonel Choi, Shin II နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် သမိုင်းကြောင်းအရ နှစ်နိုင်ငံနယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး တိုးမြှင့်မှုဆိုင်ရာများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖော်ဆောင်ရေး ပြုပြင်ပြောင်းလဲမှုများတွင် တပ်မတော်၏ ရပ်တည်လုပ်ဆောင်နေမှုများကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး Mr. Baek,Seung Joo တို့သည် အဖွဲ့ဝင်များနှင့် အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(ယာပုံ)**

(မြဝတီ)

ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

ပဲခူး ဇူလိုင် ၁၈

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တော ဦးစီးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်း သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများကို အရှိန်အဟုန်မြှင့်ဖမ်းဆီးဖော်ထုတ်အရေးယူလျက်ရှိသည်။

ဇူလိုင် ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးဆောင်သည့် သစ်တောဝန်ထမ်းများသည် မြို့နယ်အတွင်း တရားမဝင်သစ်ဖမ်းဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အင်္ဂရာပြည့် ကျေးရွာမြောက်ဘက်နေရာမှ တရားမဝင်ကျွန်းသစ်သုံးလုံးအား ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။ ပဲခူးခရိုင် တရားမဝင် သစ်ဖမ်းဆီးရေး စစ်ကြောင်းမှလည်း ပဲခူးမြို့နယ် ဉယျာဉ်စုရွာအထက်ဘက် ပဲခူးချောင်းတွင်းနေရာမှ တရားမဝင် ကျွန်းခွဲသား ၁၄ ချောင်း တစ်တန်ကျော်၊ ထားဝယ်တံတားအထက်ဘက်နေရာမှ တရားမဝင်ကျွန်းသစ်လုံး ၁၁ လုံး လေးတန်ခွဲနှင့် ဒက္ခိဏခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သည့် စစ်ကြောင်းမှလည်း တောင်ငူခရိုင် ရေတာရှည်မြို့နယ်အတွင်းမှ တရားမဝင် တမလန်း/ကျွန်းသစ် တစ်တန်ကျော်တို့အား ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဇူလိုင် ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် ရွှေဘိုမြို့နယ်ရဲစခန်းရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေဘိုမြို့နယ် မြောင်းကြီးကျေးရွာ တန်ပိုဂိတ်အနီးမှ မန္တလေးတိုင်းဒေသကြီးပုသိမ်ကြီးမြို့နယ် ဦးဇော်မျိုးသန်း မောင်းနှင်လာသော ယာဉ်အမှတ် ၂၈/----ပေါ်မှ တရားမဝင် တမလန်းခွဲသား ၅၇ ချောင်း ငါးတန်ခွဲကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဇူလိုင် ၁၆ ရက်တွင် ပဲခူးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့မှ ကျောက်တံခါးမြို့နယ် ကျောင်းစိုးကျေးရွာနေ ဦးလေးမောင်၏ ခြံဝင်းအတွင်းမှ တရားမဝင်သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ပြီး တရားခံအား သစ်တောဥပဒေပုဒ်မ ၄၂(ဂ) အရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သစ်တောရေးရာ)

ရွှေဘိုမြို့နယ် မြောင်းကြီးကျေးရွာ တန်ဘိုဂိတ်အနီးမှ သိမ်းဆည်းရမိသော တရားမဝင် တမလန်းသစ်ခွဲသားများကို တွေ့ရစဉ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်အေး၊ ဒေါက်တာကျော်ကျော်ဌေး၊ ဦးစိုးဦး၊ ဦးသန်းထွန်း၊ ဦးမန်းမောင်မောင်ညာဏ်နှင့် ဦးငွန်မောင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူး၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးကျော်သူက ဦးစီးဌာနများမှ ဝန်ထမ်းများ စိုက်ပျိုးမည့် ပျိုးပင်များကို တာဝန်ရှိသူများထံပေးအပ်ပြီး သတ်မှတ်နေရာ၌ အထိမ်းအမှတ် ရတနာတန်းဝင်ကျွန်းပင်ကိုစိုက်ပျိုးပေးသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် နှစ်ရှည်သီးနှံပင်များ၊ အရိပ်ရလေကာပင်များနှင့် ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လှည့်လည်ကြည့်ရှုအားပေးကြကာ ဝန်ထမ်းသက်သာသစ်သီးဝလံနှင့် ရာသီသီးနှံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယခုစိုက်ပျိုးသည့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲ၌ ကျွန်း၊ ငုစပ်၊ ပိတောက်၊ စိန်ပန်းနီနှင့် စိန်ပန်းဝါ စသော နှစ်ရှည်ပင်များအပါအဝင် ပန်းအလှပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၆၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်းနှင့် ယခင်နှစ်များက စိုက်ပျိုးရှင်သန်ဖြစ်ထွန်းလျက်ရှိသော သစ်ပင်၊ ပျိုးပင်များအနက် မြေတောင်မြှောက်ပေးရန် လိုအပ်သောသစ်ပင်များအား မြေတောင်မြှောက်ပေးခြင်း၊ မြေဩဇာကျွေးခြင်းနှင့် ချုံနွယ်များ ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာစာထူးချွန်သူများအား ဂုဏ်ပြု

မအူပင် ဇူလိုင် ၁၈

မအူပင်ခရိုင် မအူပင်မြို့နယ် မြန်မာစာပေချစ်မြတ်နိုးသူများအသင်းမှ ၂၀၁၄ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးသင်ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ၂၀၁၄ ခုနှစ် ပညာသင်နှစ် တက္ကသိုလ် စာမေးပွဲတွင် ဂုဏ်ထူးသင်ဆရာမ သုံးဦးနှင့် မြန်မာစာဂုဏ်ထူးဖြင့် ထူးချွန်သည့် ကျောင်းသား ကျောင်းသူ ၁၁ ဦးအား မြန်မာစာပေချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ ဦးကျင်ဝင်း(ကျင်ဝင်းငြိမ်း-မအူပင်)နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ ငွေသားဆုများကို ချီးမြှင့်ကြောင်း သိရသည်။

အောင်ခိုင်(ပြန်/ဆက်)

လူမှုသိပ္ပံသင်ရိုးညွှန်းတမ်းဆိုင်ရာ လုပ်ငန်းအဖွဲ့စည်းဝေး

နေပြည်တော် ဇူလိုင် ၁၈

Open Society Foundations (OSF) နှင့် ရန်ကုန်တက္ကသိုလ် တို့စီစဉ်မှုဖြင့် လူမှုသိပ္ပံသင်ရိုးညွှန်းတမ်းဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်သူနှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းတို့က ရန်ကုန်တက္ကသိုလ်၏ဖွဲ့စည်းပုံနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး OSF မှ Senior Programme Manager Mr. Oleksandr Shtokvych က မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေး ပြုပြင်ပြောင်းလဲမှုတွင် OSF ၏ ပါဝင်မှုများကို ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် ဥပဒေ၊ နိုင်ငံရေးသိပ္ပံ၊ သတင်းအတတ်ပညာနှင့် လူမှုရေးဗေဒဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို အမေရိကန်၊ ဗြိတိန်၊ စင်ကာပူ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ တရုတ်နှင့် ဩစတြီးယားနိုင်ငံ တက္ကသိုလ်များနှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် အမျိုးသားပညာစီမံခန့်ခွဲမှုပညာကောလိပ်တို့မှ ပါမောက္ခများ၊ သုတေသီပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးကို ဇူလိုင် ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အစ္စရေးက ဂါဇာမြေပြင်ထိုးစစ် အရှိန်မြှင့် ပါလက်စတိုင်း ၂၃ဦး၊ အစ္စရေးတစ်ဦး သေဆုံး

ဂျေရုဆလင် ဇူလိုင် ၁၈

အမြောက်များ၊ တင့်ကားများ၊ ခြေလျင်တပ်များ အသုံးပြု၍ ပစ်မှတ်များကို တိုက်ခိုက်လျက် အစ္စရေးတပ်မတော်သည် ဂါဇာမြေပြင်ထိုးစစ်ကို သောကြာနေ့စောစောပိုင်းတွင် အရှိန်မြှင့်တင်လိုက်သည်။ ပါလက်စတိုင်းလူဦးရေ ၁ ဒသမ ၈သန်း ထူထပ်စွာနေထိုင်သော ကမ်းမြောင်ဒေသကို ကြာသပတေးနေ့ အစ္စရေးတို့ မြေပြင်ထိုးစစ်စတင်ချိန်မှစ၍ ပါလက်စတိုင်း ၂၃ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း ပါလက်စတိုင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။ အစ္စရေးက တိုက်ပွဲများအတွင်း ၎င်းတို့၏ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း ကြေညာသည်။

မြေထဲပင်လယ်ကမ်းလွန်ရှိအစ္စရေး စစ်သင်္ဘောများမှ အမြောက်များ၊ ထရေဇာကျည်ဆန်များဖြင့် ပစ်ခတ်ခြင်း၊ ရဟတ်ယာဉ်များက နယ်စပ်ဖြတ်ကျော် ပစ်ခတ်ခြင်းတို့ကြောင့် ဂါဇာကမ်းမြောင် အရှေ့ပိုင်း၌ မီးလောင်လျက်ရှိသည်။

ဟားမတ်စ် စစ်သွေးကြွများကလည်း အစ္စရေးနိုင်ငံတောင်ပိုင်းမြို့များဖြစ်သော အက်ရှ်ဒေါ့နှင့် အက်ရှ်ကီလွန်တို့ကို ဒုံးကျည်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်။

အစ္စရေးတပ်မတော်က ထုတ်လွှင့်ပြသသော ဗီဒီယိုတွင် တင့်ကား ခြောက်စီးသည် ဂါဇာအတွင်းသို့ ဝင်ရောက်လာပုံ၊ တပ်ဖွဲ့ဝင်တစ်ဦးက နယ်စပ်ခြံစည်းရိုးတံခါးကို ဖွင့်ပေးပုံနှင့် ခြေလျင်တပ်ဖွဲ့ဝင် စစ်ကြောင်းနှစ်ကြောင်းကို တွေ့ရသည်။

အစ္စရေးအစိုးရက ၎င်းတို့၏ စစ်ဆင်ရေးသည် စစ်သွေးကြွများ အသုံးပြုသော မြေအောက် လိုဏ်ခေါင်းများကို ဖျက်ဆီးရုံသာဖြစ်ပြီး ဂါဇာအား ထိန်းချုပ်ထားသော ဟားမတ်စ်အဖွဲ့ကို ဖယ်ရှားရန် ရည်ရွယ်ချက်မရှိကြောင်း အရိပ်အမြွက်ပြသခဲ့သည်။

ဟားမတ်စ်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဆာမီအဘူဆူရီက ၎င်းတို့သည် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟူကို ယခုကဲ့သို့ မိုက်မဲသော လုပ်ရပ်များအတွက် နောက်ဆက်တွဲ အသက်ဆုံးရှုံးမှု ဆိုးကျိုးများဖြစ်လာမည်ဟု သတိပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ဇူလိုင် ၈ရက်နေ့မှ စတင်ခဲ့သော တိုက်ပွဲများအတွင်း ပါလက်စတိုင်း ၂၅၁ ဦးသေဆုံးခဲ့ရာ အများစုမှာ အရပ်သားများဖြစ်ကြသည်။

ပါလက်စတိုင်းစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ပီတာလားနားက ဂါဇာအတွင်း ပါလက်စတိုင်း စစ်သွေးကြွများနှင့် အပြန်အလှန်ပစ်ခတ်ကြကြောင်း၊ ဒုံးပစ်လောင်ချာ ၂၀ခုကို ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ စစ်သွေးကြွ ၁၄ ဦး သေဆုံးခဲ့ကြောင်း ပြောကြားသည်။

ဂါဇာ၏ ဘစ်ဟားနောင်းမြို့တွင်းသို့ ဝင်ရောက်ရန် ကြိုးစားကြသော အစ္စရေးတို့ကို ၎င်းတို့၏ တိုက်ခိုက်ရေးသမားများက တွန်းလှန်နိုင်ခဲ့ကြောင်း၊ အစ္စရေးတပ်ဖွဲ့ဝင် ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဟားမတ်စ်က ပြောသည်။ နှစ်နှစ်တာကာလအတွင်း အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား အဆိုးရွားဆုံး တိုက်ပွဲများ ဖြစ်သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၎င်းအရေးကို သောကြာနေ့တွင် ဆွေးနွေးကြမည်ဖြစ်သည်။

အစ္စရေးက မြေပြင်ထိုးစစ်ဆင်နွှဲမည့် ကြေညာချက်ထုတ်ပြန်ပြီးနောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းက အရပ်သားများ အသက်ဆုံးရှုံးနေခြင်းကို ရပ်တန့်ပါရန် အစ္စရေးနိုင်ငံကို မေတ္တာရပ်ခံခဲ့သည်။

ကုလသမဂ္ဂက ပါလက်စတိုင်းတို့ စားနပ်ရိက္ခာများ ရှာဖွေရယူနိုင်ရန်အတွက် တောင်းဆိုခဲ့သော အပစ်အခတ်ရပ်စဲရေး အချိန်ငါးနာရီ ကုန်ဆုံးသောအခါ တိုက်ပွဲများ ပြန်လည်စတင်ဖြစ်ပွားခဲ့သည်။ **ရိုက်တာ။**

မြေပြင်ထိုးစစ်ဆင်နွှဲရန် အစ္စရေးတပ်ဖွဲ့ဝင်များ ပြင်ဆင်ဆောင်ရွက်ကြစဉ်။

ပြင်သစ်သမ္မတ၏ အာဖရိကခရီးစဉ်

ပါရီ ဇူလိုင် ၁၈

လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများ ကြီးစိုးနေသည့် အနောက်အာဖရိကဒေသသို့ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်း၏ သုံးရက်တာခရီးစဉ်ကို စတင်လိုက်ပြီဖြစ်သည်။ ယင်းခရီးစဉ်သည် အဆိုပါဒေသ၌ ပြင်သစ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အားဖြည့်ပေးရန်ရည်ရွယ်သည်။

ပြင်သစ်သမ္မတ၏ အနောက်အာဖရိကခရီးစဉ်၏ ပထမဆုံး ခရီးတစ်ထောက်အဖြစ် အိုင်ဗရီကို့စ်နိုင်ငံသို့ ရောက်ရှိလာသည်။ ၎င်းနှင့်အတူ ပြင်သစ်စီးပွားရေး လုပ်ငန်းရှင် ၅၀ ခန့်လည်း လိုက်ပါလာခဲ့သည်။

အိုင်ဗရီကို့စ်နိုင်ငံသည် ပြင်သစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်း ကုမ္ပဏီများစွာ လာရောက် လုပ်ကိုင်လျက်ရှိပြီး ယင်းနိုင်ငံသည် အာဖရိကတိုက်၌ ပြင်သစ်နိုင်ငံ၏ အကျိုးစီးပွားအများဆုံး ရင်းနှီးမြှုပ်နှံရာဒေသဖြစ်သည်။

ဘီဘီစီ။

အမျိုးသမီး သီးသန့်တွဲများ ထိုင်းတွင် ပြေးဆွဲမည်

ဗန်ကောက် ဇူလိုင် ၁၈

ဩဂုတ် ၁ရက်မှစ၍ အမျိုးသမီးများ သီးသန့်စီးနင်းနိုင်မည့် ရထားတွဲများ ချိတ်ဆွဲမောင်းနှင်သွားမည် ဖြစ်ကြောင်း ထိုင်းနိုင်ငံပိုင် ရထားပို့ဆောင်ရေးဌာနက ဇူလိုင် ၁၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ယင်းသို့ အမျိုးသမီးများ သီးသန့်စီးနင်းလိုက်ပါနိုင်သည့် သီးသန့်ရထားတွဲများ ချိတ်ဆွဲမောင်းနှင်မှု အစီအစဉ်ဖြစ်ပေါ်လာရခြင်းမှာဇူလိုင်လအစောပိုင်းက ညရထားတစ်စင်းပေါ်တွင် မုဒိမ်းကျင့် လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့ခြင်းမှ အစပြုခဲ့ခြင်းဖြစ်သည်။

ယင်းသီးသန့်ရထားတွဲများပေါ်၌ အမျိုးသမီးများနှင့် အသက် ၁၀နှစ်အောက်ကလေးသူငယ်များသာစီးနင်းခွင့် ရှိမည်ဖြစ်သည်။ ထိုင်းနိုင်ငံ မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများ၌ ညဘက်ခုတ်မောင်းသောရထားများ၌ သီးသန့်တွဲများ ချိတ်ဆွဲပေးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဇူလိုင် ၈ရက်ညက ထိုင်းနိုင်ငံ တောင်ပိုင်း နာခွန်ဆီသန်မာရက် ပြည်နယ်မှ မြို့တော် ဗန်ကောက်သို့ ခုတ်မောင်းပြေးဆွဲသည့် ညရထားတစ်စင်းပေါ်၌ ၁၃နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအား ယင်းရထားလုပ်ငန်းမှ ဝန်ထမ်းတစ်ဦးက အဓမ္မပြုကျင့်ခဲ့ပြီး သတ်ဖြတ်မှုကျူးလွန်ခဲ့သည်။ ထိုင်းရထား လုပ်ငန်းအပေါ် ခရီးသည်များ၏ ယုံကြည်မှုပြန်လည်ရရှိရေးအတွက် အမျိုးသမီးများသာ သီးသန့်စီးနင်းနိုင်မည့် အစီအစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ခြင်းဖြစ်သည်။ **ဘီဘီစီ။**

ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု အမေရိကန်အစိုးရအဖွဲ့ ထုတ်ပြန်ကြေညာ

ဝါရှင်တန် ဇူလိုင် ၁၈

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ရုရှားနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့သည့် အမိန့်များကို ထုတ်ပြန်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံအပေါ် ချမှတ်ဖူးသမျှ ပိတ်ဆို့အရေးယူမှုများအနက် အပြင်းထန်ဆုံး အရေးယူမှုဖြစ်ကြောင်း၊ ယူကရိန်းနိုင်ငံ၌ ဖြစ်ပေါ်နေသော ပဋိပက္ခကို ထိန်းချုပ်နိုင်ရန် ယင်းနိုင်ငံ ပျက်ကွက်ခြင်းကြောင့် အမေရိကန်အစိုးရက ဒဏ်ခတ်မှုပြုလုပ်ရခြင်းဖြစ်ကြောင်းတာဝန်ရှိသူများကပြောကြားကြသည်။

အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုခံရသော ကုမ္ပဏီကြီးများတွင် ရုရှားနိုင်ငံ၏ အကြီးဆုံးသော ရေနံထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ရိုစနက်ဖ်ကုမ္ပဏီပါဝင်သည်။ ၎င်းပြင် ဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်း၏ ဒုတိယအကြီးဆုံး နိုဗာတက်ကုမ္ပဏီ၊ စွမ်းအင်လုပ်ငန်းဆိုင်ရာ ဘဏ်လုပ်ငန်းဖြစ်သော ဂက်စ်ပရွန်ဘဏ်တို့သည်လည်း အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုနှင့် တွေ့ကြုံရမည်ဖြစ်သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် နီးစပ်မှုရှိသော ထိပ်တန်းကုမ္ပဏီကြီးများနှင့် ဘဏ်လုပ်ငန်းများကို အမေရိကန်က အရေးယူခြင်းဖြစ်သည်။ ရုရှားနိုင်ငံ၏ စွမ်းအင်လုပ်ငန်းအတွက် နိုင်ငံတကာနှင့် ငွေပေးငွေယူပြုလုပ်ရာတွင် ဝန်ဆောင်မှုပေးနေသည့် ဂက်စ်ပရွန်ဘဏ်နှင့် ဗီနက်ဟီကိုနွမ်ဘဏ်တို့ကို အမေရိကန်က ပစ်မှတ်ထားသည်။

ရုရှားနိုင်ငံရှိ လက်နက်ထုတ်လုပ်ရေးကုမ္ပဏီ ရှစ်ခုကိုလည်း အမေရိကန်က အရေးယူပိတ်ဆို့မည်ဖြစ်ပြီး ယင်းကုမ္ပဏီများတွင် ကလက်ရှနီကော့ဗ်တိုက်ခိုက်ရေး ရိုင်ဖယ်သေနတ် ထုတ်လုပ်သည့် ကုမ္ပဏီလည်း ပါဝင်သည်။

ရုရှားနိုင်ငံ၏ ဝင်ငွေအရင်းအမြစ်ကြီးဖြစ်သော စွမ်းအင်ကုမ္ပဏီများကို အမေရိကန်က စီးပွားရေးအရ ပိတ်ဆို့သွားမည်ဖြစ်သည်။

သမ္မတ ပူတင်သည် ယူကရိန်းပဋိပက္ခကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် ကြိုးပမ်းအားထုတ်ခြင်း မရှိသဖြင့် အရေးယူဒဏ်ခတ်ရခြင်းဖြစ်ကြောင်း သမ္မတအိုဘားမားက ပြောကြားခဲ့သည်။

ရိုက်တာ။

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ရေနံသိုလှောင်ကန်များကို တွေ့ရစဉ်။

အမျိုးသားလုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း ဩစတြေးလျအစိုးရ ကာကွယ်ပြောကြား

အမေရိကန်အစိုးရ၏ သူလျှိုလုပ်မှုကို ဖွင့်ချခဲ့သူ အက်ဒွပ်စနိုဒင်အား တွေ့ရစဉ်။

ဆစ်ဒနီ ဇူလိုင် ၁၈

ဩစတြေးလျအစိုးရအဖွဲ့က ပါလီမန်ထံတင်သွင်းခဲ့သောလုံခြုံရေးဆိုင်ရာ ဥပဒေသစ်သည် သတင်းထောက်များအား ထိခိုက်စေလိုသော ရည်ရွယ်ချက် မရှိကြောင်း၊ သတင်းထောက်များသာမက ပြည်သူများပါ ယင်းဥပဒေနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများမရှိသင့်ကြောင်း ဩစတြေးလျအထက်တန်းတာဝန်ရှိသူတစ်ဦးက ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။

ဩစတြေးလျ လုံခြုံရေးဆိုင်ရာ ထောက်လှမ်းရေးအဖွဲ့ (အေအက်စ်အိုင်အို)၏ အခွင့်အာဏာများကို မြှင့်တင်နိုင်ရန် ဖော်ပြထားသည့် ဥပဒေကြမ်းတစ်ရပ်ကို ပါလီမန်ထံ ဇူလိုင် ၁၆ ရက်က တင်သွင်းခဲ့သည်။

အဆိုပြုတင်ပြလိုက်သော ဥပဒေကြမ်းအရဩစတြေးလျနိုင်ငံ၏အထူးထောက်လှမ်းရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဖွင့်ဟရေးသားပါက ယင်းသို့ရေးသားသူ သတင်းထောက်များအနေဖြင့် ပြစ်ဒဏ်ချမှတ်ခံရနိုင်ကြောင်း ဖော်ပြထားသည်။

ဩစတြေးလျရှေ့နေချုပ်က ပါလီမန်ထံတင်သွင်းခဲ့သော ဥပဒေကြမ်းသည် အက်ဒွပ်စနိုဒင်ပုံစံမျိုးဖြင့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ လျှို့ဝှက်ချက်ကြီးများကို ထုတ်ဖော်ဖွင့်ချသူအား အရေးယူနိုင်ရန် ရည်ရွယ်သည်ဟု ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။ အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ၌ လုပ်ကိုင်ခဲ့သော စနိုဒင်သည် အမေရိကန်အစိုးရအဖွဲ့၏ အထူးထောက်လှမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ မီဒီယာများအား ဖွင့်ချခဲ့ရာ အမေရိကန်နှင့် ကမ္ဘာ့နိုင်ငံများအကြား တင်းမာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

မိမိတင်သွင်းခဲ့သော ဥပဒေကြမ်းသည် အမျိုးသားလုံခြုံရေးဆိုင်ရာ ထောက်လှမ်းရေးအဖွဲ့၏ အခွင့်အာဏာများကို တိုးမြှင့်ပေးရန်သာ ရည်ရွယ်ပြီး သတင်းထောက်များအတွက် စိုးရိမ်စရာ အကြောင်းမရှိကြောင်း ရှေ့နေချုပ် ဂျော့ချ်ဘရန်ဒစ်စ်က ပြောကြားသည်။

ရိုက်တာ။

၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀ ။)

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင်-

(က) ပုဒ်မ ၁၊ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) ဤဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် အာဏာတည်စေရမည့်အပြင် အလုပ်အမျိုးအစား၊ လုပ်ငန်းအမျိုးအစား၊ အလုပ်ဌာနအမျိုးအစား အားလုံးနှင့် သက်ဆိုင်စေရမည်။"

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) **ခွင့်ရက်** ဆိုရာတွင် လုပ်သက်ခွင့်ရက်၊ ရှောင်တခင်ခွင့်ရက်၊ ဆေးလက်မှတ်ခွင့်ရက်နှင့် မီးဖွားခွင့်ရက်တို့ ပါဝင်သည်။"

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၄) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၄) **အလုပ်သမား**ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမားနှင့် အမြဲတမ်းအလုပ်သမားအပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင် ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ မိမိ၏လုပ်အားအပေါ် အားကိုးအားထားပြုလုပ်ကိုင်နေသူကိုဆိုလိုသည်။ သို့ရာတွင် အောက်ပါတို့ မပါဝင်ချေ"

(က) ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကိုယ်ပိုင်အလုပ်ဌာနလုပ်နေသည့် အလုပ်ရှင်ဖြစ်လျှင် ထိုအလုပ်ရှင်၏ မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ညီအစ်ကို (အရင်း)၊ ညီအစ်မ (အရင်း)နှင့် မောင်နှမအရင်းများ၊

(ခ) အလုပ်ကဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းကဖြစ်စေ သို့မဟုတ် စီးပွားရေးလုပ်ငန်းကဖြစ်စေ၊ အလုပ်ဌာနကဖြစ်စေရရှိသော အမြတ်အစွန်းထဲမှ အခကြေးငွေကို မိမိ၏ဝေစုအဖြစ်ဖြင့်ရရှိသူများ၊

(ဂ) ထမင်းချက်၊ အိမ်သန့်ရှင်းရေး၊ ကလေးထိန်းနှင့်အစောင့်၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အကြောင်းအားလျော်စွာ အခကြေးငွေနှင့် သော်လည်းကောင်း၊ လစာငွေနှင့် သော်လည်းကောင်းပေးရန်ပြဋ္ဌာန်းထားသည့် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များရရှိသော နိုင်ငံ့ဝန်ထမ်းများ၊"

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၇) ၌ပါရှိသော "မှတ်ပုံဝင်ဆရာဝန်"ဆိုသည့် စကားရပ်ကို"မှတ်ပုံတင်ဆရာဝန်"ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊"မြန်မာနိုင်ငံဘဏ္ဍာရေးဆိုင်ရာအက်ဥပဒေ"ဆိုသည့် စကားရပ်ကို "မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "တည်ဆဲတရားဥပဒေ တစ်ရပ်ရပ်"ဆိုသည့် စကားရပ်ကို "တည်ဆဲဥပဒေတစ်ရပ်ရပ်"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "နိုင်ငံတော်သမ္မတ"ဆိုသည့် စကားရပ်ကို "ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

(င) ပုဒ်မ ၂၊ ပုဒ်မခွဲ (၈) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(၈) **အလုပ်ပိတ်ရက်** ဆိုသည်မှာ ရက်သတ္တပတ်အလုပ်ပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်တို့ကိုဆိုသည်။"

၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ(၂) နှင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁) တို့၌ ပါရှိသော "အများအလုပ်ပိတ်ရက်" ဆိုသည့် စကားရပ်ကို "အများပြည်သူအလုပ်ပိတ်ရက်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(၁) ၌ပါရှိသော "ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အစိုးရရုံးများအတွက် ရုံးပိတ်ရက်များ"ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ကအမိန့်ကြော်ငြာစာဖြင့် နှစ်စဉ်ထုတ်ပြန်ကြေညာသည့် အများပြည်သူအလုပ်ပိတ်ရက်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(၃)၏ နောက်တွင် ပုဒ်မခွဲ(၄)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၄) အလုပ်ရှင်သည် အလုပ်သမားများအတွက် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးတစ်ရက်ကို အခကြေးငွေ သို့မဟုတ် လစာငွေအပြည့်ဖြင့် အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်၍ ခွင့်ပြုပေးရမည်။"

၆။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(၂) ၌ ပါရှိသော "မှတ်ပုံဝင်ဆရာဝန်"ဆိုသည့် စကားရပ်ကို "မှတ်ပုံတင်ဆရာဝန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (၃)ကို ပယ်ဖျက်ရမည်။

၈။ ၁၉၅၁ ခုနှစ်၊ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၇ ၏နောက်တွင် ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၇-က။ ကိုယ်ဝန်ဆောင်အမျိုးသမီးအလုပ်သမားများအားမီးမဖွားမီရက်သတ္တပတ်ခြောက်ပတ်နှင့်မီးဖွားပြီး ရက်သတ္တပတ်ရှစ်ပတ်ကို သက်ဆိုင်ရာအခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ မီးဖွားခွင့်ရက်အဖြစ်ဖြင့် ခွင့်ပြုရမည်။ မီးဖွားခွင့်ရက်ကို ဆေးလက်မှတ်ခွင့်ရက်နှင့် ဆက်စပ်ခံစားခွင့်ပြုနိုင်သည်။"

၉။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ၁၂၊ ပုဒ်မခွဲ (၂)၌ ပါရှိသော"နိုင်ငံတော်သမ္မတ"ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး"ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၀။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ၁၃ ၌ ပါရှိသော "နိုင်ငံတော်သမ္မတသည်"ဆိုသည့်စကားရပ်ကို "အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်"ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၁။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၁၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည်-

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။"

၁၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ(၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၈) ပါ ဇယားကိုပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေး စနစ်ကိစ္စ ဆွေးနွေးညှိနှိုင်း

ရန်ကုန် ဇူလိုင် ၁၈

လက်ရှိကျင့်သုံးလျက်ရှိသော တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးစနစ် ပြောင်းလဲကျင့်သုံးရေးနှင့်စပ်လျဉ်း၍ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အကြံပေးအဖွဲ့ဝင် ပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်မြို့ပေါ်ရှိ ဝန်ကြီးဌာနအသီးသီး၏ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ ပါဝင်တက်ရောက်သောညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရာတွင် လက်ရှိ ကျင့်သုံးနေသော တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးစနစ်ကို လက်ရှိအတိုင်း ဆက်လက်ကျင့်သုံးရန်၊ နောင်လာမည့်ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးစနစ် ပြုပြင်ကျင့်သုံးရေးအတွက် ရည်မှန်းချက်ထား၍ ဆောင်ရွက်ရန်၊ နောင်နှစ်တွင် ပြင်ဆင်မည့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးစနစ် အသေးစိတ်လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များက အသေးစိတ်ရေးဆွဲရန်နှင့် ပြည်သူလူထုကို ကြိုတင်၍ media အသီးသီးမှ တစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်ရန် ညှိနှိုင်းရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုနေ့သည် မိုးဖွဲကလေးများမြိုင်ကာ ဖြိုင်ဖြိုင်ရွာသွန်းလျက်ရှိပါ၏။ စာရေးသူတို့ငယ်စဉ်အခါက ဖြစ်ပါသည်။ အလွန်မှ ဝမ်းနည်းကြေကွဲတမ်းတရ၊ လွမ်းဆွတ်ရသောနေ့ဖြစ်ပါသည်။

(၁၉)ဇူလိုင် လွမ်းမိုးလျှိုင်သည် . . .

ရွှေတိုင်လွင်

မြန်မာနိုင်ငံကို လွတ်လပ်ရေး တစ်နှစ်အတွင်းရစေမည်ဟူသော ကြွေးကြော်သံအတိုင်း ကြိုးပမ်းအားထုတ်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းပြုပြည်ပြု လွှတ်တော်အဖွဲ့ဝင်မျိုးချစ်ခေါင်းဆောင်ကြီးများ အတွင်းဝန်ရုံးအတွင်း၌ (ယခင်ဝန်ကြီးများရုံး) ဆွေးနွေးအကြံပြု အစည်းအဝေးပြုလုပ်စဉ် နယ်ချဲ့လက်ပါးစေများက ရက်စက်ကြမ်းကြုတ်စွာ သေနတ်များဖြင့် ဝင်ရောက်ပစ်ခတ်မှုကြောင့် အမျိုးသားဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ကိုးဦးတို့မှာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီမိနစ် ၄၀ အချိန်တွင် ရင်နင့်ဖွယ်ရာအဖြစ်ဆိုးဖြင့် ကျဆုံးခဲ့ရပါသည်။ ထိုနေ့ထိုရက်ရောက်တိုင်း မိုးပေါက်မိုးစက်ကလေးများ တဖွဲဖွဲစွတ်စိုလျက်ရှိသည့်အချိန် မြန်မာ့အသံမှ ရေဒီယိုသီချင်းကလည်း လွမ်းစိတ်ကို မဖြေသာနိုင်အောင် လွှင့်ပျံ့လျက်ရှိနေသည်။ မြန်မာတစ်မျိုးသားလုံးတို့ ကြိမ်မီးအုံးသကဲ့သို့ ပူဆွေးကာ မှိုင်တွေနေကြလေသည်။ သီချင်းသံက "အာဇာနည်နေ့ကိုဖြင့် မမေ့နိုင်ပါပြီ" ဟု လွှင့်ပျံ့လျက်ရှိပြီး သီဆိုသူမှာ အဆိုတော် မေလှမြိုင်ဖြစ်ပါပေမည်။ ပြည်သူတို့က လွမ်းဆွတ်တမ်းတနေသည့်အချိန်၊ အဆိုတော်က အလွမ်းကိုဖော်ကျူးကာ သီဆိုလိုက်သောကြောင့် စာရေးသူ၏အဘိုးက ငေးမှိုင်ရင်း ထိုနေ့က ဗိုလ်ချုပ်တို့ကျဆုံးတယ်လို့ကြားတော့ စိတ်မှာ ဖော်မပြနိုင်အောင်ဖြစ်မိပြီး လက်ထဲမှ အလုပ်များကိုတောင် မလုပ်တော့ဘဲ ကြောင်သက်သက်ဖြစ်နေကြောင်း၊ အဘွားလုပ်သူကလည်း မျက်ရည်ကလေးအဝိုင်းသားနှင့် ဗိုလ်ချုပ်တို့ကျဆုံးပုံ ပြန်ပြောပြသည်။ အဘိုးလုပ်သူက ဗိုလ်ချုပ်ကျဆုံးတော့ အသက် (၃၂)နှစ်သာရှိသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် တက္ကသိုလ်ပညာပင် ပြီးပြတ်အောင် မသင်ကြားနိုင်ခဲ့၊ နယ်ချဲ့လက်အောက်က လွတ်မြောက်ရန်အတွက် ရဲဘော်သုံးကျိပ်ဖွဲ့စည်း၊ ဂျပန်ပြည်တွင် စစ်ပညာသင်၊ မြန်မာပြည်ကို ပြန်လာပြီး နယ်ချဲ့ကိုတွန်းလှန်၊ တစ်ဖန်ဆက်လက်လုပ်ဆောင်ရန်ကိစ္စများနှင့် ဗိုလ်ချုပ်မှာ အိပ်ကောင်းခြင်း၊ စားကောင်းခြင်း မရှိခဲ့ရ၊ ကျဆုံးသွားတော့လည်း သူပိုင်တာဆိုလို့ မည်မည်ရရဘာမှ မရှိ၊ နေ့မအား ညမနား သားပစ်၊ မယားပစ်တိုင်းပြည်ကို ကယ်တင်ဖို့အဓိကဆိုပြီး ကြိုးပမ်းဆောင်ရွက်နေသည့်အချိန်တွင် မသမာဆိုးညစ်သည့် လက်ပါးစေတစ်စုတို့၏ လုပ်ကြံမှုကြောင့် အာဇာနည်ကြီးများ ကျဆုံးရပုံတို့ကို မကြာခဏ ပြောပြလေ့ရှိသည်။

ဗိုလ်ချုပ်ဟာ စစ်ရေး၊ နိုင်ငံရေး၊ အမျိုးသားရေး ဘက်ပေါင်းစုံကို ရှုမြင်သုံးသပ်ပြီး သူမတူအောင် စွမ်းဆောင်နိုင်သလို အမျိုးသား ဝံသာနုရက္ခိတစိတ်အလွန်ပြင်းပြလှသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ စံထားရသည့် ခေါင်းဆောင်တစ်ယောက်ဖြစ်ရခြင်းသည် အသက်ငယ်ငယ်နှင့် နိုင်ငံအတွက် ရည်မှန်းချက်အလွန်ကြီးမားခြင်း၊ မြန်မာနိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် အမျိုးသားရေးလုပ်ဆောင်မှုများနှင့် ရဲဘော်သုံးကျိပ်ဖွဲ့စည်းကာ နယ်ချဲ့နှင့် ဖက်ဆစ်တို့ကို မြန်မာ့မြေပေါ်မှ မောင်းထုတ်ပေးနိုင်ခဲ့သည့် စွမ်းရည်များကြောင့်ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ထူထောင်ကြိုးပမ်းခဲ့ပြီး တိုတောင်းသောကာလအတွင်း မြန်မာ့သမိုင်းမှတ်တိုင်ကြီးကို ခိုင်ခိုင်မာမာ ပြန်လည်ထူထောင်ပေးနိုင်ခဲ့ခြင်းတို့သည် တစ်မျိုးသားလုံး ဂုဏ်ယူစရာပင်ဖြစ်ပါသည်။ ယင်းကဲ့သို့ ထူးချွန်ပြောင်မြောက်သော အမျိုးသားခေါင်းဆောင်ကြီးအား ပြည်သူလူထုတစ်ရပ်လုံးက ဘယ်သောအခါမျှ မေ့နိုင်ဖွယ်ရာမရှိသည်မှာ သေချာလှပါတော့သည်။

စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်ကျင့်သိက္ခာအစရှိသည့် လူတို့စောင့်စည်းအပ်သော အရာအားလုံးကိုလည်း ဗိုလ်ချုပ်က တိကျစွာ ပြုမူပြောဆိုနေထိုင်လုပ်ကိုင်ခြင်းမှာလည်း မည်သူမျှလိုက်မမီနိုင်ကြောင်း၊ ဤကဲ့သို့ စည်းကမ်း၊ နည်းလမ်း၊ အကျင့်စာရိတ္တကောင်းသော ခေါင်းဆောင်၏ ဆောင်ရွက်မှုတို့ကား အလွန်မှ အဖိုးထိုက်တန်လှသဖြင့် မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ခဲ့ရပါသည်။

> **ဇူလိုင် ၁၉ ရက်ကို ရောက်လေတိုင်း မိုးဖွဲဖွဲကလေးနှင့် လေယူရာယိမ်းတဲ့ သစ်ပင်တို့နှင့်အတူ ယူကျုံးမရ လွမ်းတသသဖြင့် ရှိနေကြပေသည်**

ပြည်သူလူထုတစ်ရပ်လုံးသည် ကမ္ဘာတည်သရွေ့ မြန်မာတည်ရှိနေသလို ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို တမ်းတမပြေ၊ လွမ်းမိုးတွေဝေကာ လွမ်းမပြေနိုင်ကြဘဲ ရှိနေကြပါပေမည်။ ဇူလိုင် ၁၉ ရက်ကိုရောက်လေတိုင်း မိုးဖွဲဖွဲကလေးနှင့် လေယူရာယိမ်းတဲ့ သစ်ပင်တို့နှင့်အတူ ယူကျုံးမရ လွမ်းတသသဖြင့် ရှိနေကြပေသည်။

ပြည်ထောင်စုတစ်ခုလုံး မျက်ရည်ဖုံးရသောနေ့ရက် အာဇာနည်နေ့သို့ရောက်လေတိုင်း မနေ့တစ်နေ့ ကအဖြစ်မျိုးကဲ့သို့ ပြည်သူတစ်ရပ်လုံး ခံစားကြရပါသည်။ ဇူလိုင်မိုးနှင့်အပြိုင် လွမ်းမိုးကလည်း လျှိုင်နေကြသည်မှာ မြန်မာပြည်သူပြည်သားအားလုံးပင် ဖြစ်ပါကြောင်း အာဇာနည်နေ့ကိုလွမ်းတသသဖြင့် ရေးသားတင်ပြလိုက်ရ ပါသည်။ ။

သုတဘာဏ် စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူး၍ သုတဘာဏ်စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၆ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ဒေါက်တာဦးခင်အေး (မောင်ခင်မင်- ဓနုဖြူ)က "မြန်မာဘာသာစကားတွင် အပြောဟန်နှင့် အရေးဟန်တို့ ကွဲပြားလာမှုကို သမိုင်းဘာသာ ဗေဒအမြင်ဖြင့် လေ့လာ ခြင်း" စာတမ်းနှင့် ဦးစိန်လှိုင်(ကဗျာဆရာ သူရဇော်)က "အချိုးကဗျာနှင့် ဇာတ်သဘင်"စာတမ်းများကို မြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးခန်းမ (၈)လွှာ အမှတ် (၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တွင် ဖတ်ကြားကြမည်ဖြစ်ရာ မည်သူမဆို တက်ရောက် နိုင်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအကျဉ်း

၁၉-၇-၂၀၁၄ (စနေနေ့)

၅း၀၀	ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်	၁း၀၀	"သာမဏေအစ ရာဟုလာက"တရားတော် (အပိုင်း-၁) (ဆီဆုံလေးဆရာတော် ဘဒ္ဒန္တစန္ဒိမာ)
၆း၄၀	MRTV ရုပ်သံဇာတ်လမ်းတွဲ "မိန်းမသားလေးကျွန်မ" (အပိုင်း-၅၃)	၂း၀၀	MRTV-4 သတင်း
၇း၃၀	MRTV-4 သတင်း	၈း၅၈	MRTV ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သော ပျော်ရွှင်မှု" (အပိုင်း-၁၃)
၈း၅၅	MRTV ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သော ပျော်ရွှင်မှု" (အပိုင်း-၁၂)	၉း၃၀	MRTV Stage

လွမ်းတယ်လေ့ လွမ်းတယ်လေ့

※ ယနေ့ထက်တိုင် မမေ့နိုင်
ဇူလိုင်ဆယ့်ကိုး အဖြစ်ဆိုး
ညှိုးတယ်လေ့၊ ညှိုးတယ်လေ့။
※ စွန့်စားကြိုးကုပ်၊ အလုပ်လုပ်
ဗိုလ်ချုပ်အောင်ဆန်း ပြည့်ချစ်ပန်း
လွမ်းတယ်လေ့၊ လွမ်းတယ်လေ့။
※ ရိုးသားကြိုးစား သက်စွန့်သွား
အများချစ်ကြည် အာဇာနည်
ပီတယ်လေ့၊ ပီတယ်လေ့။
※ အာဇာနည်များ သက်စွန့်သွား
ပေးထားခဲ့သေး လွတ်လပ်ရေး
မွေးတယ်လေ့၊ မွေးတယ်လေ့။
※ ရှေ့သို့ချင့်နှိုင်း တို့သမိုင်း
မရိုင်းစေရေး စိတ်သစ်မွေး
မွေးတယ်လေ့၊ မွေးတယ်လေ့။
※ အာဇာနည်အမွေ ချန်ရစ်ပေ
တို့တွေစုပေါင်း အားသစ်လောင်း
ကောင်းတယ်လေ့၊ ကောင်းတယ်လေ့။ ။

ပန်းတောင်းသန်းကြွယ်



လွှတ်တော်ရေးရာ

❋ ပြည်သူ့လွှတ်တော်မှ

ကျောက်တော်(လမ်းမတော်)-မြောက်ဦးလမ်းပိုင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ဖောက်လုပ်လျက်ရှိပြီး လမ်းပိုင်းတွင် ပေ(၇၈၀၀)ခန့်ကျယ်သော ကစ္ဆပနဒီမြစ် တည်ရှိနေသောကြောင့် လောလောဆယ် ကစ္ဆပနဒီတံတားကြီးတည်ဆောက်နိုင်ခြင်းမရှိသေးသဖြင့် ကစ္ဆပနဒီမြစ်၏ တစ်ဖက်ကမ်း လမ်းမတော်ဘူတာမှ စ၍ မြောက်ဦးသို့ ရထားလမ်းဖောက်လုပ်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ ကစ္ဆပနဒီတံတားကြီး တည်ဆောက်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထား တင်ပြသွားရန်နှင့် တံတားတည်ဆောက်ရေးလုပ်ငန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံ အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားချက်ရှိပါကြောင်း။

မင်းဘူး-အမ်း-စစ်တွေရထားလမ်းအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် စတင်ဖောက်လုပ်ခြင်းဖြစ်ပြီး လုပ်ငန်းပမာဏ (၆၀) ရာခိုင်နှုန်းခန့်ကို ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ကျောက်တော်-မြောက်ဦးလမ်းပိုင်း ဖြတ်သန်းဖောက်လုပ်ခြင်းအား ဒေသခံများက ယဉ်ကျေးမှုဝန်ကြီးဌာနမှတစ်ဆင့် ကန့်ကွက်တားမြစ်ထားသဖြင့် ကျောက်တော်-မြောက်ဦးလမ်းပိုင်း လုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ ရပ်ဆိုင်းထားသော ကျောက်တော်-မြောက်ဦးရထားလမ်းပိုင်းအား ဒေသခံများက သဘောတူမှသာ ဆက်လက်ဖောက်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းပိုင်း တစ်ခုလုံး ပြီးစီးရန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေ ခွင့်ပြုမှုအပေါ် မူတည်၍ ဆောင်ရွက်ရမည်ဖြစ်ရာ ယခင်က ၂၀၁၉-၂၀၂၀ ခန့်အပြီး လျာထားသော်လည်း ကြမ်းတမ်းသော မြေပြင်အနေအထားအရ အစောဆုံး၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှသာ ပြီးစီးနိုင်မည်ဟု မျှော်မှန်းထားပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်ထဲရေးကဏ္ဍနှင့် သက်ဆိုင်သည့် မေးခွန်း(၂) ခုအပေါ် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ပထမမေးခွန်းဖြစ်သည့် လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်၏ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ရာထူးဝင်ခွင့် လျှောက်ထားခြင်းကို ဒေသခံ တိုင်းရင်းသားများအား ဦးစားပေးခေါ်ယူပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် လစ်လပ်လျက်ရှိသော စီမံ(၁)/ဒုတိယဦးစီးမှူး ရာထူးနေရာများ ခန့်ထားရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ပဘွဲ့ရပုဂ္ဂိုလ်များကို သတင်းစာများမှတစ်ဆင့် ကြော်ငြာ၍ လျှောက်လွှာခေါ်ယူခြင်း၊ ရေးဖြေစာမေးပွဲ ဖြေဆိုခြင်း၊ လူတွေ့စစ်ဆေးခြင်းများကို ပြုလုပ်၍လည်းကောင်း၊ ဌာနတွင်းရှိ တစ်ဆင့်မြင့်ရာထူးခန့်ထားရန်အတွက် လုပ်သက်သတ်မှတ်ချက် ပြည့်မီသည့် ဝန်ထမ်းများအား အရည်အချင်းစစ်ဆေးခြင်းများပြုလုပ်၍လည်းကောင်း ရွေးချယ်ခန့်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

သတင်းစာများမှတစ်ဆင့် ကြော်ငြာ၍ ပြင်ပပုဂ္ဂိုလ်များအား လျှောက်လွှာခေါ်ယူခြင်း၊ ဌာနတွင်းမှ သတ်မှတ်အရည်အချင်း ကိုက်ညီသူဝန်ထမ်းများအား ရာထူးတိုးမြှင့်ခန့်ထားခြင်းတို့ကို ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ဒေသခံ တိုင်းရင်းသား ပြင်ပပုဂ္ဂိုလ်များ၊ ဌာနတွင်းမှ ဝန်ထမ်းများအနေဖြင့်လည်း သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက ဝင်ရောက်လျှောက်ထားဖြေဆို ရွေးချယ်ခံနိုင်ခွင့်ရှိပါကြောင်း၊ ရာထူးနေရာများ လစ်လပ်၍ ရွေးချယ်ခံထားနိုင်ရန် ထပ်မံလျှောက်လွှာခေါ်ယူသည့်အခါ ဒေသခံ တိုင်းရင်းသားများက သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အတတ်နိုင်ဆုံး



မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်။

ဦးစားပေး အစီအစဉ်နှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒုတိယမေးခွန်းဖြစ်သည့် ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း၏ **အရက်ပုန်းဆိုင်များ ပပျောက်ရန်နှင့် အရက်တုများပေါ်များနေခြင်းကို ကာကွယ်တားဆီးရန် မည်သို့တိုးမြှင့်ဆောင်ရွက်မည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ(၄) တွင်လိုင်စင်အမျိုးအစားပေါင်း (၄၁)မျိုး ပြဋ္ဌာန်းထားသော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အမျိုးအစားပေါင်း (၂၈)မျိုးကိုသာ ခွင့်ပြုချထားလုပ်ကိုင်လျက်ရှိပါကြောင်း၊ နှစ်စဉ် ယစ်မျိုးလိုင်စင် အရေအတွက်ကို တစ်နှစ်ထက်တစ်နှစ် လျှော့ချ၍ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ထုတ်လုပ်သည့်အရက်များကို ဖြန့်ဖြူးရောင်းချရာတွင် အရက်သောက်သုံးသူများအား ကျန်းမာရေးနှင့် ညီညွတ်သော အရက်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ သောက်သုံးနိုင်ရန်အတွက် ထုတ်လုပ်သည့် အရက်နမူနာများကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြည်ထဲရေးဝန်ကြီးဌာန၊ ဓာတုဗေဒစစ်ဆေးရေးဌာန (သို့မဟုတ်) ကျန်းမာရေးဝန်ကြီးဌာန၊ ဗဟိုအစားအသောက်နှင့် ကွပ်ကဲရေးဦးစီးဌာနတို့တွင် သောက်သုံးရန် သင့်၊ မသင့် စစ်ဆေးခံရန်နှင့် သောက်သုံးရန်သင့်ကြောင်း ထောက်ခံချက်ရရှိမှသာ အရက်များကို ဖြန့်ဖြူးရောင်းချစေလျက်ရှိပါကြောင်း၊ အလားတူ တရားမဝင် အရက်ပုန်းဆိုင်များ မရှိစေရေး၊ အရည်အချင်းပြည့်မီသော အရက်များကိုသာ ရောင်းချနိုင်ရေးအတွက် ယစ်မျိုးလုပ်ငန်း စိစစ်ကြပ်မတ်ရေးအဖွဲ့ငယ်၊ သတင်းစုံစမ်းဖော်ထုတ်ရေးအဖွဲ့ငယ်၊ တားဆီးနှိမ်နင်းရေးအဖွဲ့ငယ်များဖွဲ့စည်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း။

၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေ ပုဒ်မ ၃၀ နှင့် ပုဒ်မ ၃၁ တို့တွင် တရားမဝင်ယစ်မျိုး ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ယူခြင်းတို့နှင့်ပတ်သက်၍ ပြစ်ဒဏ်နှင့် ဒဏ်ငွေများကို ပြဋ္ဌာန်းထားရှိပြီး ခေတ်ကာလနှင့်လျော်ညီသော ဒဏ်ငွေများ ချမှတ်နိုင်ရန်နှင့် တရားမဝင်ယစ်မျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများအား ထိရောက်ဟန့်တားပြစ်ဒဏ်ချမှတ်နိုင်ရန်အတွက် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၏ **"အဓမ္မပြုကျင့်မှုတိုက်ဖျက်နှိမ်နင်းရေး စီမံချက်တစ်ရပ်ဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်သို့တင်သွင်းခဲ့သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က အဓမ္မပြုကျင့်ခြင်းနှင့် ပတ်သက်၍ လုပ်အားအပေါ် အဓမ္မပြုခြင်း၊ ခန္ဓာကိုယ်နှင့်စိတ်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်ခြင်းဆိုပြီး တွေ့ရှိရပါကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် လုပ်အားအပေါ် အဓမ္မပြုခြင်းနှင့်ပတ်သက်၍ ၁၉၀၇ ခုနှစ် မြို့များအက်ဥပဒေနှင့် ၁၉၀၇ ခုနှစ် ကျေးရွာ အက်ဥပဒေများအရ အတင်းအဓမ္မလုပ်အားပေး ဆင့်ဆိုခြင်း၊ အရေးယူခြင်းတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ကျင့်သုံးခြင်းမပြုရန် ပြည်ထဲရေးဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ် မေ (၁၄) ရက်စွဲပါ အမိန့်အမှတ် (၁/၉၉) နှင့် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာ(၂၇)ရက်တွင် ယင်းဥပဒေကို ဖြည့်စွက်သည့် အမိန့်များကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အထက်ဖော်ပြပါ အမိန့်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက လိုက်နာရန် ပျက်ကွက်သူနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၄ အရလည်းကောင်း၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း အရေးယူဆောင်ရွက်နိုင်ပါကြောင်း။

အမျိုးသမီးများနှင့်ပတ်သက်၍ လူမှု၊ စီးပွားအခြေအနေများ၊ ယဉ်ကျေးမှုဆိုင်ရာရှေးရိုးစွဲအယူအဆများ သို့မဟုတ် ပဋိပက္ခများကြောင့် မတရားစော်ကားခံရမှုမှ ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လိင်မှုဆိုင်ရာနှင့်(ကျား)၊ (မ)ရေးရာ အခြေခံပြု အကြမ်းဖက်မှုများအား တားဆီးကာကွယ်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကြမ်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အရပ်ဘက် အမျိုးသမီးလူထုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ (ကျား)၊ (မ) တန်းတူညီမျှမှုကွန်ရက်မှ ကိုယ်စားလှယ်များနှင့် UNGDG မှ ကိုယ်စားလှယ်များ ပူးပေါင်းရေးဆွဲလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မှုခင်းလျော့နည်းကျဆင်းရေးအတွက် ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်၊ အိမ်တိုင်ရာရောက်ရဲလုပ်ငန်းစနစ်နှင့် အိမ်နီးချင်းစောင့်ရှောက်မှု ဆောင်ရွက်ခြင်းများကို Police Power များအသုံးပြုပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအား တွန်းအားပေးစေသည့် အကြောင်းအချက်များကို လူမှုပတ်ဝန်းကျင်မှ လျော့နည်းပပျောက်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ NGO အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပြည်သူလူထုများနှင့်လက်တွဲပြီး ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း။

မြန်မာနိုင်ငံအတွင်းအဓမ္မပြုကျင့်မှု(မုဒိန်းမှု)များကို စိစစ်ချက်အရ မြို့များပေါ်ထက် ကျေးရွာများတွင် ပိုမိုဖြစ်ပွားခဲ့ရာ ညအချိန်များထက် နေ့အချိန်များတွင် ပိုမိုဖြစ်ပွားခဲ့ကြောင်း၊ ကျူးလွန်ခံရသည့် အကြောင်းအရင်းများက တစ်ခန်းတည်းအတူနေခြင်း၊ အနေနီးစပ်ခြင်း၊ ယုံကြည်မှုလွန်ကဲခြင်း၊ အုပ်ထိန်းသူများ၏ စောင့်ကြပ်အုပ်ထိန်း/ ထိန်းသိမ်းမှုကင်းကွာခြင်း၊ ဖြားယောင်းသွေးဆောင်ခံရခြင်း၊ ကလေးသူငယ်များကို မုန့်ငွေပေး၍ မြှူဆွယ်ခြင်း၊ အရက်သေစာသောက်စားမူးယစ်ခြင်း၊ စိတ်ကြွဆေးသုံးစွဲခြင်း၊ အဖော်မဲ့နေထိုင်သွားလာခြင်း၊ အလိုတူသော်လည်း လူမြင်သိခြင်းနှင့် ဝတ်စားဆင်ယင်မှု မလုံခြုံခြင်းတို့ကြောင့်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး အဆိုကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။ **(သတင်းစဉ်)**

◆အမျိုးသားလွှတ်တော်မှ

သတင်းအချက်အလက်၊ နည်းပညာ အထောက်အကူများနှင့် ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာ ရရှိနိုင်စေရန်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းပြည်ပ ဈေးကွက်များသို့ လက်လှမ်းမီစေရန်၊ ယှဉ်ပြိုင်နိုင်စွမ်းရည် မြင့်မားတိုးတက်စေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန် အစရှိသည့်ရည်ရွယ်ချက်များ ပါဝင်ကြောင်း သိရသည်။

မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းအစီအစဉ်တွင် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော်၏ **"နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နေထိုင်ရန် နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများ လုံလောက်စွာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မိမိတို့ဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူလူထုနေထိုင်ရေး အဆင်ပြေစေရန် တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီး(၂၈)မြို့တွင် အိမ်ရာစခန်းပေါင်း(၄၈)ခု တည်ဆောက်ထားပါကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အထိ ပြည်သူ့အိမ်ရာ၊ ဝန်ထမ်းအိမ်ရာစသည့် နိုင်ငံပိုင်အငှားချ အိမ်ခန်းယူနစ်ပေါင်း(၁၅၁၈၀)ယူနစ် ဖြည့်ဆည်းပေးထားခဲ့ရာ ဝန်ထမ်းအိမ်ရာ အိမ်ခန်းယူနစ် စုစုပေါင်း (၃၄၀၇) ယူနစ်ဖြစ်ပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ နိုင်ငံ့ဝန်ထမ်းများ၏ နေထိုင်ရေး လိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေများဖြင့် ဒေသအသီးသီးတွင် ဝန်ထမ်းအိမ်ရာအသစ်များ ထပ်မံဆောက်လုပ်ပေးခဲ့ပါကြောင်း၊ ဌာနဆိုင်ရာအချို့မှာလည်း မိမိတို့အစီအစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံ ရန်ပုံငွေတောင်းခံပြီး ဌာနပိုင်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခဲ့ပါကြောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်လည်းကောင်း ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်များ ထပ်မံဆောက်လုပ်ခဲ့ရာ ၂၀၁၂-၂၀၁၃ မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အထိ (၃)နှစ် ကာလအတွင်း ဆောက်လုပ်ပြီး ဆောက်လုပ်

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော်။

ဆဲ ဝန်ထမ်းအိမ်ရာ(၁၉၆)ခု၊ အိမ်ခန်းယူနစ်ပေါင်း (၂၅၄၀)ထပ်မံတိုးမြှင့်ဆောက်လုပ်ခဲ့ပါကြောင်း။

ယနေ့အထိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုဖြင့် ဝန်ထမ်းအိမ်ရာ စုစုပေါင်း (၁၁၁၃)လုံးနှင့် အိမ်ခန်းယူနစ်ပေါင်း(၅၉၄၇) ဆောက်လုပ်ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုနှင့်အညီ အစိုးရဌာနများ ပြန်လည်ဖွဲ့စည်းခြင်းနှင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်းများကြောင့် ဝန်ထမ်းအိမ်ရာလိုအပ်ချက်များရှိနေသည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ကြီးကြပ်ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဒေသအသီးသီးရှိ အစိုးရဌာနများ အားလုံး၏ ဒေသခံဝန်ထမ်းဦးရေ၊ ပြောင်းရွှေ့ဝန်ထမ်းဦးရေ စာရင်းများကောက်ယူ ဆန်းစစ်၍ လိုအပ်သည့်ဝန်ထမ်းအိမ်ရာ အရေအတွက်ပြုစုကာ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ သက်ဆိုင်ရာဒေသ၏ နှစ်ရှည်၊ နှစ်တိုစီမံကိန်းများအတွင်း နှစ်စဉ်ထပ်မံတိုးချဲ့ဆောက်လုပ်သွားရန် ရှိပါကြောင်းနှင့် ဝေးလံခေါင်ပါးသောဒေသများကို ဦးစားပေးစနစ်ဖြင့် ဆောင်ရွက်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကြံပြုထားပါကြောင်းဖြင့်ဖြေကြားသည်။

ထို့နောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က **"မြန်မာနိုင်ငံတွင် ကင်ဆာရောဂါကဲ့သို့ဖြစ်လာသော မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဘိန်းစိုက်ပျိုးခြင်းတို့ကို ဒေသခံပြည်သူလူထုပါဝင်၍ ဆန့်ကျင်တိုက်ဖျက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန်။

တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုရှင် ဦးခက်ထိန်နန်က အဆိုတင်သွင်းရာ၌ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး တာဝန်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၉၇၆ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် အဖွဲ့(၁၀)ဖွဲ့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုပြဿနာသည် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း စတင်သည့် ၁၉၉၉ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ သိသိသာသာ ကျဆင်းခဲ့သော်လည်း ၂၀၀၇ ခုနှစ်မှ စတင်ပြီး ပြန်လည်မြင့်တက်လာခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ဘိန်းစိုက်ပျိုးမှုသည် (၅၇၈၀၀) ဟက်တာရှိပြီး ထုတ်လုပ်မှုအနေဖြင့် ၂၀၁၂ ခုနှစ်တွင် (၆၉၀) မက်ထရစ်တန်မှ ၂၀၁၃ ခုနှစ်တွင် (၈၇၀) မက်ထရစ်တန်တိုးမြင့်လာသောကြောင့် (၂၆) ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ထို့ကြောင့်ရပ်ကွက်/ကျေးရွာ၊ မြို့နယ်အဆင့်ဆင့်တွင် ပြည်သူလူထု၏ ကိုယ်စား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထောက်အကူပြုအဖွဲ့များကို တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းပြီး သက်ဆိုင်ရာဌာန၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲ၍ တစ်နိုင်ငံလုံး၌ နေရာလပ်မရှိ ဆောင်ရွက်သွားလျှင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးသည် ထိရောက်အောင်မြင်မည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်အား ကိုရီးယားကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၈

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Baek, Seung Joo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများအဆင့် အစည်းအဝေးပွဲများကျင်းပရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ (၁၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ၊ ဝန်ကြီးများအဆင့် အစည်းအဝေးတွင် နိုင်ငံခြားတိုင်းပြည်များမှ ဝန်ကြီးများ၊ ဧည့်သည်များအား လေ့လာပြသမည့် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် အမယ်သစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် တောင်သူပညာပေးစိုက်ကွင်းနှင့် မျိုးသန့်မျိုးပွားစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက စိုက်ကွင်းများ အတွင်းစစ်ဆေးစဉ် အာဆီယံ(၁၀)နိုင်ငံအပါအဝင် ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံတို့မှ စိုက်ပျိုးရေးဝန်ကြီးများ၊ နိုင်ငံခြားဧည့်သည်များ လာရောက်လေ့လာကြမည်ဖြစ်၍ မြန်မာ့လယ်ယာကဏ္ဍ၏ ပကတိအခြေအနေမှန်များကို ပြသမည့် စိုက်ပျိုးရေးခြံဖြစ်သည်နှင့်အညီ အဆင့်မြင့်မြင့် စိုက်ပျိုးပြသရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် နံနက် ၈ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ (၁၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ၊ ဝန်ကြီးအဆင့် အစည်းအဝေးပွဲများနှင့် (၁၄)ကြိမ်မြောက် အာဆီယံ+သုံး အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာ၌ (၁၆)ကြိမ်မြောက် အာဆီယံလယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ၊ ဝန်ကြီးအဆင့် အစည်းအဝေးပွဲများနှင့် (၁၄)ကြိမ်မြောက် အာဆီယံ+သုံး အစည်းအဝေးများ၊ ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်ကြရမည့် လုပ်ငန်းများအား နိုင်ငံ၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး မိမိတို့အားလုံး ကျရာအခန်းကဏ္ဍအလိုက် အဘက်ဘက်မှ ထောင့်စုံဘက်စုံ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူရသည့် အခွင့်အရေးအားအသုံးချပြီး မြန်မာ့လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ အာဆီယံ(၁၀)နိုင်ငံအကြား အားလုံးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍလုပ်ငန်းစဉ်ဖြစ်ပေါ်ရေးအတွက် မရှိမဖြစ် အခြေခံလုပ်ငန်းတစ်ရပ်ဖြစ်သည့် ခိုင်မာသောဈေးကွက် (Sustainable Market)နှင့် လယ်ယာကဏ္ဍတွင် ငွေကြေးအရင်းအနှီးမြှုပ်နှံမှု (Financial Investment) လိုအပ်ချက်ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးရန် အစီအစဉ်အပေါ် အားလုံး၏ သဘောထားကိုရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရာတွင် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အဓိက ဆောင်ရွက်မည့် အာဟာရပြည့်ဝရေး (Nutrition) ထည့်သွင်းရန် လိုအပ်ချက်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မည့်အချက်များကိုဆွေးနွေးသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောကဏ္ဍတို့နှင့်ပတ်သက်၍ ပင်လယ်ဒီရေတောများကာကွယ်ရေး၊ လမုတောများ ရေရှည်စိုက်ပျိုးထူထောင်ရေးကိစ္စရပ်များအား ဦးဆောင်မှုကဏ္ဍရယူ၍ ဆွေးနွေးရန်လိုအပ်ကြောင်းနှင့် အစည်းအဝေးအောင်မြင်စွာကျင်းပရန် အားလုံးညီညီညွတ်ညွတ်ဖြင့် အစွမ်းကုန်ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးများအဖွဲ့မှ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည့် (၁၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ၊ ဝန်ကြီးအဆင့် အစည်းအဝေးပွဲများနှင့် (၁၄)ကြိမ်မြောက် အာဆီယံ+သုံး အစည်းအဝေးများ၊ ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● **ကမ္ဘာလှည့်ခရီးသည်မှ**

နိုင်ငံခြားခရီးသွားဧည့်သည်များ သွားလာရလွယ်ကူစေရန်နှင့် မုတ်သုံကာလတွင် အထက်မြန်မာပြည်မြို့များသို့ မော်တော်ယာဉ်ဖြင့် အဆင်ပြေစွာသွားလာနိုင်စေရန် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်ရရှိသော ရေယာဉ်နှင့်အိပ်ခန်းပါ အပျော်စီးသင်္ဘောများဖြင့် မန္တလေး-မင်းကွန်း၊ မန္တလေး-ပုဂံနှင့် မန္တလေး-ကသာ-ဗန်းမော် ခရီးစဉ်တို့အား ပြေးဆွဲလျက်ရှိကြောင်း River NMAI HKA Travels& Tours မှ မန်နေဂျာ ဦးနေဝင်းက ပြောကြားသည်။

"ခရီးသွားရာသီက အောက်တိုဘာလဆိုပေမယ့် နိုင်ငံခြားခရီးသွားတွေက မြန်မာနိုင်ငံကို စိတ်ဝင်စားမှုများလာလို့ ဆောလျင်စွာရောက်လာကြတဲ့အတွက် နိုင်ငံခြားခရီးသွားဧည့်သည်တွေ သွားလာရလွယ်ကူ အဆင်ပြေစေဖို့နဲ့ မိုးရာသီမှာ အထက်မြန်မာပြည်မြို့တွေက မော်တော်နဲ့ ခရီးသွားရတာမလွယ်ကူတာကြောင့် ကျွန်တော်တို့ရေယာဉ်တွေနဲ့ ပြေးဆွဲပေးနေတာပါ။ အောက်တိုဘာလ ဧည့်သည်ဝင်ရောက်ချိန်များလာရင်တော့ မန္တလေး-ပုဂံကိုအများဆုံးပြေးဆွဲသွားမှာပါ" ဟု ဆိုသည်။

မန္တလေး တိုင်းဒေသကြီးသို့ နိုင်ငံခြားသား ဝင်ရောက်မှုမှာ ၂၀၁၂ ခုနှစ်တွင် ၁၆၀၉၇၅ ဦးရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၂၁၉၅၁၈ ဦးရှိကာ ယခု ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ၉၅၂၃၈ ဦးရှိခဲ့သည်။ မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည်များဝင်ရောက်ချိန်သည် အောက်တိုဘာလဖြစ်သော်လည်း ယခုနှစ်တွင် မြန်မာနိုင်ငံရှိ သမိုင်းဝင်ကုသိုလ်တော်ဘုရားကျောက်စာနှင့် ရှေးဟောင်း သမိုင်းဝင် ပျူရှေးမြို့ဟောင်းများဖြစ်သော ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဟောင်းတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ရာ နိုင်ငံပေါင်းစုံမှ မြန်မာနိုင်ငံအပေါ် ပိုမိုစိတ်ဝင်စားလာသဖြင့် ဆောလျင်စွာဝင်ရောက်လျက်ရှိရာ ယခုနှစ်ခရီးသည်ဝင်ရောက်မှုမှာ ယခင်နှစ်များထက် ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၄)ထွက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က နှစ်စဉ်ထုတ်ဝေနေကျ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၂၀၁၄)ကို ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။

ယခုစာအုပ်တွင် မြန်မာ့သမိုင်း စက်မှုသိပ္ပံခေတ်ကို အစပျိုးခဲ့သော ကနောင်မင်းသားကြီး၊ တိုင်းရင်းသားလူမျိုးများ၏ သွေးစည်းညီညွတ်မှုကို သက်သေပြသည့် ပင်လုံညီလာခံ၊ ယခုအခါ ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သော ပျူမြို့ဟောင်းများ၊ သိပ္ပံရှုထောင့်နှင့် ဘာသာရေးရှုထောင့်မှ တင်ပြထားသည့် သဘာဝပတ်ဝန်းကျင်စနစ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နေမှုများ၊ (၄၄)နှစ်အကြာတွင် အိမ်ရှင်နိုင်ငံအဖြစ် တတိယအကြိမ် လက်ခံကျင်းပခဲ့ပြီး အောင်မြင်မှုဆွတ်ခူးနိုင်ခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲစသည့် အထူးဆောင်းပါးကြီးများအဖြစ် ဖော်ပြထားပါသည်။

ယခင်နှစ်များက အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့် ဦးနု၊ ဦးနေဝင်း၊ ဦးစိန်လွင်၊ ဗိုလ်ချုပ်မှူးကြီးစောမောင်၊ မောင်သော်က၊ မောင်ကိုယု၊ အောင်ဗလ၊ တင်မိုး၊ နိုင်ဝင်းဆွေ အစရှိသူတို့၏ အတ္ထုပ္ပတ္တိများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

စွယ်စုံနှစ်ချုပ်(၂၀၁၄)ကို စာမျက်နှာပေါင်း (၄၆၄)မျက်နှာကို ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားရာ စာကြည့်တိုက်များ၊ မှတ်တမ်းမှတ်ရာပြုလိုသူများ၊ ခေတ်ပြိုင်အကြောင်းအချက်အလက်များကို ပြုစုနေသူများအတွက် ရည်ညွှန်းစာအုပ်အဖြစ် ကိုးကားနိုင်ရန်ဖြစ်သည်။

တစ်အုပ်လျှင် ရောင်းဈေး ၄၀၀၀ ကျပ်ဖြစ်သည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၁၄)ကို အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း- ၀၆၇-၄၁၄၆၈၁)၊ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း- ၀၁-၃၈၁၄၄၈၊ ၀၁-၂၄၉၀၃၁)၊ အမှတ်(၂၄၅-၂၄၇) အနော်ရထာလမ်းနှင့်(၉)လမ်းထောင့် လမ်းမတော်မြို့နယ်ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေတို့တွင် ဝယ်ယူရရှိနိုင်ပါသည်။ **(သတင်းစဉ်)**

အပူးဂဏန်းနံပါတ် 9H-9999 အား ကျပ်သိန်းတစ်ရာဖြင့် ဝယ်ယူ

ရန်ကုန် ဇူလိုင် ၁၈

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ရုံးချုပ်)ရှိ ကနဦးဗဟိုမော်တော်ယာဉ် မှတ်ပုံတင်ဌာနတွင် လေးလုံးအပူးဂဏန်း နံပါတ်ဖြစ်သော 9H-9999 နံပါတ်အား ကျပ်သိန်းတစ်ရာဖြင့် ယာဉ်ပိုင်ရှင်တစ်ဦးက ဝယ်ယူသွားကြောင်း သိရသည်။

ကညန တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ယာဉ်အိုယာဉ်ဟောင်း အပ်နှံပြီး အစားထိုးယာဉ်များ တင်သွင်းရေးစီမံချက်အရ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ ၂၀၁၄ ခုနှစ် ဇွန် ၂၅ ရက်အထိ အပ်နှံပြီးသည့် ယာဉ်အို ယာဉ်ဟောင်း စီးရေ "စ"မှ "၁-က" အထိ ၇၂၁၃၉ စီးကျော်ရှိကြောင်း သိရပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အိုယာဉ်ဟောင်း (၁-က)အစီးရေ ၆၀၀၀ ဝန်းကျင်ရှိသည့်အနက် အစီးရေ ၄၀၀၀ ဝန်းကျင် အပ်နှံပြီးကြောင်း တာဝန်ရှိသူထံမှ သိရသည်။

(မောင်အေး)

ရန်ကုန်-မော်လမြိုင် ရထားလမ်းရေကျော်

မော်လမြိုင် ဇူလိုင် ၁၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်စံပြကျေးရွာတွင် ဇူလိုင် ၁၇ ရက် ညက မိုးသည်းထန်စွာရွာသွန်းသဖြင့် ည ၁၀ နာရီခန့်တွင် နဝရတ်ရပ်ကွက် ကန်သာယာအနီး ရန်ကုန်-မော်လမြိုင် ရထားလမ်းမိုင်တိုင် အမှတ်(၇၇/၁၉) နှင့် (၇၇/၂၄) အကြားတွင် ရထားသံလမ်းအပေါ် ငါးလက်မခန့်ရေကျော်၍ နစ်မြုပ်မှု ဖြစ်ပေါ်ခဲ့သည်။

ယင်းသို့ ရထားလမ်းရေကျော်သဖြင့် ရန်ကုန်မြို့မှထွက်ခွာလာသော ရန်ကုန်-ထားဝယ် အမှတ်(၁၇၅) အဆန်အထူး အမြန်ရထားသည် စစ်တောင်းတံတားအရှေ့ဘက်ကမ်းတွင် ည ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားစောင့်ဆိုင်းခဲ့ရပြီး ည ၁၁ နာရီ ၄၅ မိနစ်တွင် ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာသွားသည်။ **(ရဲခေါင်ဦး)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဦးစီးမဟာနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး**(ဓာတ်ပုံ)** ဈေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးမူဝါဒ အခြေပြုစီမံကိန်းနှင့် ဘဏ္ဍာငွေလျာထားချက် တက္ကသိုလ်များတွင် ရေးဆွဲရေးကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၈

ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များသည် နောင်ဖြစ်ပေါ်လာမည့် အမျိုးသားပညာရေးဥပဒေနှင့်အညီ နိုင်ငံတကာအဆင့်မီ ပညာရေးဖြစ်ရေး၊ လွတ်လပ်၍တက်ကြွသော ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးရေးအတွက် ကြိုတင်ညှိနှိုင်းပြင်ဆင်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်(၄)နှင့်အညီ ဦးစီးဌာနမှ တာဝန်ရှိသူများက တက္ကသိုလ်များသို့ ကွင်းဆင်း၍ တက္ကသိုလ်အသီးသီးတွင် အကောင်အထည်ဖော်မည့် လ (၂၀)စီမံကိန်းလုပ်ငန်းစဉ်များကို သင်ကြားရေး၊ စီမံခန့်ခွဲရေးတာဝန်ရှိသူများ အားလုံးပါဝင်လျက် **"ပညာရေးမူဝါဒ အခြေပြုစီမံကိန်းနှင့် ဘဏ္ဍာငွေလျာထားချက်"** ရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရေးဆွဲရာတွင် နောင်လာမည့် လ(၂၀)ကာလအတွင်း လက်တွေ့ကျကျ အမှန်တကယ်ဆောင်ရွက်နိုင်မည့် လက်တွေ့ခန်းသုံးပစ္စည်းများ ဖြည့်ဆည်းရေး၊ ပညာရပ်စာအုပ်စာတမ်းများဖြည့်ဆည်းရေး၊ သုတေသနများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ တက္ကသိုလ်နယ်မြေအတွင်း မြန်နှုန်းမြင့်အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်ရေး၊ သင်ရိုးညွှန်းတမ်းပြင်ပ လှုပ်ရှားမှုများ စနစ်တကျဆောင်ရွက်နိုင်ရေး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏ အရည်အသွေးနှင့် လူမှုဘဝမြင့်တင်ရေးဆိုင်ရာကိစ္စများကို စီမံကိန်းကာလအပြီးတွင် ရရှိလာမည့် အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာမျှော်မှန်းချက်များ ချမှတ်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် ဘဏ္ဍာငွေလိုအပ်ချက်ကို ဦးစားပေးအဆင့်များ သတ်မှတ်ကာ ရေးဆွဲလျက်ရှိသည်။

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် အဖွဲ့သည် ဇူလိုင် ၁၄ ရက်မှ ၁၅ ရက်အထိ ဘားအံတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်နှင့် ဇူလိုင် ၁၆ ရက်မှ ၁၇ ရက်အထိ ဒဂုံတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်များသို့လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်နှင့်အဖွဲ့သည် ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ ထားဝယ်တက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်သို့ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေဝင်းနှင့်အဖွဲ့သည် ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ၁၇ ရက်တွင် စစ်တွေတက္ကသိုလ်သို့ လည်းကောင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းနှင့် တက္ကသိုလ်အလိုက် ပညာရေးမူဝါဒ အခြေပြုစီမံကိန်းနှင့် ဘဏ္ဍာငွေလျာထားချက်များကို ဆက်လက်ရေးဆွဲတင်ပြ၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ရွှေ၊ မြန်မာ့ရွှေဈေး ပုံမှန်အရောင်းအဝယ်ရှိ ကားဈေးကွက်ခန့်မှန်းရခက်

ရန်ကုန် ဇူလိုင် ၁၈

ယနေ့ နံနက်ပိုင်းတွင် မြန်မာ့အခေါက်ရွှေ တစ်ကျပ်သား ငွေကျပ် ၆၇၈၂၀၀၊ ကမ္ဘာ့ရွှေတစ်အောင်စ အမေရိကန်ဒေါ်လာ ၁၃၁၄ ရှိကြောင်း၊ (၁၅)ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၆၃၅၅၀၀ ဖြင့် ရောင်းဝယ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဦးအေးချိုက ယနေ့ ရွှေဈေးမှာ ဝယ်လိုအား ရောင်းလိုအား မျှတလျက်ရှိကြောင်း၊ မိုးရာသီကာလဖြစ်၍ ရွှေကုန်ကြမ်းထွက်ရှိမှုနည်းကြောင်း၊ ယခုအချိန်သည် ရွှေဝယ်ယူစုဆောင်းရန် အချိန်ကောင်းဖြစ်ကြောင်း ပြောကြားသည်။

ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ယာဉ်ရောင်းဝယ်ရေးစခန်းမှ ဝါရင့်ကားဝယ်ရောင်းတစ်ဦးက ရန်ကုန်ကားစလစ်ဈေး (၁-က)မှာ ကျပ် ၈၅ သိန်းဝန်းကျင်ရှိပြီး စက်မှုဇုန်ထုတ်ကားစလစ်ဈေးမှာ ကျပ် ၄၅ သိန်းဝန်းကျင်ရှိကြောင်း၊ အလားတူ မန္တလေးကားစလစ်ဈေးကွက်မှ ဝါရင့်ကားဝယ်ရောင်းတစ်ဦးက (၁-က)စလစ်ဈေးမှာ ကျပ် ၇၅ သိန်းဝန်းကျင်၊ စက်မှုဇုန်ထုတ်ကားစလစ်ဈေး ကျပ်သိန်း ၅၀ ဝန်းကျင်ရှိကြောင်း၊ ယခုရက်ပိုင်းအတွင်း ကားဈေးကွက်မှာ ခန့်မှန်းရခက်ကြောင်း ပြောကြားသွားသည်။ **(ကိုအေး)**

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ချောင်းရေစီးလမ်းပိတ်ဆို့သောကြောင့် ကျိုက္ကော်ရပ်ကွက် ကားလမ်းပေါ် ရေလွှမ်းမိုး

သထုံ ဇူလိုင် ၁၈

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်တွင် မိုးများ၍ တောင်ကျရေများစီးဆင်းပြီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၃၈/၆)နှင့် (၁၃၉/၀) အကြားရှိ အနိမ့်ပိုင်းကားလမ်းနေရာ နှစ်ဖာလုံခန့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ "ဇူလိုင် ၁၇ ရက် ည ၈ နာရီလောက်ကစပြီး လမ်းပေါ်ရေရောက်တာပါ၊ မိုးများလာတာနဲ့ ရေကပိုမြင့်လာတယ်၊ လမ်းပေါ်ကိုရေက နှစ်ပေလောက်မြင့်လာတာ၊ အခုတော့ ရေကကျနေပါပြီ၊ လမ်းပေါ်မှာ တစ်ပေလောက်ပဲကျန်တော့တယ်"ဟု ဒေသခံတစ်ဦးက ဇူလိုင် ၁၈ ရက်က ပြောသည်။ ယင်းနေရာတွင် လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်းကလည်း ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ပြီး ယခုအကြိမ်မှာ တစ်ပတ်အတွင်း တတိယအကြိမ် ကားလမ်းပေါ်ရေလျှံခြင်းဖြစ်သည်။ ကျိုက္ကော်ချောင်းမှာ အကွေ့များပြီး ချောင်းအတွင်းရှိ ရေစီးလမ်းများ ပိတ်ဆို့ကာ ရေးစီးလမ်းကြောင်းပြောင်းလာခြင်းနှင့် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရေးစီးရေလာ မကောင်းခြင်းတို့ကြောင့် ယခုကဲ့သို့ ကားလမ်းပေါ် ရေလွှမ်းခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အဆိုပါ ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ဆုံးရှုံးမှု မရှိခဲ့သော်လည်း ဒေသခံများနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာရန် ခက်ခဲလျက်ရှိရာ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့်တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုကာ မြန်ဆုံးဖြေရှင်းနိုင်ရေး ပေါင်းစပ်ညှိနှိုင်းခဲ့ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

၂၀၁၄ ခုနှစ်၊ (၂၂)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက (၂၂)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန (၆၉)ဌာနတို့၌ (၉-၆-၂၀၁၄)ရက်နေ့မှ (၁၃-၆-၂၀၁၄)ရက်နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။

၂။ အုပ်စု(၁)ခုဒ္ဒကနိကာယ(ဝိနယပိဋက)ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၁၆၉ ပါး၊ လေးကျမ်းအောင် ၁၉၂ ပါး၊ သုံးကျမ်းအောင် ၁၈၇ ပါး၊ နှစ်ကျမ်းအောင် ၃၀၈ ပါး၊ တစ်ကျမ်းအောင် ၆၁၀ ပါးတို့ဖြစ်ကြပါသည်။

ဝိနည်းငါးကျမ်းအောင် ၁၆၉ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊ စက-၉၈၊ အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက်(၂၄)နှစ်၊ အဘ-ဦးတင်သောင်း၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။(ပထမ)

(ခ) ခုံအမှတ်၊ ရှိုး-၂၄၊ ရှင်ပညာစာရာလင်္ကာရ၊ အသက်(၂၀)နှစ်၊ အဘ-ဦးဝင်းမြင့်၊ မဟာမြတ်မုနိကျောင်းတိုက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ ဗဟ-၆၉၊ ရှင်ကုသလ၊ အသက်(၂၁)နှစ်၊ အဘ-ဦးစံပြုံး၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)

(ဃ) ဝိနည်းငါးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ ဗဟ-၁၆၁၊ မနန္ဒမာလာ၊ အသက်(၂၄)နှစ်၊ အဘ- ဦးအေးမင်းလွင်၊ မဟာပညာရာမသီလရှင်စာသင်တိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (သီလရှင်- ပထမ)

၃။ အုပ်စု(၂)ဒီဃနိကာယ (သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၂၂ ပါး၊ နှစ်ကျမ်းအောင် ၅၇ ပါး၊ တစ်ကျမ်းအောင် ၇၃ ပါးတို့ဖြစ်ကြပါသည်။

ဒီဃနိကာယ်သုံးကျမ်းအောင် ၁၂၂ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ခုံအမှတ်၊ တမ-၉၊ အရှင်ဉာဏ၊ အသက်(၄၀)နှစ်၊ အဘ-ဦးအောင်ဘစိုး၊ အောင်မင်္ဂလာစာသင်တိုက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ ထီလာ-၁၅၊ အရှင်ရာဇိန္ဒ၊ အသက်(၂၅)နှစ်၊ အဘ-ဦးမြင့်ဝေ၊ ပထမကျော်မွှေစရိယတိုက်သစ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။(ဒုတိယ)

(ဂ) ခုံအမှတ်၊ စဉ့်-၁၄၊ အရှင်ကဝိဇောလင်္ကာရ၊ အသက်(၄၂)နှစ်၊ အဘ- ဦးအောင်မောင်းကြည်၊ တိုက်ကျောင်း ပရိယတ္တိစာသင်တိုက်၊ စဉ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ (တတိယ)

(ဃ) ဒီဃနိကာယ်သုံးကျမ်းအောင်သီလရှင်များအနက် ခုံအမှတ်၊ ထီလာ-၆၄၊ မဥဇ္ဇောတကာရီ၊ အသက်(၂၂)နှစ်၊ အဘ- ဦးတော၊ ဝမ်းတော်ပြည့်ကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။(သီလရှင်-ပထမ)

၄။ အုပ်စု(၃)မဇ္ဈိမနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၂ ပါး၊ နှစ်ကျမ်းအောင် ၂၃ ပါး၊ တစ်ကျမ်းအောင် ငါးပါးတို့ ဖြစ်ကြပါသည်။

မဇ္ဈိမနိကာယ်သုံးကျမ်းအောင် ၂၂ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊ ကြို့-၃၊ အရှင်ဉာဏောဘာသ၊ အသက်(၃၂)နှစ်၊ အဘ- ဦးလှိုင်ထွေး၊ မဟာစည်သာသနာ့ရိပ်သာကျောင်း၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)။(ပထမ)

(ခ) ခုံအမှတ်၊ ထီလာ-၂၊ အရှင်ကဝိန္ဒ၊ အသက်(၄၃)နှစ်၊ အဘ-ဦးထွန်းလှ၊ သာသနာ့ပဇ္ဇောတာရုံကျောင်း၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ စက-၃၊ အရှင်ဇဋိလ၊ အသက်(၃၇)နှစ်၊ အဘ-ဦးရီမောင်၊ မဟာသမုတိဒေးဒရဲအုဌ်ကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (တတိယ)

၅။ အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် လေးပါး၊ နှစ်ကျမ်းအောင် တစ်ပါး၊ တစ်ကျမ်းအောင် ခြောက်ပါးတို့ ဖြစ်ကြပါသည်။

သံယုတ္တနိကာယ်သုံးကျမ်းအောင် လေးပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊ စက-၂၊ အရှင်စန္ဒာဝရ၊ အသက်(၄၁)နှစ်၊ အဘ-ဦးဘကြည်၊ တကောင်းကျောင်းသစ်ကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။(ပထမ)

(ခ) ခုံအမှတ်၊ ရှိုး-၁၊ အရှင်ဝိစက္ခဏ၊ အသက်(၃၁)နှစ်၊ အဘ-ဦးတင်ဆောင်၊ ပန်အုပ်ကျောင်း၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ ခွ-၁၊ အရှင်ဉာဏိဿရာဘိဝံသ၊ အသက်(၄၀)နှစ်၊ အဘ-ဦးတိုး၊ မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)**(ဆက်လက်ဖော်ပြပါမည်)**

နယ်ခြားကော်မတီ မြို့နယ်အဆင့်စည်းဝေး

တာချီလိတ် ဇူလိုင် ၁၈

အကြိမ်(၈၀)မြောက် မြန်မာ-ထိုင်းနယ်ခြားကော်မတီ မြို့နယ်အဆင့်အစည်းအဝေးအား ဇူလိုင် ၁၆ ရက်က ကျင်းပရာ ရှေးဦးစွာ ထိုင်းနိုင်ငံ အမှတ်(၃)စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးလောဝ်ခိတ်ကဏ်း ဦးဆောင်သော ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့မှ တာချီလိတ်မြို့ အမှတ်(၁)ချစ်ကြည်ရေး တံတားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့အား လာရောက်ကြိုဆိုရာ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ချစ်ခင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ချစ်ကြည်ရေးလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် မြန်မာ-ထိုင်းနှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့သည် အစည်းအဝေးကျင်းပမည့် ထိုင်းနိုင်ငံ ချိန်းရိုင်းခရိုင် Mae Fah Luang University သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြကာ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် အဆိုပါတက္ကသိုလ်ခန်းမတွင် အစည်းအဝေးအား စတင်ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အဖွင့်မိန့်ခွန်းများ ပြောကြားကြပြီးနောက် နယ်စပ်ကုန်သွယ်ရေးစခန်းသစ်များ ဖွင့်လှစ်ရေး၊ တောင့်တင်းခိုင်မာယှဉ်တွဲကျေးရွာ စီမံကိန်း၊ နယ်စပ်ဖြတ်ကျော် မှုခင်းများအား ပူးပေါင်းကာကွယ်တားဆီးရေး၊ မယ်ဆိုင်ချောင်း ရေစီးရေလာကောင်းမွန်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား ငွေကြေးစီးဆင်းဖလှယ်မှုများ၊ အကျင့်ပျက်ဝန်ထမ်းအချို့မှ မြန်မာနိုင်ငံသားများအပေါ် ဥပဒေမဲ့ပြုမူနေမှုများအပေါ် တားဆီးရေးဆိုင်ရာများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချိန်းရိုင်းမြို့ရှိ ဝပ်ဖကျောက်ဘုရားအား ဖူးမြော်ကြည်ညိုကြကာ ယဉ်ကျေးမှုတံတားနှင့် စင်ထရယ်ပလာဇာတို့အား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(မောင်ယဉ်ကျေး)

ဆေးလမ်းညွှန်များအတွက် နံရံဆေးရေးပန်းချီအကြောင်း ဟောပြောပို့ချမည်

မန္တလေး ဇူလိုင် ၁၈

ဧည့်လမ်းညွှန်များသည် လေ့လာမှုများ စဉ်ဆက်မပြတ်ပြုလုပ်ကာ ပညာတိုးပွားရေးလုပ်ငန်းများကို ပြုလုပ်လေ့ရှိရာ နံရံဆေးရေးပန်းချီအကြောင်း သိကောင်းစရာများအား ဇူလိုင် ၂၀ နှင့် ၂၁ ရက်နေ့များတွင် ပြုလုပ်သွားရန် စီစဉ်ထားကြောင်း မန္တလေး ဧည့်လမ်းညွှန်အသင်းမှ သိရသည်။

ဧည့်လမ်းညွှန်များ အားလုံးအတွက် မသိမဖြစ် သိထားသင့် တတ်ထားသင့်သော ပညာရပ်တစ်ခုဖြစ်သည့် နံရံဆေးရေးပန်းချီအကြောင်း သိကောင်းစရာများကို ပုဂံဝါရင့်ဧည့်လမ်းညွှန် ဆရာဦးသန်းဌေး (Mural Painting Expert) (နံရံဆေးရေးပန်းချီပညာရှင်) က ဟောပြောပို့ချပေးမည်ဖြစ်ပြီး ပထမရက်တွင် မန္တလေးမြို့ ၂၇ လမ်းနှင့် လမ်း ၇၀ ထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ခန်းမတွင် ဟောပြောမည်ဖြစ်သည်။ လေ့လာရေးအစီအစဉ်အဖြစ် ဒုတိယနေ့ ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းတွင် ရွှေစာရံဘုရားရှိ နံရံဆေးရေးပန်းချီများကို လက်တွေ့ကွင်းဆင်းလေ့လာရေးလည်းသွားရောက်မည်ဖြစ်ပြီး ၂ ရက်တာ ဟောပြောပို့ချမည့် အဆိုပါအစီအစဉ်သို့ စိတ်ဝင်စားသည့် ဧည့်လမ်းညွှန် မည်သူမဆို တက်ရောက်နိုင်မည်ဖြစ်သည်။

ဟောပြောပို့ချခြင်းအား နံနက် ၈ နာရီတွင် စတင်မည်ဖြစ်ပြီး သင်တန်းကြေး ကျပ် ၅၀၀၀ ပေးသွင်းရမည်ဖြစ်သည်။ အဆိုပါသင်တန်းကြေးတွင် လက်တွေ့ကွင်းဆင်းလေ့လာရေးအတွက် မော်တော်ကားခပါဝင်ပြီးဖြစ်ကာ စာရင်းပေးသွင်းလိုသော ဧည့်လမ်းညွှန်များအနေဖြင့် ဒေါ်ချောမူယာဝင်း ဖုန်း- ၀၉-၄၄၄၀၁၆၃၀၆၊ ဦးကျော်ကျော်ဦး ဖုန်း-၀၉-၄၃၀၆၂၂၇၀၊ ဦးကျော်ဇေယျ ဖုန်း-၀၉-၂၀၃၆၅၁၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၀၀၂)

၂၀၁၄ ခုနှစ် ဇူလိုင်လ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနိုင်ပါသည်။

မိုးအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈ ရက်မှ ၉ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ၆ ရက်မှ ၇ ရက်ခန့် ရွာသွန်းနိုင်ပါသည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၅ ပေမှ ၇ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄ ပေမှ ၆ ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၂ ပေမှ ၅ ပေခန့်လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၅ ပေမှ ၇ ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၄ ပေမှ ၆ ပေခန့် လက်ရှိရေမှတ်များ၏အထက်မြင့်တက်လာနိုင်ပါသည်။

(မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန)

(၂၄)နာရီ လျှပ်စစ်ဓာတ်အားပေးဝေနိုင်မည့် ဆောချောင်းရေအားလျှပ်စစ်စီမံကိန်းစတင်

ဆော ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နှင့် ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင် ကန်ပက်လက်မြို့ကို ၂၄ နာရီလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည့် ဆောချောင်းရေအားလျှပ်စစ်စီမံကိန်းကို စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

"အခုဆောမြို့မှာလည်း လျှပ်စစ်မီးက တစ်ညမှ ၂ နာရီလောက်ပဲရတယ်။ ကန်ပက်လက်မြို့လည်း ၂ နာရီလောက်ပဲရတယ်။ ဒါကြောင့် ချင်းတောင်ပေါ်ကနေ စီးလာတဲ့ ဆောချောင်းကို ရေအားလျှပ်စစ်ထုတ်ယူမှာပါ၊ စီမံကိန်းပြီးရင်တော့ နှစ်မြို့လုံး ၂၄ နာရီလျှပ်စစ်မီးရမှာပါ" ဟု ဆောချောင်း ရေအားလျှပ်စစ်စီမံကိန်းမှ တာဝန်ခံအင်ဂျင်နီယာ တစ်ဦးက ပြောသည်။

အဆိုပါစီမံကိန်းကို မြတ်နိုးသူကုမ္ပဏီမှ ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့ကာ ၂၀၁၅ ခုနှစ် မတ်လတွင် ၁၁၀ ကေဗွီဓာတ်အားလိုင်းများဖြင့် အပြီးသွယ်တန်းနိုင်ရန် လျာထားကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆောချောင်း ရေအားလျှပ်စစ်စီမံကိန်းတွင် ရေလွှဲဆည်နေရာရှိ ရေဆင်းဧရိယာမှာ ၃၂ ဒသမ ၈၄ စတုရန်းမိုင်ရှိ၍ ရေအားအမြင့်မှာ ၄၄၀ ဒသမ ၈၄ ပေရှိကာ တစ်နှစ်လျှင် ၁၂ ဒသမ ၈၄ ကီလိုဝပ်နာရီကို ဓာတ်အားထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါစီမံကိန်းအား အကောင်အထည်ဖော်ရန် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မြေပြင်အနိမ့်အမြင့် လေ့လာတိုင်းထွာခြင်း၊ ဘူမိဗေဒ လေ့လာတိုင်းထွာခြင်း၊ ပုံစံထုတ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ရှိ မရှိ လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(လင်းလက်ကြယ်စင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
ရုံးအမှတ် ၄၈၊ နေပြည်တော်
အရည်အချင်းစစ်ဆေးမှုဖြေဆိုရန်ကိစ္စ

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီး ဌာနမှ Online visa/e-visa စနစ်အတွက် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး လစာနှုန်း(၈၇၀၀၀-၁၀၀၀-၉၂၀၀၀)ရာထူးအတွက် လျှောက်လွှာများခေါ်ယူခဲ့ရာ အရည်အချင်းစစ်ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်းကို ၁၉-၇-၂၀၁၄ နှင့် ၂၀-၇-၂၀၁၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

၂။ လျှောက်လွှာစိစစ်ရွေးချယ်ရေးအဖွဲ့မှ လျှောက်ထားသူတိုင်းအား အရည်အချင်းစစ်ဖြေဆိုခွင့်ပြုမည်ဖြစ်၍ အသေးစိတ်အား ၁၉-၇-၂၀၁၄ရက်နှင့် ၂၀-၇-၂၀၁၄ ရက်များတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ Website ဖြစ်သော http:// www.mip.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဦးစီး(ရုံးချုပ်)၊ တယ်လီဖုန်းနံပါတ်-၀၆၇-၄၃၁၀၂၈နှင့် ၀၆၇-၄၃၁၀၃၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ- ၇)ရရှိသော လယ်သမားများအား မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

ဖြူး ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးရွာအုပ်စု ၅၉ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ တောင်သူလယ်သမားများသည် ၂၀၁၄-၂၀၁၅ မိုးစပါး စိုက်ဧက ၁၅၃၄၂၆ ဧကစိုက်ပျိုးရန် သတ်မှတ်လျာထားခဲ့ပြီး မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို ဖြူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ- ၇) ရရှိပြီးသော လယ်သမားများအား (ပုံစံ-၇) မူရင်းဖြင့် မိုးစပါးတစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။

ယင်းသို့ ထုတ်ချေးရာတွင် ဖြူးမြို့နယ်အတွင်း တောင်သူ ၁၈၀၀၀ ဦးတို့အား မိုးစပါးချေးငွေများ ထုတ်ချေးပေးသွားရန်ရှိသော်လည်း (ပုံစံ-၇)ရရှိသူများကိုသာ ချေးငွေထုတ်ပေးခဲ့ရာ ဇူလိုင် ၁၀ ရက်အထိ ကျေးရွာ ကိုးရွာတို့မှ အစုအဖွဲ့ ၁၆၃ ဖွဲ့ တောင်သူဦးရေ ၁၄၈၈ ဦးတို့ကိုသာ ထုတ်ချေးပေးနိုင်ခဲ့ပြီး ဇူလိုင် ၁၄ ရက်တွင် မိဿလင်ကျေးရွာအုပ်စုနှင့် လေ့ဒိုးကျေးရွာအုပ်စုတို့မှ အစုအဖွဲ့ ၂၃ ဖွဲ့တို့မှ တောင်သူများအား ဆက်လက် ထုတ်ချေးပေးလျက်ရှိသည်။**(အပေါ်ယာပုံ)**

လယ်သမားများမှာ လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ- ၇)ရရှိမှုနည်းပါး၍ ချေးငွေရရှိမှုအခက်အခဲဖြစ်နေကြသည်ဟု ကြားသိရသဖြင့် ဇူလိုင် ၁၄ ရက် ညနေပိုင်းက သတင်းအဖွဲ့သည် မြို့နယ်မြေစာရင်းဦးစီးရုံးသို့ သွားရောက်၍ မြေစာရင်းဦးစီးဌာနမှူးနှင့် တွေ့ဆုံမေးမြန်းစုံစမ်းကြည့်ရာ မြေစာရင်းဦးစီးမှူးက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ ထွက်ရှိပြီးနောက်ပိုင်း ၂၀၁၃ ခုနှစ် သုံးလပိုင်းမှစတင်၍ မြေကြီးမြေပုံ မှန်ကန်ရေးလုပ်ငန်းများနှင့် တစ်ဆက်တည်း လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ- ၇)များကိုပါ တစ်ပါတည်း ထုတ်ပေးလျက်ရှိကြောင်း၊ ပထမဆုံး ဖြူးမြို့နယ် လင်းယောခင်ကျေးရွာသို့ သွားရောက်ထုတ်ပေးခဲ့ကြောင်း၊ ဖြူးမြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်(ပုံစံ- ၇) ထုတ်ပေးရန် ဦးပိုင် ခြောက်သောင်းကျော်ရှိရာမှ လေးသောင်းခုနစ်ထောင်ကျော် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အစုအများဆုံး ကျန်ရှိနေသည်မှာ နယ်ကျော်လယ်မြေ၊ လယ်လုပ်သူတွင် နိုင်ငံသားမှတ်ပုံတင်မရှိသေးသော လယ်မြေကျူးကျော်လယ်မြေ၊ အမှုအခင်းဖြစ်ပွားနေသော လယ်မြေများသာ အများဆုံး ကျန်ရှိသည်ဟု ဖြူးမြို့နယ် မြေစာရင်းဦးစီးမှူးက ပြောပြသည်။

ဇူလိုင် ၁၆ ရက်က စာရေးသူတို့သတင်းအဖွဲ့သည် ဖြူးမြို့နယ် လင်းယောခင်ကျေးရွာအုပ်စု၊ ပြောင်သေကျေးရွာအုပ်စုနှင့် ဇေယျဝတီမြို့များသို့ သွားရောက်ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လယ်သမားများကို တွေ့ဆုံမေးမြန်းရာ ပထမဦးဆုံး(ပုံစံ- ၇) ထုတ်ပေးသည်ဟုဆိုသော လင်းယောခင်အုပ်စုအနေဖြင့် (ပုံစံ- ၇) ၆၀ ရာခိုင်နှုန်းသာရရှိသေးကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ထွန်းနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့အတွင်းရေးမှူး ဦးစိုးလားတင်းနဝါးရွာနေသူက ပြောပြပြီး ပြောင်သေကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်လှက ၎င်းတို့အုပ်စုတွင် တောင်သူ ၄၅၀ ရှိရာတွင် ယနေ့အထိ (ပုံစံ- ၇)ရရှိပြီးသော တောင်သူမှာ ၁၀၀ ကျော်သာ ရရှိသေးကြောင်းနှင့် ပြောင်သေကျေးရွာအုပ်စုအတွင်း လယ်လုပ်သော ဇေယျဝတီမြို့နေ ဦးမြင့်ဦးက ၎င်းသည် ပြောင်သေကျေးရွာအုပ်စုထဲတွင် မိုးစပါးလယ်မြေ ခြောက်ဧကလုပ်ကိုင်ရာ (ပုံစံ- ၇)လုံးဝမရရှိသေးကြောင်း ပြောပြသည်။

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ လယ်ယာမြေကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ လယ်မြေလုပ်သူ တောင်သူများ စိုက်ပျိုးစရိတ်လုံလောက်မှုရရှိရေး၊ လယ်ယာလုပ်ငန်းများ သွက်လက်မြန်ဆန်ရေးတို့အတွက် နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ဆောင်ရွက်အကောင်အထည်ဖော်နေချိန်တွင် ပုံစံ(၇) မရသေးသူများ အမြန်ရရှိပြီး စိုက်ပျိုးစရိတ်ချေးငွေများ ရရှိရေး စေတနာထက်သန်စွာဖြင့် ဆောင်ရွက်ကြမည်ဆိုလျှင် အဆိုပါ ပုံစံ(၇)ရရန်ကျန်နှင့် စိုက်ပျိုးစရိတ်ချေးငွေ လုပ်ငန်းများ သွက်လက်မြန်ဆန်ချောမွေ့လာမည်ဟု ယုံကြည်ယူဆပါသည်။

(မြင့်ဦး)

ကျပ်သိန်းနှစ်ထောင်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ တည်းခိုသူများထံမှ ဖမ်းဆီးရမိ

ပြင်ဦးလွင် ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁) မန္တလေး-လားရှိုးလမ်းမကြီးပေါ်ရှိ ရွှေထိပ်တန်းဧည့်ရိပ်မွန် အခန်း(၂၀၅)၌ တည်းခိုနေသူ စိုင်းစံဥ(ခ)အိုက်စိုင်း၊ အောင်ညွန့်(ခ)မိုးညိုတို့ထံမှ မူးယစ်ဆေးဝါးများကို ဇူလိုင် ၁၅ ရက် ညနေ ၅ နာရီ မိနစ်၂၀ က သိမ်းဆည်းရမိခဲ့သည်ဟု ရဲမှတ်တမ်းအရ သိရသည်။

တပ်ဖွဲ့စု(၁၈)မှ ယာယီရဲမှူး ရန်ရှင်းဦးစီးအဖွဲ့နှင့် တပ်ဖွဲ့စု(၁၆)မှ ဒုရဲမှူးတင်ဌေး ဦးစီးအဖွဲ့တို့သည် သက်သေများနှင့်အတူ အခန်း(၂၀၅)၌ တည်းခိုနေသူများအား ရှာဖွေရာ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသော 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ အထုပ် ၂၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ အလေးချိန် လေးကီလိုဂရမ်၊ ဒေသပေါက်ဈေး တန်ဖိုးငွေကျပ်သိန်းနှစ်ထောင်တို့အား ရှာဖွေတွေ့ရှိခဲ့သည်ဟု ရဲမှတ်တမ်းက ဖော်ပြသည်။

လက်ဝယ်တွေ့ရှိသူ စိုင်းစံဥ(ခ)အိုက်စိုင်း၊ အောင်ညွန့်(ခ)မိုးညိုနှင့် အဆိုပါဆေးပြားများအား ရောင်းချခဲ့သူ တန့်ယန်းမြို့ ရပ်ကွက်(၄)မှ အိုက်တီး(စုံစမ်းဆဲ)တို့ သုံးဦးအား ပြင်ဦးလွင်မြို့မရဲစခန်းက မယ(ပ)၁၅/၂၀၁၄၊ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

မိုးပွင့်အဆင့်(၆)စီမံချက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁)ရပ်ကွက် သာသနာ့ဟိတကာရီမဗ္ဗာရုံ၌ ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီခွဲမှစတင်၍ နိုင်ငံသားဖြေလျှော့သည့် လုပ်နည်းစနစ်များနှင့် လုပ်ငန်းအစီအစဉ် မိုးပွင့်အဆင့် (၆)စီမံချက်ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(ဝဲပုံ)**

လှိုင်သာယာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးမျိုးဝင်းနှင့် ဝန်ထမ်းများ၊ လူမှုရေးလုပ်ငန်းကူညီဆောင်ရွက်ပေးသော လူငယ်များက အမှတ်(၁)ရပ်ကွက်ရှိ အသက်(၁၀)နှစ် မှစ၍ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများကို နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးရာတွင် ဝန်ကြီးဌာန၏တားမြစ်ချက် (၅)ရပ်၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၁၈၊ ၁၉ နှင့်မငြိစွန်းသူများကို ဆောင်ရွက်ပေးလျက်ရှိပြီး ရပ်ကွက်၊ ကျေးရွာများနှင့် အထက်တန်း၊ အလယ်တန်း စာသင်ကျောင်းများကိုလည်း ရေးဆွဲထားသော စီမံချက်အတိုင်း ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၃၂၉)**

ကျောင်းလေဝေးဝေး မူးယစ်ဆေး

ရခိုင်ပြည်နယ်အစိုးရအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်၊ မြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းနိုင်ပါသည်-

စဉ်	လုပ်ငန်းအမျိုးအစား	အရေအတွက်/အရှည်မိုင်
(၁)	ကတ္တရာလမ်း	(၇/၆. ၇)မိုင်
(၂)	ကျောက်လမ်း	(၃၆/၁)မိုင်
(၃)	မြေသားလမ်း	(၅၄/၀. ၁)မိုင်
(၄)	ကွန်ကရစ်တံတား	(၆၃)စင်း
(၅)	သစ်သားတံတား	(၁၃)စင်း
(၆)	ရေပြွန်	(၈၈)စင်း
(၇)	လက်တူးတွင်း	(၈၁)တွင်း
(၈)	တွင်းတိမ်	(၂)တွင်း
(၉)	မြေသားရေကန်	(၆၉)ကန်
(၁၀)	အခြား	(၆)ခု
(၁၁)	စိမ့်စမ်းရေသွယ်လုပ်ငန်း	(၁၀)ခု
(၁၂)	ဆိုလာမီးလင်းရေး	(၆၁၁၀)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၁-၇-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၄၃-၂၂၇၉၈၊ ၀၄၃-၂၂၇၉၉တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့

ဗိုလ်ကြီးကော့ဂေထွန်းဦးဆောင်သော ငြိမ်းချမ်းရေးအဖွဲ့မှ အသိပေးကြေညာချက်

K.N.L.Aဗဟို (ကွန်ဖွဲ့အထူးဒေသ)၊ ဗိုလ်ကြီးကောဂေထွန်း ဦးဆောင်သော ငြိမ်းချမ်းရေးအဖွဲ့မှ ဦးသိန်းဆွေ[၁၂/ကမတ(နိုင်)၀၀၉၈၉၅]ကိုင်ဆောင်သူအား ကွန်ဖွဲ့ဒေသဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၏ ရုံးလုပ်ငန်းများဆောင်ရွက်ရန်နှင့် ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာ စီမံကိန်းများအား ကုမ္ပဏီလီမိတက်၏ကိုယ်စား ဆောင်ရွက်ရန် လွှဲအပ်ထားခဲ့ပါသည်။

ယခုအခါ (ကွန်ဖွဲ့အထူးဒေသ) ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ အဖွဲ့ဝင်များ၏ ၁၉-၆-၂၀၁၄ရက် စာအမှတ်(၀၀၇/၁၄)အစည်းအဝေးဆုံးဖြတ်ချက်အရ ကွန်ဖွဲ့အထူးဒေသ (K.N.L.A) ၏ ကိုယ်စားလှယ်ဖြစ်သူ ဦးသိန်းဆွေ[၁၂/ကမတ(နိုင်)၀၀၉၈၉၅] အား ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါသဖြင့် ကွန်ဖွဲ့အထူးဒေသဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ၏ ကိုယ်စား ၎င်းမှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင်လည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန တွင်လည်းကောင်း၊ ဧရာဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းတွင်လည်းကောင်း၊ သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် ကွန်ဖွဲ့အထူးဒေသ (K.N.L.A)၏ ကိုယ်စား ဆောင်ရွက်ခွင့်မရှိတော့ကြောင်း၊ ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းပြီးနောက်ပိုင်း ကွန်းဖွဲ့အထူးဒေ(K.N.L.A)၏ ခွင့်ပြုချက်မပါရှိဘဲ ကွန်ဖွဲ့အထူးဒေသ(K.N.L.A)နှင့်ပတ်သက်သော ဆောင်ရွက်သောကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ဘဲ တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဗိုလ်ကြီးကော့ဂေထွန်း**(K.N.L.A)**
ဗဟိုငြိမ်းချမ်းရေးအဖွဲ့
ဗိုလ်ကြီးကော့ဂေထွန်း
(K.N.L.A) ဗဟို(ကွန်ဖွဲ့အထူးဒေသ)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃၊ မြေကွက်အမှတ်၈၈၊(အလျား ပေ၄၀×အနံပေ၆၀) အကျယ်အဝန်းရှိ ဦးကျော်မင်း အမည်ပေါက် မြေချပါမစ်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားအရပ်ရပ်တို့အား မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သူဇာလွင်[၁၂/အလန(နိုင်)၀၀၀၆၈၇]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)
LL.B,A.G.T.I(EP),D.B.L,D.M.L
WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ(၈၁၀၈)
ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး

ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅)
LL.B,WIPO(Switzerland)
ဦးစိုးလွင်ဦး(စဉ်-၃၇၉၈၁)
LL.B,WIPO(SWITZERLAND)
အထက်တန်းရှေ့နေများ

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁



ကားရပ်ရန်နေရာတွင် အရေးယူမည့် အသိပေးကြေညာချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၁၈

မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကားရပ်ရန်နေရာများအတွက် အသိပေးကြေညာချက် ဗီနိုင်းအနီကြီးများကို လမ်းမတော်မြို့နယ် အနော်ရထာလမ်းမပေါ်တွင် ဖတ်ရှုရသည်ဟု လမ်းသွားလမ်းလာတစ်ဦးမှ ဆိုသည်။

အဆိုပါကြေညာချက်တွင် ယာဉ်ရပ်နားရန်နေရာများ၌ ပစ္စည်းများ စုပုံချထားခြင်း၊ နေရာဦးထားခြင်းများမပြုရ၊ လိုက်နာခြင်းမရှိပါက မည်သည့်တန်ဖိုးကြီးပစ္စည်းကိုမဆို အမှိုက်အဖြစ် သိမ်းဆည်းသွားမည့်အပြင် စည်ပင်သာယာဥပဒေအရ အရေးယူခြင်းခံရမည်ဟု ဖော်ပြထားကြောင်း သိရသည်။

လူသွားလမ်းပလက်ဖောင်းများပေါ်တွင် အလားတူဖြစ်စဉ်အတွက် အသိပေးကြေညာချက်များ ထုတ်ပြန်ပေးခဲ့ဖူးကြောင်း၊ ယခုအခါ ယာဉ်ရပ်နားရန်နေရာတွင် ဈေးဆိုင်တည်ခင်းရောင်းချမှုနှင့်ပတ်သက်၍ မဟာဗန္ဓုလလမ်းပေါ်တွင် အရေးယူခဲ့ခြင်းရှိကြောင်း၊ ယာဉ်ရပ်နားခကောက်ခံမှုမရှိသော ညနေ ၆ နာရီမှစ၍ ယာဉ်ရပ်နားရန်နေရာများတွင် စားသောက်ဆိုင်များ ရောင်းချမှုကို ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်းမပေါ်တွင် မြင်တွေ့ရပြီး ကားများမှာ လမ်းမပေါ်တွင် ယခင်ကကဲ့သို့ ရပ်နေရဆဲဖြစ်ကြောင်း အိမ်စီးကားပိုင်ရှင်တစ်ဦးက ဆိုသည်။

လူသွားလမ်းနှင့် ယာဉ်ရပ်နားရန်နေရာများအတွက် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်နေသကဲ့သို့ နောက်ဖေးလမ်းကြားများကို ကိုယ်ပိုင်မြေသဖွယ် အသုံးချနေမှုများ၊ မိလ္လာ၊ အညစ်အကြေးအပါအဝင် အမှိုက်မျိုးစုံလွှင့်ပစ်စုပုံထားမှုများ၊ မီးစက်များချထားခြင်းတို့အတွက် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိဘဲခြင်များပေါက်ဖွားလျက်ရှိရာ သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးသင့်သည်ဟု ရန်ကုန်မြို့နေ လူအများက ဆိုသည်။ **(မောင်စေအောင်)**

အနုပညာ **မျိုးစန္ဒာမောင် - စုစည်းသည်**

ခင်ပွန်းသည်၏ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်သွားမည့် ချယ်ရီကိုးလ်

တေးသံရှင်၊ တေးရေးဆရာနှင့် အကမယ်တစ်ဦးဖြစ်သူ ချယ်ရီကိုးလ်က ပြင်သစ်လူမျိုး စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးနှင့် ယခုလ ၇ ရက်က ကမ်းခြေတစ်ခုတွင် လက်ထပ်ပွဲကျင်းပခဲ့ပြီး ခင်ပွန်းဖြစ်သူ၏ လုပ်ငန်းများကို ဆက်လက် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ချယ်ရီကိုးလ်အနေဖြင့် လန်ဒန်တွင်စတင်မည့် ခင်ပွန်းဖြစ်သူ၏ လုပ်ငန်းသစ်များကို စိတ်ရောကိုယ်ပါ အားတက်သရော ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗြိတိန်သတင်းစာတစ်စောင်သို့ ပြောကြားခဲ့သည်။

ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီးအဖြစ် နှစ်ကြိမ်တိုင်တိုင် ဖော်ပြခြင်းခံခဲ့ရသည့် တေးသံရှင်ချယ်ရီကိုးလ် သည် ၂၀၀၆ ခုနှစ်က အင်္ဂလန်ဘောလုံးငွေကြယ်ပွင့် အက်ရှ်လေကိုးနှင့်လက်ထပ်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ကွာရှင်းခဲ့ သည်။ ယခုတစ်ဖန် ၎င်း၏ ဒုတိယအကြိမ်လက်ထပ်ပွဲကို Mustique ကျွန်းပေါ်ရှိ ကမ်းခြေတစ်ခုတွင် အထူး ဧည့်သည်လေးဦးဖြင့်သာ ကျင်းပခဲ့ခြင်းဖြစ်သည်။

ချယ်ရီကိုးလ်က ၎င်း၏တစ်ကိုယ်တော်အယ်လ်ဘမ်သစ်ကို နှစ်ကုန်ပိုင်းတွင် သေချာပေါက်ထွက်ရှိမည်ဟု Hello! မဂ္ဂဇင်း၏ အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ပြီး ယင်း အယ်လ်ဘမ်၏ အမည်ကို Only Human ဟု ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

Jecheon နိုင်ငံတကာဂီတနှင့်ရုပ်ရှင်ပွဲတော်တွင် ဒါရိုက်တာတစ်ဦးအဖြစ် မြင်တွေ့ရမည့် ကူဟေးဆန်း

တောင်ကိုရီးယားနိုင်ငံတွင် (၉)ကြိမ်မြောက်အဖြစ် ကျင်းပမည့် Jecheon နိုင်ငံတကာဂီတနှင့်ရုပ်ရှင်ပွဲတော်တွင် တောင်ကိုရီးယားကြယ်ပွင့် ကူဟေးဆန်းအနေဖြင့် ယင်းရုပ်ရှင်ပွဲတော်အကြောင်းဇာတ်လမ်းတိုဖန်တီးသူ ဒါရိုက်တာတစ်ဦးအနေဖြင့် မြင်တွေ့ရမည်ဖြစ်ကြောင်းသိရသည်။

ရုပ်ရှင်သရုပ်ဆောင် ကူဟေးဆန်းအနေဖြင့် ၂၀၀၉ ခုနှစ်က အဆိုပါဂီတနှင့်ရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် စီစဉ်တင်ဆက်သူအဖြစ် ပါဝင်ခဲ့ဖူးသူဖြစ်ပြီး ဒါရိုက်တာတစ်ဦးအဖြစ် ၂၀၁၀ ခုနှစ်တွင် Magic ဇာတ်ကား၊ ၂၀၁၂ ခုနှစ်တွင် The Peach Tree မှတ်တမ်းရုပ်ရှင်နှင့် Pieces of Memories သရီးဒီဇာတ်လမ်းတိုတို့ကို ပါဝင်ပြသခဲ့ကာ ၂၀၁၃ ခုနှစ်တွင် ဂျူရီအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ Jecheon နိုင်ငံတကာဂီတနှင့်ရုပ်ရှင်ပွဲတော်ကို ဩဂုတ် ၁၄ ရက်မှ ၁၉ ရက်အထိ တောင်ကိုရီးယားနိုင်ငံ မြို့တော် Jecheon ၌ ကျင်းပသွားမည်ဖြစ်ပြီး ဂျူရီအဖွဲ့ဝင်များမှ ချီးမြှင့်အပ်နှင်းသည့် Grand Prize နှင့် Special Jury Prize အထူးဆုနှစ်ဆုအပြင် အခြားသော ဂီတနှင့် ရုပ်ရှင်တို့ကို ကဏ္ဍအလိုက် ဆုများအသီးသီး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

❐❐

ကျေးလက်များသို့ အရင်းမပျောက် မတည်ငွေထုတ်ချေးမည်

ကျောက်တန်း ဇူလိုင် ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် တံတားမြို့သစ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဇူလိုင်၁၇ရက်ကတံတားမြို့သစ်အပိုင်ကျေးရွာ (၁၂) ရွာရှိ အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုရေး အဖွဲ့ဝင်များအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုနှင့် အဖွဲ့က တွေ့ဆုံ၍ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အရင်းမပျောက်မတည်ငွေ အဖြစ် တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ကို အတိုးနှုန်းတစ်ကျပ်ဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းငွေဖြင့် လုပ်ငန်းအတွက် လိုအပ်သော အရင်းအနှီးအဖြစ် အသုံးချလုပ်ကိုင်ခြင်းဖြင့် မိမိတို့၏ စားဝတ်နေရေး ပြေလည်စေသည့်အပြင် မိမိရပ်ရွာအတွက် အကျိုးရှိစေမည့် စုဆောင်းအတိုးငွေကိုလည်း ရရှိပြီးဖြစ်မှာဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တံတားမြို့သစ်ဆေးရုံသို့ မွေးခုတင်တစ်စုံကို လှူဒါန်းသွားကြောင်း သိရသည်။

အောင်ဆွေ(ရွှေတံတား)

❐❐





ကွာရှင်းပြတ်စဲကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ ပါရမီ(၁)လမ်း၊ အမှတ်(၉၆)နေ မောင်မျိုးသန့်[၁၂/ဘကလ(နိုင်)၂၀၆၇၂၂]၏ဇနီး မနေနွယ်အေး[၁၂/ဗတထ(နိုင်)၀၃၆၉၈၃]သည် မည်သည့်အကြောင်းတစ်စုံတစ်ရာမျှမရှိဘဲ ၅-၆-၂၀၁၄ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေအလုပ်သွားနေခိုက် (၁၀)နှစ်အရွယ်သမီးကို အိမ်တွင်ထားပြီး ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများယူ၍ တစ်ကိုယ်ကောင်းဆန်စွာ အိမ်မှဆင်းသွားပြီး ခွင့်မလွှတ်နိုင်သောကိစ္စများ ကျူးလွန်သွားသဖြင့် ထိုအချိန်မှစ၍ ၎င်းအား ဇနီးအဖြစ်မှ ကွာရှင်းပြတ်စဲလိုက်ပြီးဖြစ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း အများသိစေရန် အသိပေး ကြေညာလိုက်သည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းစန်း **(H.G.P, LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၇၈)
(၆၃)၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

မီး သတိပြု

ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား တိုနီခရုစ်အား ရီးယဲလ်မက်ဒရစ်ခေါ်ယူ

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ ကွင်းလယ်ကစားသမား တိုနီခရုစ်အား ပြောင်းရွှေ့ကြေးပေါင် ၂၄ သန်းဖြင့် ခြောက်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုကာ ခေါ်ယူလိုက်ကြောင်း သိရသည်။

အသက်(၂၄)နှစ်အရွယ် ကွင်းလယ်ကစားသမားတိုနီခရုစ်သည် ကမ္ဘာ့ဖလားနောက်ဆုံးပိုလ်လုပွဲ၌ ဂျာမနီအသင်းက အာဂျင်တီးနားအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာတွင် ဂျာမနီအသင်း၏ အဓိကကစားသမား ဖြစ်ခဲ့ရပြီး ဘရာဇီးမြေ၌ ဂျာမနီအသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ကွင်းလယ်ကစားသမား တိုနီခရုစ်သည် အသက်(၁၆)နှစ်အရွယ်ကတည်းက ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ဘွန်ဒက်လီဂါပွဲစဉ်ပေါင်း ၁၇၃ ပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့သည်။ တိုနီခရုစ်သည် ဘိုင်ယန်အသင်းနှင့်အတူ ဘွန်ဒက်လီဂါဖလားသုံးကြိမ်နှင့် ဂျာမန်ပိုကယ်ဖလားသုံးကြိမ်တို့ကို ရယူပေးနိုင်ခဲ့သည်။ တိုနီခရုစ်အတွက် အထင်ကရ နှစ်တစ်နှစ်ဖြစ်ခဲ့ရခြင်းမှာ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဖလား၊ ဘွန်ဒက်လီဂါဖလားနှင့် ဂျာမန်ပိုကယ်ဖလားတို့ကို တစ်နှစ်တည်းသုံးလုံးရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပြီးခဲ့သည့်ရာသီက ဘိုင်ယန်အသင်းနှင့်အတူ ယူအီးအက်ဖ်အေစူပါဖလားနှင့် ဖီဖာကလပ်ကမ္ဘာ့ဖလားတို့ကိုလည်း ရယူပေးနိုင်ခဲ့သည်။ **[ငွေကြယ်]**

အီကွေဒေါတိုက်စစ်မှူး အန်နာဗလင်စီယာအား ဝက်စ်ဟမ်းခေါ်ယူ

ဝက်စ်ဟမ်းအသင်းသည် အီကွေဒေါတိုက်စစ်မှူး အန်နာဗလင်စီယာအား ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုကာ ခေါ်ယူလိုက်ကြောင်းသိရသည်။ အဆိုပါ အသက်(၂၄)နှစ်အရွယ် တိုက်စစ်မှူးအန်နာဗလင်စီယာအား ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ခြင်းဖြစ်ပြီး ဝက်စ်ဟမ်းအသင်း၏ ယခုအပြောင်းအရွှေ့တွင် ခေါ်ယူခဲ့သည့် ငါးဦးမြောက်ကစားသမားလည်း ဖြစ်လာခဲ့သည်။ အီကွေဒေါတိုက်စစ်မှူး အန်နာဗလင်စီယာသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီကွေဒေါအသင်းနှင့်အတူ သွင်းဂိုး သုံးဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။ အန်နာဗလင်စီယာသည် ဟွန်ဒူးရပ်စ်အသင်း၊ ဆွစ်ဇာလန်အသင်းတို့နှင့် ကစားခဲ့သည့် ပွဲစဉ်များတွင် ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ **[ငွေကြယ်]**

နောက်ခံလူ ဖာဒီနန်အား ကျူပီအာ စာချုပ်

မန်ယူအသင်းနှင့် အင်္ဂလန်နောက်တန်းကစားသမားဟောင်းတစ်ဦးဖြစ်သူ ဖာဒီနန်အား ကျူပီအာအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ကြောင်း သိရသည်။ အသက်(၃၅)နှစ်အရွယ် နောက်တန်းကစားသမား ဖာဒီနန်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘီဘီစီအားကစားကဏ္ဍအတွက် သုံးသပ်သူတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ယခုသီတင်းပတ်အစောပိုင်းတွင် ကျူပီအာအသင်းနည်းပြ ဟယ်ရီရက်နက်နှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ကျူပီအာအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ဖာဒီနန်သည် ဝက်စ်ဟမ်းအသင်းအား နည်းပြဟယ်ရီရက်နက်ကိုင်တွယ်စဉ် ဟယ်ရီရက်နက် လက်အောက်တွင် ဝက်စ်ဟမ်းအသင်း၌ ကစားခဲ့သူဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ကလပ်အသင်းများမှ ကမ်းလှမ်းမှုများ ရှိနေခဲ့ သော်လည်း ကျူပီအာအသင်း၌ ကစားရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဖာဒီနန်က ပြောကြားခဲ့သည်။ ဖာဒီနန်အနေဖြင့် ကမ္ဘာ့အကောင်းဆုံး နောက်တန်းကစားသမားတစ်ဦးမဟုတ်ခဲ့သော်လည်း မန်ယူအသင်း၌ ကစားခဲ့စဉ်က ဥရောပ၌ အကောင်းဆုံး နောက်တန်းကစားသမားတစ်ဦးဖြစ်ခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ၎င်း၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် ဩဂုတ် ၁၆ ရက်တွင် ဟားစီးတီးအသင်းနှင့် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီ၏ ပထမဆုံး ပွဲစဉ်အဖြစ် ကစားရမည်ဖြစ်သည်။ **[ငွေကြယ်]**

ဂျိမ်းစ်ရိုဒရီဂွက်ဇ်အတွက် ယူရို ၇၅ သန်းပေးချေရမည်ဟု မိုနာကို ပြောကြား

ပြင်သစ်ကလပ် မိုနာကို အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစွမ်းပြသခဲ့သည့် ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ် အား ခေါ်ယူလိုပါက ယူရို ၈၅ သန်းပေးချေရမည်ဟု ဈေးနှုန်းသတ်မှတ်လိုက်ကြောင်းသိရသည်။ အသက် ၂၂ နှစ်အရွယ်ရှိ ဂျိမ်းစ်ရိုဒရီဂွက်ဇ်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အထူးခြေစွမ်းပြသပြီး ကိုလံဘီယာအသင်းအား ကွာတားဖိုင်နယ်သို့ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို အသင်းအတွက် ခြောက်ဂိုးသွင်းယူကာ ဂိုးသွင်းအများဆုံး

ရွှေဖိနပ်ဆုကို ရရှိခဲ့သည်။ ထို့ကြောင့် ဥရောပကလပ်အသင်းကြီးများက ၎င်းအားခေါ်ယူရန် စိတ်ဝင်စားလာခဲ့ခြင်းဖြစ်ပြီး မိုနာကိုအသင်းက ၎င်းအတွက် ဈေးနှုန်းစတင်သတ်မှတ်ခဲ့ခြင်းလည်းဖြစ်သည်။ လက်ရှိအချိန်တွင် ၎င်းအားခေါ်ယူရန် စပိန်ထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ်အသင်းက စိတ်ဝင်စားနေပြီး ကစားသမားကိုယ်တိုင်ကလည်း ရီးယဲလ်မက်ဒရစ်အသင်းတွင် ကစားလိုကြောင်း တရားဝင်ထုတ်ဖော်ပြောကြားထားခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းမှာ လာမည့်ဘောလုံးရာသီအတွက် ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား တိုနီခရုစ်အား ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုသွားခဲ့ပြီဖြစ်သလို ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကိုလည်း မကြာမီအချိန်တွင် ကမ်းလှမ်းသွားဖွယ်ရှိကြောင်း စပိန်မီဒီယာများကဖော်ပြခဲ့ကြသည်။

(ကိုရဲ)

အာရှတိုက်၏ အဆင့်အမြင့်ဆုံး ကလပ်အသင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် MNL ကလပ်များအား AFC စစ်ဆေး

အာရှဘောလုံးအဖွဲ့ချုပ် (AFC) သည်မြန်မာနိုင်ငံကိုယ်စားပြုကလပ်အသင်းများအား အာရှတိုက်၏ အဆင့်အမြင့်ဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်သည့် အာရှချန်ပီယံလိဂ် (AFC Champions League) ပြိုင်ပွဲကို ဝင်ရောက်ကစားခွင့်ရရှိရန်အတွက် ဇူလိုင် ၁၃ ရက်မှစတင်ကာ စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။ AFC မှ MNL အသင်းများ၏ ကွင်းအခြေအနေ၊ ပြိုင်ပွဲကျင်းပမှုများအပြင် ကလပ်အသင်းများ၏ အခြေအနေတို့ကို စစ်ဆေးသွားမည်ဖြစ်ပြီးယင်းစစ်ဆေးမှုအောင်မြင်ပါက အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲပထမအဆင့်မှစတင်ကာ ကစားရမည်ဖြစ်သည်။ လက်ရှိအချိန်တွင်အရှေ့အာရှဇုန်အတွက် ရှစ်နေရာရရှိထားပြီး efficiency မြင့်မားသည့်အရှေ့တောင်အာရှဒေသမှ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ စသည့်ကလပ်အသင်းများမှာ ယင်းပြိုင်ပွဲသို့ဝင်ရောက်ကစားလျက်ရှိပြီး ထိုင်းပရီးမီယားလိဂ်မှ ချန်ပီယံဖြစ်မည့်အသင်းမှာ ခြေစစ်ပွဲကစားရန်မလိုအပ်ဘဲ နောက်ဆုံးအဆင့်သို့ တိုက်ရိုက်ကစားခွင့်ရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံကိုယ်စားပြုကလပ်အသင်းများမှာ လက်ရှိအချိန်တွင် အာရှတိုက်၏ဒုတိယအဆင့်အမြင့်ဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်သည့် AFC Cupတွင် ပါဝင်ကစားလျက်ရှိနေပြီး ၂၀၁၅ ခုနှစ်တွင် ယင်းပြိုင်ပွဲကို MNLအမှတ်ပေးချန်ပီယံနှင့် MFF Ooredoo Cup ချန်ပီယံဖြစ်သည့်အသင်း နှစ်သင်းဝင်ရောက် ကစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ **(ရဲစွမ်း)**



သင့်သွေးဖြင့်
အသက်ကယ်ပါ



ရွှေနန်းတော် စီမံရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
ကံစမ်းမဲအထူးအစီအစဉ်
၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့ထိ ဝယ်ယူအားပေးကြသည့် ဧည့်သည်တော်ကြီးများအားလုံးအတွက်အထူးအစီအစဉ်
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ – ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့
1st Prize
FIRST PRIZE
68 RESIDENCE
CONDOMINIUM
2nd Prize
SECOND PRIZE
BMW 528
BRAND NEW ကားတစ်စီး
3rd Prize
THIRD PRIZE
GIA CERTIFICATE
ROOM TYPES
DAILY OPENING HOURS - 9:30AM - 7:00PM
SHOWROOM
YANGON, MYANMAR
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

ရေစကြိုမြို့ ချင်းတွင်းမြစ်ကမ်းနားတစ်လျှောက်ရှိ ကျူးကျော်တဲများ၊ ကျူးကျော်ဆိုင်များအား ပြောင်းရွှေ့ရန် မြို့နယ်စည်ပင်မှ စာထုတ်၍ညွှန်ကြား

ရေစကြို၊ ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး ၊ ရေစကြိုမြို့၊ ချင်းတွင်းမြစ်ကမ်းနားတစ်လျှောက်တွင် ကျူးကျော်တဲများ၊ ကျူးကျော်ဈေးဆိုင်များကို ပြောင်းရွှေ့ကြရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အကြိမ်ကြိမ် စာထုတ်ညွှန်ကြားထားကြောင်း သိရသည်။

ဤသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လုပ်ပိုင်ခွင့်များနှင့်အညီ စာထွက်ရှိထားသောကြောင့် အချို့သော မြစ်ကမ်းကို နောက်ကျောပေး ဖွင့်လှစ်ထားသော ဆိုင်ခန်းများမှာ မျက်နှာချင်းဆိုင် အိမ်ဝိုင်းများတွင် ငှား၍ မြစ်ကမ်းကိုမျက်နှာမူပြီး ပြောင်းရွှေ့ ဖွင့်ထားသော ဈေးဆိုင်အချို့ရှိသော်လည်း ယခုတိုင် မပြောင်းရွှေ့သေးသော ဈေးဆိုင်များလည်း ရှိသည်။

အဆိုပါ ကျန်ရှိနေသည့် ဈေးဆိုင်များမှာ အိမ်ဝိုင်းများတွင် ငှားရမ်းရောင်းချရန် ငွေကြေးမတတ်နိုင်သောကြောင့် ၎င်းနေရာတွင်ပင် ရောင်းချနေရကြောင်း သိရသည်။

"ကျွန်တော်တို့ကို အခုလို ဒီနေရာကနေ နှင်တာက ချင်းတွင်းမြစ်ကမ်းတစ်လျှောက် သာယာလှပရေးအတွက်လို့ သိရပါတယ်။ ကျွန်တော်တို့ အခုလို ဆိုင်ခန်းတွေဖွင့်လှစ် ရောင်းချနေတာ ဆယ်စုနှစ်တစ်စုလောက်လဲရှိနေပါပြီ။ တချို့ ဈေးဆိုင်တွေလို မျက်နှာချင်းဆိုင်ထွက်နိုင်ဖို့ လခကလည်း မတတ်နိုင်ဘူး။ အခြားအလုပ်အကိုင်ကလည်းမရှိ။ ဈေးပဲရောင်းတတ်တာဆိုတော့ မခက်လားဗျာ။ ပြီးတော့ ကျွန်တော်တို့က တစ်မနက်ပဲ ရောင်းရတာ။ ကျွန်းပိုင်းက ကုန်ရောင်း၊ ဈေးဝယ်လာသူတွေကို အားပြုရောင်းရတာပါ။ ဥပုသ်နေ့ဆို လူမရှိလို့ ဆိုင်ပိတ်ရတယ်။ မနက်ပိုင်းရောင်းတာကလည်း ရောင်းရတဲ့နေ့ရှိသလို မရောင်းရတဲ့နေ့တွေလည်း ရှိတာပဲ။ မိသားစုစားဝတ်နေရေးအတွက် အခုလို ရောင်းကြရတာပါ" ဟု ၎င်းနေရာတွင်ရောင်းချနေသော ဈေးသည်တစ်ဦးက ပြောသည်။

အဆိုပါနေရာတွင် ရောင်းချနေသော ဈေးဆိုင်များမှာ စည်ပင်အခွန်များပေးဆောင်၍ ရောင်းချခဲ့ရသည်။ မြို့နယ်စည်ပင်မှ ၎င်းဈေးဆိုင်များအား ပြောင်းရွှေ့ရန်စာထုတ်ပြီးနောက် ပြောင်းရွှေ့ရန်ကျန်ရှိနေသော ဈေးဆိုင်များအား စည်ပင်ဥပဒေဖြင့် တရားစွဲဆို၍ ဒဏ်ငွေများပေးဆောင်ခဲ့ရကြောင်း သိရသည်။

"ကျွန်တော်တို့အခုလို ဈေးထွက်တယ်ဆိုတာ အလကားထွက်ရတာ မဟုတ်ပါဘူး။ စည်ပင်ကကောက်သမျှ အခွန်အခတွေပေးပြီး ထွက်နေကြတာပါ။ အမှတ်(၃)ရပ်ကွက်ဘက် ကမ်းနားတစ်လျှောက်မှာ ကွမ်းယာဆိုင်၊ ကုန်စုံဆိုင်၊ လက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးခေါက်ဆွဲဆိုင် စသည်ဖြင့် ဆိုင်ခန်းပေါင်း နှစ်ဆယ်ကျော်လောက်ရှိပါတယ်။ စည်ပင်ကစာထွက်ပြီး ပြောင်းခိုင်းတာ မပြောင်းလို့ဆိုပြီး တရားရုံးမှာ တရားစွဲ ဒဏ်ငွေရိုက်တာလည်း ခဏခဏပါပဲ။ ဒဏ်ငွေဆောင်ရတာ ဒီလိုဒုက္ခကြီး ဘယ်သူခံစားချင်မှာလဲဗျာ။ မဖြစ်လွန်းလို့ ဒီလိုဒုက္ခကြီး ခံစားပြီးထွက်နေရတာပါ" ဟု အထက်ပါဈေးသည်က ပြောသည်။

အခြားနေရာတွင် ပြောင်းရွှေ့၍ စီးပွားရှာရန် အရင်းအနှီးမပြည့်စုံသော အခက်အခဲနှင့် ရင်ဆိုင်နေရသော ဈေးသည်များ၏ ဘဝနှင့် စည်ပင်ဥပဒေကို ချိန်ညှိ၍ ပြန်လည်စဉ်းစားသုံးသပ်ပေးစေလိုကြောင်း အထက်ပါဈေးသည်က ဆိုသည်။

"မိသားစုစားဝတ်နေရေးကြောင့်ပေါ့ဗျာ။ ကျွန်တော့်မှာ မိသားစုလေးယောက်ရှိပါတယ်။ ကလေးနှစ်ယောက်က ကျောင်းသား။ ကျောင်းဖွင့်စဆိုတော့ ကျောပိုးအိတ်၊ ဖိနပ်၊ ကွန်ပါဘူး၊ ကျောင်းဝတ်စုံ၊ မုန့်ဖိုး အကုန်အကျတွေ အရမ်းများတယ်။ ရောင်းရတာက နေ့တစ်ဝက်။ မြို့ထဲဆိုင်တွေက နေ့ရောညပါ အလုပ်ဖြစ်တယ်။ ကျွန်တော်တို့ စီးပွားဖြစ်နိုင်ပါ့မလားဗျာ။ အခုခက်နေတာက ပြေးစရာလည်းမြေမရှိ စားစရာကလည်း အခြေမရှိ။ဒါကြောင့်ကျွန်တော်တို့ ဈေးသည်တွေရဲ့ဘဝ၊ စားဝတ်နေရေးအခြေအနေ ဒါတွေကိုသုံးသပ်ပြီး ပျားလည်းစွဲသာ၊ ရှဉ့်လည်းလျှောက်သာ သဘောမျိုး စဉ်းစားပေးစေချင်ပါတယ်" ဟု ၎င်းကပြောသည်။

ဖေထွဏ်းဇော်(ရေစကြို)

ပုလဲသွယ်စပ်မျိုးစပါးတောင်သူများကွင်းဆင်းလေ့လာ

သီပေါ၊ ဇူလိုင် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် အောင်မြင်လျက်ရှိသော ပုလဲသွယ်စပ်မျိုးစပါးများ မကြာမီကာလအတွင်း ရိတ်သိမ်းတော့မည်ဖြစ်ရာ စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ပျိုးခြင်းနှင့် အဖိုလိုင်း အမလိုင်းများ ဝတ်မှုန်ကူးခြင်း ရှင်းလင်းပြသပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသော တောင်သူဦးကြီးများအား ဇူလိုင် ၁၆ ရက်က အထူးဖိတ်ကြားပြီး အထွက်ကောင်း ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်ခြင်းကြောင့် အကျိုးသက်ရောက်မှုရှိပုံနှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက်ကို ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်ဦးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမိုးကျော်စွာဝင်းတို့က ဒေသခံတောင်သူများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် တောင်သူများသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပုလဲသွယ်စပ်မျိုးစပါးခင်းကို လက်တွေ့ကွင်းဆင်းကြည့်ရှုလေ့လာကြပြီး မိမိတို့လယ်မြေတွင်လည်း ယင်းအထွက်ကောင်းစပါးမျိုးများကို စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူလယ်သမားများ စပ်မျိုးစပါးမျိုးစေ့ထုတ်နည်းပညာများ ကျွမ်းကျင်တတ်မြောက်လာပြီး ကိုယ်ပိုင်မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်လာနိုင်စေရန်နှင့် စပ်မျိုးစပါးမျိုးစေ့များ ပြည်တွင်း၌ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်စေရန် ရည်ရွယ်လျက် တောင်သူပညာပေး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် စိုက်ပျိုးခြင်းကို ဘော်ကြိုကျေးရွာအုပ်စု ထားတွင်း (မောတော) ကျေးရွာ တောင်သူလယ်သမားကြီးလုံးစိုင်းနန္ဒော၏ လယ်မြေသုံးဧက၌ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကာ အက်စ်ဝမ်းမျိုးစေ့ထုတ် အဖိုလိုင်းနှင့် အမလိုင်းများ ဝတ်မှုန်ကူးပွဲတော်ကိုလည်း အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

စိုင်း(သီပေါ)

စီးပွားရေးသမားအချို့ ဒုဋ္ဌဝတီ (သီပေါ) မြစ်ကူးတံတားအနီးရှိသဲများကို စက်ယန္တရားများဖြင့် တူးဖော်နေ၍ မြစ်ကမ်းပါးပြိုမှုများဖြစ်ပေါ်နေ

သီပေါ၊ ဇူလိုင် ၁၈

မိမိအကျိုးစီးပွားကို သာကြည့်သော ပုဂ္ဂလိကစီးပွားရှင်အချို့မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ အသက်သွေးကြောသဖွယ် ပြည်နယ်နှင့် ပြည်မဒေသကို ပေါင်းကူးဆက်သွယ်ပေးသော ဒုဋ္ဌဝတီ(သီပေါ) မြစ်ကူးတံတားအနီးတွင် စက်ယန္တရားများဖြင့် သဲများကိုထုတ်ယူတူးဖော်နေသဖြင့် မြစ်ကမ်းပြိုမှုများ ဖြစ်ပေါ်လျက်ရှိပြီး ၎င်းမြစ်ကမ်းပြိုမှုကို ပိုင်တိုင်ရိုက်၍ ကာကွယ်ထားရကြောင်း သိရသည်။

"အများအတွက်နဲ့ တစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွားယှဉ်လာရင် အများအတွက် ဦးစားပေးရမှာပေါ့ဗျာ။ သက်ဆိုင်ရာ တာဝန်ရှိသူအနေနဲ့လည်း တံတားကြီး ထိခိုက်မှုမရှိအောင် အချိန်မီကြိုတင်တားဆီးပေးသင့်တယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ဒုဋ္ဌဝတီမြစ်အနီး စက်ယန္တရားများကိုအသုံးပြု၍ သဲများတူးဖော်မှုကြောင့် မြစ်ကမ်းပါးပြိုကျနေသည်ကို တွေ့မြင်ရစဉ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြု ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့သန့်ရှင်းသာယာလှပရေး၊ ဒုဋ္ဌဝတီမြစ် မြို့ဧရိယာကိုတိုက်စားခြင်းမှ ကာကွယ်ရေး စသည်တို့အတွက် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုငွေကျပ်သိန်းပေါင်း ငါးထောင်ကျော်ဖြင့် ရေကာတာ ရေတားဆည်ကိုးခု တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
၅/၂၀၁၄-၂၀၁၅ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှစက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က)ရောင်းချမည့်ရက်နှင့်အချိန် - ၃၁-၇-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၉း၃၀နာရီ

(ခ)ရောင်းချမည့် အမျိုးအစားနှင့်တန် - ကျွန်းသစ်လုံး/ဗုံတို/တိုင်(၇၃၅)တန် သစ်မာသစ်လုံး (၁၉၇၁)တန်
- ပုံစံ(၈)ကျွန်းခွဲသား/ဓားရွေ(၇၁)တန်
-သစ်မာခွဲသား(EQ/ER-ကညင်)(၅)တန်

(ဂ)ရောင်းချမည့်နေရာ - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)၊ မြန်မာ့သစ်လုပ်ငန်း၊ အမှတ်(၇၂/၇၄)ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mmတွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း ဖုန်းနံပါတ် ၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၄၅၃များတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံကျင်းပရေးကော်မတီ
ပြည်တွင်းရောင်း/စက်



ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁) လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ် (၉၉/က◌ိB)၊ ဧရိယာ(၀.၀၅၃)ဧက အကျယ်အဝန်း (၅၅'.၀"/၄၉'.၀×၁၃"+၃၂.၆'/၄၅'.၆") ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အိမ် အမှတ်(၁၁/က) (၁၄)ရပ်ကွက်၊ မဂ္ဂင်လမ်းဟုခေါ်တွင်သော မြေကွက်၊ အိမ်နှင့် ဖုန်း (၅၇၇၀၁၃)အပါအဝင်ကို ပိုင်ရှင်ဖြစ်သူ ဦးကျော်လှမြင့်[၇/သဝတ(နိုင်) ၀၅၈၂၂၄]ထံမှ လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေအချို့အဝက် ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်၊ အိမ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်အရေးဆိုလိုသူများ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ပြည့်စုံစွာတင်ပြ၍ လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက အရောင်းအဝယ်ကိစ္စဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ငွေငွေဝင်း(**LL.B,D.B.L,B.A.S**)
(တရားလွှတ်တော်ရှေ့နေ)စဉ်-၉၃၉၃
အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၁၇၅၄၀

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီး(၃၄)ရုံနှင့် ဗဟိုအဆင့်ဆေးရုံကြီး (၃၁)ရုံတို့တွင် ဆေးနှင့်ဆေးပစ္စည်းများကို မှတ်တမ်းများထားရှိရန် Computerized Inventory Software ရေးဆွဲမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းအသေးစိတ်ကို ကျန်းမာရေးဦးစီးဌာန၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၁၅၈ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၅-၇-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ညနေ ၄နာရီ

တင်ဒါစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန

မြေကွက်များဝယ်လိုသည်

ဒဂုံတောင်ပိုင်းနှင့် ဒဂုံဆိပ်ကမ်း

ဖုန်း- ၇၃၀၈၉၇၃၇၊
၄၂၅၂၈၉၀၀၃
၄၉၃၃၉၃၅၄၊
၄၂၅၂၈၉၀၀၄

ရောင်းမည်

ရန်ကုန်မြို့မှ မိနစ်ပိုင်းအတွင်း သွားနိုင်သော ညောင်တုန်းမြို့၊ လမ်းမတော်လမ်းပေါ်ရှိ ၀.၀၅၀ဧကမြေနှင့် အိမ်ရောင်းမည်။ ဘိုးဘွားပိုင်မြေ၊ ပိုင်ရှင်အမည်ပေါက် ပွဲစားမလို (ညှိနှိုင်း)

ဖုန်း-၀၉-၄၂၂၅၂၄၇၀၄





ချေးငွေအစောဆုံးပြန်လည်ပေးဆပ်သောသမအသင်း များအား ဆုချီးမြှင့်၍ ဒုတိယအကြိမ် ထုတ်ချေး

ဝက်လက်၊ ဇူလိုင် ၁၈

ဝက်လက်မြို့နယ် သမဝါယမအသင်းစုအနေဖြင့် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်တို့ထံမှ တစ်ဆင့်ရရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရရှိသော ချေးငွေများအား ဒုတိယအကြိမ် ပြန်လည်ထုတ်ချေးငွေပေးအပ်ပွဲကို ဇူလိုင် ၁၄ ရက်က အဆိုပါအသင်းစုရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးပေါ်ရှင်နှင့် သမဝါယမ ဦးစီးအရာရှိတို့က ပထမအကြိမ်ချေးငွေကို ပထမဆုံးပေးဆပ်သော ညောင်ပင်တွင်းကျေးရွာ အောင်သစ္စာစိုက်ထုတ်သမအသင်းနှင့် အသင်းသား ၂၀၀ ဦးကျော်မှ စောစီးစွာ ချေးငွေများကို ကျေပွန်စွာပေးဆပ်သော ခေါ်တောကျေးရွာ ပွင့်လင်းလယ်/ထွေသမအသင်းတို့အား ဆုများချီးမြှင့်ပေးကြပြီး ၎င်းအသင်းစု ၈၁ သင်းအား ဒုတိယအကြိမ်အဖြစ် ချေးငွေကျပ် ၆၄၇၄ သိန်းကို အသင်းစုများထံသို့ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းချေးငွေများကို ဝက်လက်မြို့နယ်အတွင်းရှိ ကျေးရွာ လယ်ယာကုန်ထုတ်အသင်းစု ၈၁ သင်းမှ အသင်းသား ၅၇၇၆ ဦးတို့အား ငွေကျပ် ၅၇၇၆ သိန်းကို ဇန်နဝါရီလက ထုတ်ချေးပေးခဲ့ရာ ဇွန်လကုန်တွင် ခြောက်လပြည့်သဖြင့် ဇူလိုင်လဆန်းတွင် ပြန်လည်ကောက်ခံပြီး ချေးယူထားသော အသင်းစုများမှ ကျေပွန်စွာ ပြန်လည်ပေးဆပ်ခဲ့သည်။

"တစ်ပါတ်အတွင်း ယင်းအသင်းစုများကို ဒုတိယအကြိမ် ပြန်လည်ထုတ်ချေးပေးခြင်းဖြစ်တာကြောင့် အသင်းစုများအနေနဲ့ သတ်မှတ်ကာလ ခြောက်လပြည့်ရင် ချေးငွေများကို အလေးထားပေးဆပ်ကြရန်လိုပါတယ်။ ယခု ချေးငွေအတိုးနှုန်းကလည်း ငွေကျပ် ၁၀၀ မှာ တစ်ကျပ်ခွဲတိုးဖြစ်လို့ အပြင်ပုဂ္ဂလိကကနေ ချေးယူမယ်ဆိုရင် လက်ရှိချေးငွေအတိုးနှုန်း ငွေကျပ် ၁၀၀ ကို ၇ ကျပ်ကနေ ၁၀ ကျပ်နှုန်းအထိ ပေးယူရမှာဖြစ်လို့ များစွာသက်သာပါတယ်။ နိုင်ငံတော်ကနေ ပြည်သူများရဲ့ လူမှုစီးပွားတိုးတက်စေရေးအတွက် ဤသို့ဆောင်ရွက်ပေးနေတာကို မိမိတို့ဘက်ကလည်း သတ်မှတ်ကာလ ခြောက်လပြည့်ရင် အမြန်ကျေပွန်စွာ ပြန်လည်ပေးဆပ်ကြရန် လိုအပ်ပါတယ်"ဟု မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်ခင်နွဲ့က ရှင်းလင်းပြောကြားခဲ့သည်။

နန်းမြင့်

နဘက်စံပြကျေးရွာအိုးလုပ်ငန်းအတွက်အတိုးနှုန်း သက်သာစွာဖြင့် ချေးငွေများထုတ်ချေး

မြောင်၊ ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ နဘက်စံပြကျေးရွာရှိ ရိုးရာ အိုးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် အိုးလုပ်တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေးအတွက် ဇေယျာပဒေသာဖောင်ဒေးရှင်းမှ အတိုးနှုန်း သက်သာစွာဖြင့် ငွေထုတ်ချေးပေးလျက်ရှိရာ ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ အိုးလုပ်သူပေါင်း ၁၂၅ ဦးအတွက် ငွေကျပ် ၁၂၅ သိန်းကို ခြောက်လကြာ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ရွာမှာရှိတဲ့ အိုးလုပ်တောင်သူပေါင်း ၁၂၅ ဦးအတွက် ချေးငွေ ၁၂၅ သိန်း ရရှိပါတယ်။ ရရှိလာတဲ့ချေးငွေတွေကို လုပ်ငန်းလည်ပတ်ဖို့နဲ့ အမှန်တကယ်အကျိုးရှိရှိအသုံးချဖို့ အိုးလုပ်သားအသင်းအစုအဖွဲ့ကနေပြီး အိုးလုပ်တောင်သူတစ်ဦးချင်းစီကို ထုတ်ချေးပေးပါတယ်။ အခုလိုအချိန်မှာ ချေးငွေရရှိတဲ့အတွက် အိုးလုပ်သူတွေ ဝမ်းသာကြတာပေါ့" ဟု နဘက်ကျေးရွာမှ အိုးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဒေါ်ကျော့ကျော့မောင်ကပြောသည်။

နဘက်စံပြကျေးရွာ အိုးလုပ်ငန်းအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ယခင်နှစ်က အိုးလုပ်သူ ၁၁၄ ဦးအတွက် ငွေကျပ် ၁၁၄ သိန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး ယခုနှစ်တွင် အိုးလုပ်သူ ၁၂၅ ဦးအတွက် ငွေကျပ် ၁၂၅ သိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

မြင့်နိုင်စိုး(ပြန်/ဆက်)

သာစည်မြို့တွင်းသာယာလှပရေးဆောင်ရွက်

သာစည်၊ ဇူလိုင် ၁၈

သာစည်မြို့တွင်း သာယာလှပရေးအတွက် မြို့လယ်မှ ဖြတ်သန်းဖောက်လုပ်ထားသည့် မန္တလေး- မိတ္ထီလာ-သာစည်-တောင်ကြီး-ကျိုင်းတုံသွား အဝေးပြေးကားလမ်းမကြီး၏ ဘေးနှစ်ဖက်ရှိ လမ်းပလက်ဖောင်း နယ်နိမိတ်အထိ တိုးချဲ့၍ ကတ္တရာလမ်း ခင်းကျင်းဆောင်ရွက်မှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၏ စီစဉ်မှုဖြင့် တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီက ဇွန် ၂၇ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီသည် မြို့တွင်းလမ်းပိုင်းဖြစ်သည့် မိုင်တိုင်အမှတ် ၁၂/၆ မှ ၁၄/၀ အထိ လမ်းစတင်၍ လမ်းနယ်နိမိတ်တိုးချဲ့ကာ ကတ္တရာခင်းခြင်း ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မိုင်တိုင်အမှတ် ၁၃/၄ အထိ ခင်းကျင်းပြီးဖြစ်သည်။ မြို့တွင်း လမ်းပိုင်းလမ်းနယ်နိမိတ် တိုးချဲ့၍ ကတ္တရာခင်းကျင်းမှု ပြီးစီးသွားပါက ယာဉ်ကြီးယာဉ်ငယ်များ မြို့တွင်းသို့သွားလာရာတွင် အန္တရာယ်ကင်းမည်ဖြစ်သည်။

မောင်ကို

စည်းကမ်းမဲ့နွားများကြောင့် ယာဉ်အန္တရာယ်စိုးရိမ်ရ

သီပေါ၊ ဇူလိုင် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ရှိ နွားမွေးမြူသူများသည် မိမိတို့နွားများကို စည်းကမ်းမဲ့လွှတ်ကျောင်းထားသဖြင့် အိမ်ရှေ့၊ အိမ်ဝင်း ပန်းအလှစိုက်ပျိုးထားသူများ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် လမ်းသွားလမ်းလာများကို အနှောင့်အယှက်ဖြစ်စေပြီး ယင်းနွားများကို ရှောင်တိမ်းသွားလာနေရသဖြင့် ယာဉ်အသွားအလာများ ခက်ခဲကြောင်း ဒေသခံများက ပြောသည်။

ယခုအချိန်သည် ကျောင်းဖွင့်ချိန်ကာလဖြစ်သည်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ကျောင်းဆင်းချိန်များတွင် အဆိုပါ စည်းကမ်းမဲ့နွားများကြောင့် ယာဉ်တိုက်မှုအန္တရာယ်ကိုပါ စိုးရိမ်နေကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

စိုင်း(သီပေါ)

အလုံမြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ အလုံမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးသို့ Mobile Library ရွေ့လျားစာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန်၊ ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက အလုံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ Mobile Library ရွေ့လျားစာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အလုံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက Mobile Library ရွေ့လျား စာကြည့်တိုက်နှင့်အတူ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် လျှပ်စစ်အန္တရာယ် အသိပေးဆွေးနွေးခြင်း၊ ပတ်ဝန်းကျင်သာယာလှပ စိုပြည်ရေးတို့ကို ဟောပြောဆောင်ရွက်ခဲ့ပြီး သုတ ရသ စာအုပ်စာစောင် အုပ် ၁၀၀ အား ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူတို့၏ဘဝ အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုကာ ပြည်သူကိုအခြေပြုသည့် Mobile Library ရွေ့လျား စာကြည့်တိုက်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေတိုင်လွင်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန၏ ဆောင်ရွက်ရန်လုပ်ငန်းများ			
စဉ်	တည်နေရာ/ တက္ကသိုလ်အမည်		ဆောင်ရွက်မည့်လုပ်ငန်းများ
၁။	ရန်ကုန်တိုင်းဒေသကြီး၊	ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်	(၁) လူ(၄၀၀)ဆံ့ အိပ်ဆောင် (၆)ထပ်တည်ဆောက်ခြင်း
၂။	ရှမ်းပြည်နယ်	ဆေးတက္ကသိုလ်၊ တောင်ကြီး	(၁) အရာထမ်းအိမ်ရာ(၄)ခန်းတွဲ(၄)ထပ်တည်ဆောက်ခြင်း (၂) အမျိုးသမီးကျောင်းဆောင် (၅)ထပ်တည်ဆောက်ခြင်း (၃) အမျိုးသားကျောင်းဆောင် (၅)ထပ်တည်ဆောက်ခြင်း (၄) ဧည့်ရိပ်သာ(၄)ခန်းတွဲ (၃)ထပ်တည်ဆောက်ခြင်း (၅) ဒုတိယပါမောက္ခချုပ်နေအိမ် (၂)ထပ်တည်ဆောက်ခြင်း (၆) စားသောက်ဆိုင်တည်ဆောက်ခြင်း (၇) Lecture Theatre (၂)ခု ပါဝင်သော (၃)ထပ် စာသင်ဆောင် တည်ဆောက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၇-၇-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၈-၈-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍တင်သွင်းရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအလိုက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာအောက်ပါအတိုင်းဖြစ်ပါသည်။

ရုံးအမှတ်(၄)၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်

၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဦးစီးဌာနတွင်လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၂၃၃၊ ၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဟန်လင်းစံပြကျေးရွာ ညောင်ကိုးပင်ပြတိုက်တွင် ရှားပါးသည့် မိကျောင်းပလ္လင်ကို ထိန်းသိမ်းပြသထား

ဝက်လက်၊ ဇူလိုင် ၁၈

ဟန်လင်းပျူ ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ သွားရောက်လည်ပတ်လေ့လာမည်ဆိုပါက ဟန်လင်းစံပြကျေးရွာအတွင်း တည်ရှိသည့် ညောင်ကိုးပင် ဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ ဆရာတော်ဦးနာဂ အထိမ်းအမှတ် ရှေးဟောင်း ပျူယဉ်ကျေးမှုပြတိုက်သို့လည်း သွားရောက်လေ့လာသင့်ကြောင်း အဆိုပါပြတိုက်တွင် ရှားပါးသည့် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများကို စုဆောင်းပြသထားကြောင်း သိရသည်။

အဆိုပါပြတိုက်တွင် ပျူခေတ် ရှေးဟောင်း မြေထည်အိုးများ၊ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ရောင်စုံပုတီးစေ့များ၊ ပျူခေတ်လက်ရာ ရွှေထည်၊ ကြေးထည်၊ သံထည်၊ မြေထည်များ၊ ပျူဒင်္ဂါးများ စသည့် ပျူခေတ်နှင့် ရှေးခေတ်ပစ္စည်းများကို စုဆောင်းပြသထားကြောင်း သိရသည်။ အဆိုပါ ရှေးဟောင်းပစ္စည်းများထဲတွင် ရှားပါးတွေ့မြင်ရခဲသည့် သစ်သားဖြင့်ထွင်းထုပြုလုပ်ထားသည့် မိကျောင်းညီနောင်ခံ ဘုရားပလ္လင်တစ်ခုကို ထိန်းသိမ်းထားကြောင်း သိရသည်။

ဗုဒ္ဓရုပ်ပွားတော်များ၏ အောက်ခံပလ္လင်များကို ဆင်ခံ၊ ခြင်္သေ့ခံ၊ ပဒုမ္မာကြာပန်းခံ စသည်တို့ဖြင့်သာ ထုလုပ်ပူဇော်ကြသော်လည်း အဆိုပါပြတိုက်ရှိ ဘုရားပလ္လင်တော်မှာ မိကျောင်းနှစ်ကောင်ခံသည့် ထူးခြားသောပလ္လင်တော်ဖြစ်ကြောင်း၊ အဆိုပါမိကျောင်းညီနောင်ပလ္လင်တော်ကို ပြတိုက်တည်ထောင်ခဲ့သည့် ဆရာတော် ဦးနာဂမှ ထိန်းသိမ်းစုဆောင်းထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မိကျောင်းခံပလ္လင်ဆိုတာကို ဘုန်းကြီးတို့ မတွေ့ဖူးဘူး။ ဘယ်လိုရည်ရွယ်ချက်နဲ့ ထုလုပ်ပူဇော်ခဲ့တယ်ဆိုတာ မသိရဘူး။ ရှားပါးတဲ့ရှေးဟောင်းလက်ရာတစ်ခုလို့ ပြောနိုင်ပါတယ်။ ဒီပြတိုက်ကို ယဉ်ကျေးမှုဝန်ကြီးတွေရော၊ နိုင်ငံခြားသားပညာရှင်တွေရော လာပြီးကြည့်ကြတယ်။ ဘုန်းကြီးအနေနဲ့ ဆရာတော်ကြီး စုဆောင်းထိန်းသိမ်းခဲ့တဲ့ ရှေးဟောင်းပစ္စည်းတွေကို အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ပေးထားပါတယ်"ဟု ညောင်ကိုးပင်ကျောင်းတိုက်ဆရာတော် ဦးတေဇနိယက မိန့်ကြားသည်။

သစ်သားဖြင့်ထွင်းထုထားသည့် မိကျောင်းညီနောင်ခံ ဘုရားပလ္လင်ကိုတွေ့ရစဉ်။

အဆိုပါရှေးဟောင်းပြတိုက်တွင် ထိန်းသိမ်းထားသည့် မိကျောင်းညီနောင်ခံပလ္လင်တွင်ပါရှိသည့် မိချောင်းနှစ်ကောင်၏ပုံသဏ္ဌာန်မှာ ကိုယ်ခန္ဓာခပ်ကွေးကွေးအနေအထားဖြင့် ရှေ့မျက်နှာစာတွင် ခေါင်းချင်းဆိုင်ထားသည်။ မိကျောင်းများ၏အလျားမှာ သုံးပေခန့်စီရှိကြောင်း၊ ဟင်္သာပြဒါးဆေးနီသုတ်လိမ်းထားပြီး ရွှေချထားကြောင်း၊ ပြတိုက်သို့ လာရောက်လေ့လာသူများသည် စိတ်ဝင်စားစွာကြည့်ရှုလေ့လာဖူးမြော်ကြကြောင်း သိရသည်။

နန္ဒာမင်းလွင်

မကျီးဘုတ်-တွင်းကြီး-တမဆေးကန်-နဘက် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ရေးဆောင်ရွက်

မြောင်၊ ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ မကျီးဘုတ်-တွင်းကြီး-တမဆေးကန်-နဘက် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးမှုဦးစီးဌာန၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သိန်းပေါင်း ၂၅၀၀ ကျော်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါလမ်းတည်ဆောက်မှုပြီးစီးပါက မြောင်မြို့နယ်အတွင်းရှိ ကျေးရွာပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလွယ်ကူ၍ ကုန်စည်ရောင်းဝယ်မှုများလည်း ကောင်းမွန်လာတော့မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီလမ်းကို ဇူလိုင် ၆ ရက်ကစပြီး ဆောင်ရွက်ပါတယ်။ လမ်းအရှည် လေးမိုင် လေးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ၂ ပေ ဆောင်ရွက်သွားမှာပါ။ လမ်းသား ၁၈ ပေ အကျယ်ရဲ့ ဘေးဝဲယာမှာ ၁၀ ပေစီကို လမ်းနယ်ချန်ထားပြီး လမ်းနယ်ရဲ့အပြင်ဘက်က မြေသားကိုယူပြီး ခင်းသွားမှာဖြစ်ပါတယ်။ မြေသားလမ်းကို ရာသီမရွေးသွားလာနိုင်အောင် လှည်းလမ်းသီးသန့်သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု အဆိုပါလမ်းဆောင်ရွက်နေသည့် ကောင်းခနေကုမ္ပဏီလီမိတက်မှ ဝန်ထမ်းတစ်ဦးက ပြောသည်။

တမဆေးကန်-တွင်းကြီး မြေသားတာပေါင်တင်လုပ်ငန်းအတွက် ခွင့်ပြုငွေကျပ် ၃၇၁ ဒသမ ၁၂ သိန်း၊ မကျီးဘုတ်-တွင်းကြီး-နဘက် လမ်းပိုင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း အရှည်ခုနှစ်မိုင် တစ်ဖာလုံ၊ အကျယ် ၁၂ ပေအတွက် ခွင့်ပြုငွေကျပ် ၂၁၈၆ ဒသမ ၅၈ သိန်း၊ စုစုပေါင်းခွင့်ပြုငွေကျပ် ၂၅၅၇ ဒသမ ၇၀ သိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုဦးစီးဌာနမှ သိရသည်။

"ကျေးရွာတွေဖွံ့ဖြိုးတိုးတက်ဖို့ လမ်းပန်းဆက်သွယ်ရေးက အဓိကအရေးပါပါတယ်။ ဦးဇင်းတို့ရွာမှာ တောင်သူတွေက မိုးကိုအားကိုးအားထားပြုကြရပါတယ်။ မိုးရွာလို့ သီးနှံတွေကောင်းပြန်တော့လည်း လမ်းတွေကမကောင်းတော့ သွားမရ၊ အမျိုးမျိုးဒုက္ခကြုံရတယ်။ လမ်းတွေသာ အမြဲကောင်းနေရင် သီးနှံတွေလည်း အလွယ်တကူရောင်းလို့ဖြစ်၊ တောင်သူတွေလည်း ဒုက္ခမများတော့ဘူးပေါ့" ဟု တွင်းကြီးကျေးရွာ ဘုရားကြီးကျောင်းတိုက်မှ ဆရာတော်တစ်ပါးက မိန့်ကြားသည်။

အဆိုပါလမ်းသည် မြောင်-ပရိမ္မကားလမ်းပေါ်ရှိ နဘက်စံပြကျေးရွာနှင့် ချောင်းဦး-ပခုက္ကူ ကားလမ်းမပေါ်ရှိ မကျီးဘုတ်ကျေးရွာတို့ကို ဆက်စပ်ပေးနိုင်သည့် ကျေးရွာချင်းဆက်လမ်းဖြစ်ပြီး ရာသီမရွေးသွားလာနိုင်ပါက စိုက်ပျိုးရေးကို အဓိကအားထားရသော မြောင်မြို့နယ်အတွင်းရှိ တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် များစွာအထောက်အကူပြုနိုင်သည့် လမ်းမကြီးတစ်ခုဖြစ်ကြောင်း သိရသည်။ **မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

ပဲခူးမြို့နယ်၊ ဘောနက်ကြီးကျေးရွာ၊ ကျေးရွာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အိုးအိမ်မဲ့များ အိမ်ရာပိုင်ဆိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး

ပဲခူး၊ ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘောနက်ကြီးကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အိုးအိမ်မဲ့များ အိမ်ရာပိုင်ဆိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါရွာရှိ ရွှေကြာရံဘုရား ဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ကျေးရွာအုပ်ချုပ်ရေးမှူးက တာဝန်ရှိသူများ၊ ပြည်ခိုင်ဖြိုးပါတီ၊ ကျေးရွာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကျေးရွာအထောက်အကူပြု အဖွဲ့ဝင်များ၊ ကျေးရွာမြေနေရာချထားရေး ကော်မတီဝင်များနှင့် ကျေးရွာတိုးတက်ရေးအဖွဲ့များက မိမိတို့ကျေးရွာ မီးလင်းရေးအတွက် လုပ်ဆောင်ခဲ့ပြီး လျှပ်စစ်မီးရရှိခဲ့ပြီဖြစ်ကြောင်း၊ အိမ်ရာမဲ့မိသားစုများအတွက် လယ်ယာမြေပျက်များ ဝယ်ယူ၍ လေးဆယ် ခြောက်ဆယ်အကွက်များရိုက်၍ တရားဝင်ခွင့်ပြုမိန့်ကျအောင် စီစဉ်နေပြီး ခွင့်ပြုမိန့်ကျလာပါက အိမ်ရာပိုင်မရှိသည့် မိသားစုဝင်များအား ဈေးနှုန်းသင့်ရုံဖြင့် ရောင်းချပေးရန် စီစဉ်နေကြောင်း ၎င်းအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။

သက်ဆိုင်ရာများကလည်း မိမိတို့ကျေးရွာအပေါ် ဂရုစိုက်ပေးစေလိုကြောင်း၊ မိမိတို့ကျေးရွာသည် ထန်းတောကြီး-ဇောင်းတူလမ်းလည်းဖြစ် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးနှင့် နီးကပ်သည့်အတွက် စံပြကျေးရွာကြီးဖြစ်စေလိုကြောင်း၊ လျှပ်စစ်မီးရရှိပြီးဖြစ်သည့်အတွက် မိမိတို့ရွာရှိ မိသားစုများ အလုပ်အကိုင်ရရှိအောင် အလုပ်ရုံများ၊ အထည်ချုပ်စက်ရုံများကို မျှော်လင့်နေကြောင်း အဆိုပါအစည်းအဝေး၌ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သိရသည်။

ကိုလတ်(ပဲခူး)

တတိယအကြိမ်မြောက် အရဏ်ဆွမ်းလောင်းလှူ

ရန်ကုန်၊ ဇူလိုင် ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ် ၅/၈ ရပ်ကွက် သစ်ခွပန်းခြံမိသားစု၏ တတိယအကြိမ်မြောက် ဝါတွင်းအရုဏ်ဆွမ်းလောင်းလှူပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၄ နာရီခွဲတွင် ပထမဆုံးအကြိမ်အဖြစ် စတင်လောင်းလှူခဲ့ကြသည်။ ဓမ္မာရုံဥက္ကဋ္ဌ ဦးရဲညီကျော် အတွင်းရေးမှူး ဦးသိန်းအေးတို့၏ ဦးဆောင်မှုဖြင့် ရပ်ကွက်အတွင်းရှိ မိသားစုဝင်များက ဆွမ်းဆန်လေးတင်းနှင့် ဆွမ်းဟင်းများကို ပြင်ဆင်ချက်ပြုတ်ထားခဲ့ကြပြီး ရပ်ကွက်ပိုင် လောကအမြင်ကြည့်မြင်တိုင်ဓမ္မာရုံတွင် စာသင်တိုက် ၁၃ တိုက်မှ သံဃာတော်အပါး ၅၂၀ သို့ ဆွမ်းလောင်းကုသိုလ်ယူခဲ့ကြသည်။ အဆိုပါ ဆွမ်းလောင်းအသင်းမှ အရုဏ်ဆွမ်းနှင့်အတူ စာရေးတံမဲများကိုပါ လှူဒါန်းခဲ့ကြပြီး ဝါတွင်းကာလ ကြာသပတေးနေ့တိုင်း ဆွမ်းလောင်းခြင်းနှင့် ဥပုသ်နေ့တိုင်း သံဃာတော်များသို့ ဆွမ်းလောင်းခြင်း၊ သီလပေးတရားများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုမိုး(ရွှေပြည်သာ)**

တိုက်ခန်းရောင်းမည်
မရမ်းကုန်းမြို့နယ်၊ ဗဟိုလမ်းမ၊ မုဒိတာကွန်ဒို(၁)၊ စတုတ္ထထပ်၊ (၂၂'×၄၀') 1MBR, 2BR, ပါကေး၊ AC, WH, (lift), Car parkပါ။ ညှိနှိုင်းဈေး
ဖုန်း-၀၉-၅၁၅၈၅၂၆

ခွေးရောင်းမည်
Alsation
Rottweiler
Golden
Shihtzu
Ph:0931651935

အတွေးအမြင်

အချိန်မနှောင်းမီ ဆရာဟောင်းကြီးများကို ကြည့်ပါဦး

à |rifq(@rf)

၂၀၁၄ ခုနှစ်၊ ဇွန် ၈ ရက်ထုတ် ကြေးမုံသတင်းစာတွင် "အတွေးအမြင်" ခန်းမှ တက္ကသိုလ်နွယ်သဇင် ရေးသားတင်ပြသော (ခလုတ်ထိတော့ တပည့်တရပြီ) ဆောင်းပါးကို ဖတ်လိုက်ရပါသည်။ ဆောင်းပါးတွင်ပါရှိသော အဖြစ်အပျက်များနှင့် စာရေးသူတို့ ဆရာအိုများဘဝ တစ်ထပ်တည်းကျ၍လည်း ခံစားဝမ်းနည်းမိပါသည်။

စာရေးသူတို့ကဲ့သို့ လစာဟောင်းနှင့် ပညာရေးလုပ်သားများလည်း ထိုနည်းတူဖတ်ရလျှင် ခံစားဝမ်းနည်းကြပေလိမ့်မည်။ ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည်မှာ မိမိတို့ဘဝကို မြှုပ်နှံပြီး ဝါသနာ၊ အနစ်နာ၊ စေတနာဟူသော နာသုံးနာကို အရင်းခံ၍ ဦးဆွေးဆံမြည့် အမှုထမ်းဆောင်ခဲ့ကြပါသည်။ မည်သည့် လာဘ်လာဘများကိုမျှ မမျှော်ကိုးခဲ့ကြပါ။ ကျောင်းသားများ စာမေးပွဲနီးလာလျှင် ကျောင်း၊ အိမ်တို့တွင် အပိုချိန်များခေါ်၍ သင်ကြားပေးခဲ့သည်။ ကျူရှင်ဆိုသည့်စကား မကြားဖူးခဲ့ပါ။ ပညာရေးဌာနတွင် ဝင်ရောက်အမှုထမ်းဆောင်သည့် အချိန်မှစ၍ သက်ပြည့်ပင်စင်ယူသည့် အချိန်ထိ မည်သည့်ဌာနလုပ်ငန်းများသို့လည်း ကူးပြောင်း၍ မသွားပါ။ ဆရာဘဝတွင်ရရှိခဲ့သည့် လစာလေးနှင့် မိသားစုလောက်အောင် ကြိုးစည်ကြိုးစား လုပ်ကိုင်ခဲ့ကြပါသည်။

ယခင်က ဆရာဟောင်းကြီးများ၏ လစာနှင့် မိသားစုများဘဝ မလုံလောက်ကြ၍ ပညာရေးဌာနမှ ထွက်သွားကြပါသည်။ အချို့ဆရာ၊ ဆရာမများမှာ အခြားဌာနသို့ ကူးပြောင်း၍ သွားကြပါသည်။ ထွက်သူထွက် ပြောင်းသူပြောင်းနှင့် ပညာရေးဌာနတွင် သက်ဆုံးတိုင်ရရှိခဲ့သည့် လစာကလေးများနှင့် ကြံ့ကြံ့ခိုင်ဘဝကို ရင်ဆိုင်ခဲ့ကြပြီး အမှုထမ်းဆောင်ခဲ့ကြရပါသည်။ ပညာရေးဌာနကဲ့သို့ပင် အခြားဌာနများရှိ အမှုထမ်းဆောင်ခဲ့ကြသော အစိုးရအမှုထမ်းများလည်း ရှိခဲ့ကြပါလိမ့်မည်။

သို့သော် ပညာရေးဌာနတွင် အမှုထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများမှာ 'တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစား၊ အားကိုရှိ' ဟူ၍ တင်စားခေါ်ဝေါ် သုံးစွဲခဲ့ကြပါသည်။

တစ်ခါက ဆရာကြီးတစ်ဦး ပင်စင်ယူပြီး မမာမကျန်းဖြစ်ကာ ကွယ်လွန်ခဲ့သည်။ ဆရာကြီး၏ မိသားစု ငွေကြေးမတတ်နိုင်၍ ဆရာကြီးအား သင်္ဂြိုဟ်ရန်ကို တပည့်ဟောင်းများက ငွေကြေးများစုဆောင်း၍ သင်္ဂြိုဟ်ခဲ့သည်။ အော်- ဆရာကြီး၊ ဆရာမကြီးများဘဝသည် နောက်ဆုံးနေဝင်ချိန်ထိ ဘဝမလှခဲ့ကြပါလားဟု သံဝေဂရမိခဲ့ပါသည်။

ယခင်က စာရေးသူတို့သည် လ/ထ မြို့နယ် ပညာရေးမှူးဘဝနှင့် ၂၀၀၃ ခုနှစ်တွင် ပင်စင် အငြိမ်းစားယူခဲ့ပါသည်။ ပင်စင်တစ်လကို ၃၃၀၀ ရရှိခဲ့ပါသည်။ မိသားစုနှင့် ဘယ်လိုမျှ မစားလောက်ခဲ့ပါ။ သားရေး၊ နာရေး ဝေလာဝေး၊ စားဝတ်နေရေး ရတတ်မအေး ဖြစ်ကြရပါသည်။ ဂရက်ကျူတီခေါ် ဆုကြေးမှာ လုပ်သက်နှစ် ၄၀ ကို တွက်ချက်၍ တစ်သိန်းကျော် ရရှိခဲ့ပါသည်။ ရှင်ရိုသေ၊ လူရိုသေဘဝတောင်

ဆရာကြီး၏မိသားစု ငွေကြေးမတတ်နိုင်၍ ဆရာကြီးအား သင်္ဂြိုဟ်ရန် တပည့်ဟောင်း. . .

မဖြစ်ခဲ့ပါလားဟု တွေးကာ ဘဝကိုကြံ့ကြံ့ခိုင် လျှောက်လှမ်းခဲ့ကြရပါသည်။ အချို့ပင်စင်စားဆရာကြီး၊ ဆရာမကြီးများမှာ ပင်စင်ရသည့် လစာနှင့် စားစရိတ်၊ ခရီးစရိတ်မတတ်နိုင်၍ ဘဏ်သို့လာ မထုတ်နိုင်ပါ။

လစာဟောင်းမှ ပင်စင်စားဆရာကြီး၊ ဆရာမကြီးများလည်း သိပ်မကျန်တော့ပါ။ အချို့ ဇရာ၊ ဗျာဓိ၊ မရဏ သဘောဖြင့် သေလွန်သွားကြပါပြီ။ အသက်ကြီး၍ မရဏခရီးသို့ လျှောက်လှမ်းနေကြသော ရှားရှားပါးပါး ဆရာကြီး၊ ဆရာမကြီးများသာ ကျန်ပါတော့သည်။ စာရေးသူတို့ပင် ၇၅ နှစ် သက်တမ်းအားဖြင့်ပြောလျှင် သက်တမ်းကုန်ပြီဟု ပြောလို့ရပါသည်။

ယခုလစာနှုန်းသစ်နှင့် ခံစားရ၍ နှစ်ခါတိုးသည့် အခါ ပင်စင်လစာ ၅၄၀၀၀ ကျပ် ရရှိပါပြီ။ စာရေးသူကဲ့သို့ပင် ပင်စင်စားဆရာအိုကြီးများ 'ပျော်တပြုံးပြုံး မော်မဆုံး' ဖြစ်ခဲ့ကြပါသည်။

နိုင်ငံတော်အစိုးရမှ လက်ရှိအမှုထမ်းတွေကို လစာတိုးပေးသကဲ့သို့ ငါတို့ပင်စင်စားကြီးတွေကိုလည်း တိုးပေးတာဘဲဟု အားမာန်တွေတက်လာပါသည်။ နိုင်ငံတော်တာဝန်ကိုလည်း တစ်ထောင့်တစ်နေရာမှ ကူညီထမ်းပိုးရန် အဆင်သင့်ရှိကြပါသည်။

ဤသို့ လစာဟောင်းနှင့် ဆရာကြီး၊ ဆရာမကြီးများနည်းတူ အခြားအမှုထမ်း ပင်စင်စားကြီးများကို နိုင်ငံတော်အစိုးရမှ ပင်စင်ယူသွားကြသော်လည်း ပစ်မထားဘဲ စောင့်ရှောက်ခဲ့သလို ဆက်လက်၍ ကြည့်ရှုစောင့်ရှောက်ပေးပါအုံးလို့ မေတ္တာရှေ့ထား၍ တင်ပြလိုပါသည်။

လစာဟောင်းနှင့် ပင်စင်စားကြီးများမှာ ပင်စင်ယူကြရသည့်အခါတွင် (ဂရက်ကျူတီ)ခေါ် ဆုကြေးရရှိငွေနှင့် ယခုလစာသစ်နှင့် ပင်စင်ယူသွားသည့် ပင်စင်စားများရရှိသော (ဂရက်ကျူတီ)မှာ အလွန်ကွာခြားပါသည်။ စာရေးသူတို့ပင်စင်ယူစဉ်က ရရှိသော (ဂရက်ကျူတီ)မှာ ကျပ်တစ်သိန်း လုပ်သက်နှစ် ၄၀ ယခု ၁၆ သိန်း ကွာခြားနေပါသေးသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရမှ လစာဟောင်းနှင့် ဆရာကြီး၊ ဆရာမကြီးနှင့် အခြားဌာနမှ ပင်စင်စားကြီးများကို သနားညှာတာထောက်ထား၍ လစာသစ်နှင့် ပင်စင်စားကြီးများနည်းတူ ရသင့်ခံစားသင့်သည့် (ဂရက်ကျူတီ) များကို ပြန်လည်တိုးမြှင့်ပေးပါက ကြေးမုံသတင်းစာ အတွေးအမြင်ခန်းတွင် တက္ကသိုလ်နွယ်သဇင် ဆောင်းပါးရှင် ရေးသားတင်ပြသကဲ့သို့ ဆရာအို ပင်စင်စားကြီးများ မသေမီတတ်အားသမျှ လှူသွားချင်ပါသေးသည်ဟု 'အချိန်မနှောင်းမီ ဆရာဟောင်းကြီးများကို ကြည့်ပါဦး'ဟု သက်ဆိုင်ရာ လူကြီးမင်းများသို့ ရေးသားတင်ပြအပ်ပါသည်။ ။

စိုက်ပျိုးချိန်အမီ စိုက်ပျိုးစရိတ်များ ထုတ်ချေး

မြင်းခြံ၊ ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ် သမဝါယမဦးစီးဌာနက စိုက်ပျိုးချိန်အမီ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများအား ဇူလိုင် ၈ ရက်မှစတင်၍ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သာနှင့် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းအောင်တို့ ဦးစီး၍ Exin Bank (China) မှ ချေးငွေကျပ်သိန်းပေါင်း ၂၁၉၆၆ ဒသမ ၇၅၊ CB Bank မှ ချေးငွေ ကျပ်သိန်းပေါင်း ၃၀၃၉ ဒသမ ၃ နှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ငွေကျပ်သိန်းပေါင်း ၉၉ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၂၅၁၀၅ ဒသမ ၀၅ ကို အဖွဲ့ ၂၀ ဖြင့် တောင်သူများလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ မိုးရာသီ စိုက်ပျိုးချိန်အမီ မြို့နယ်သမဝါယမဦးစီးဌာနမှ ထုတ်ချေးပေးခဲ့သဖြင့် စိုက်ပျိုးစရိတ်အဆင်ပြေကြောင်း သိရသည်။ **ဦးဇော်မင်းနိုင်(မြင်းခြံ)**

ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

တောင်သာ၊ ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ လယ်ချိုင့်အရှေ့ရွာ ကံဆွယ်ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို မြင်းခြံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ အစီအစဉ်ဖြင့် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့ပြီး ခရိုင်ဆရာဝန်ကြီးနှင့် မြို့နယ်ဆရာဝန်ကြီးတို့က ကျန်းမာရေးနှင့်ပတ်သက်သည်များကို ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ဒေသခံ သက်ကြီးဘိုးဘွားခြောက်ဦးအား ဆေးဝါး၊ အစားအစာနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ပြီး သံဃာတော်သုံးပါးနှင့် ဒေသခံပြည်သူ ၁၇၇ ဦးတို့အား ကျန်းမာရေးအခမဲ့ စောင့်ရှောက်ကုသမှုများဆောင်ရွက်ခဲ့သည်။ အခမ်းအနားသို့ ခရိုင်/မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ခရိုင်/မြို့နယ်/ကျေးရွာအုပ်စုများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

ပြည်တွင်းကိုအားထား၍တောင်သူများသခွားမွှေးစိုက်ပျိုးလာ

မြောင်၊ ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ တွင်းကြီးနှင့် မကျီးဘုတ်ကျေးရွာများရှိ တောင်သူများ သခွားမွှေးစိုက်ခြင်းဖြင့် ဝင်ငွေကောင်းလျက်ရှိရာ ယခုအခါ တရုတ်ဈေးကွက်မပို့မီ ပြည်တွင်းဈေးကွက်ဖြစ်သော မုံရွာ၊ မန္တလေးဈေးကွက်ကို မျှော်ကိုး၍ တောင်သူအချို့ သခွားမွှေးများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က သခွားမွှေးတစ်ဧကကို သိန်းတစ်ရာလောက်ထိ ရကြတယ်။ ကုန်ကျစရိတ်က တစ်ဧကို သိန်း ၃၀ လောက်ရှိတာဆိုတော့ အကျိုးအမြတ်များများရကြတာပေ့ါ။ ဈေးကွက်သာ အမြဲကောင်းနေရင် တောင်သူတွေ သခွားမွှေးနဲ့ ချမ်းသာပြီ။ အခုစိုက်တာက တရုတ်ဈေးကွက်ထက် ပြည်တွင်းဈေးကွက်ကို အားထားပြီး စိုက်ကြတာပါ" ဟု မကျီးဘုတ်ကျေးရွာမှ သခွားမွှေးစိုက်သည့် တောင်သူတစ်ဦးက ပြောသည်။ မြောင်မြို့နယ်အတွင်း စိုက်ပျိုးမြေဧရိယာ စုစုပေါင်း ၉၁၇၃၇ ဧကရှိပြီး လယ် ၂၂၅၉၂ ဧက၊ ယာ ၄၃၁၁၉ ဧကနှင့် ကိုင်း/ကျွန်း ၂၆၀၂၆ ဧကရှိကာ တွင်းကြီး၊ မကျီးဘုတ်ကျေးရွာများတွင် ဂျုံ၊ ပဲတီ၊ နှမ်းနှင့် ဝါတို့ကို အဓိကစိုက်ပျိုးကြပြီး ဖရုံနှင့် သခွားမွှေးများကိုလည်း စိုက်ပျိုးကြသည်။ **မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

TAW WIN CENTRE

တော်ဝင်မိသားစုအလှူအောင်ပွဲ စတုဒိသာအလှူ

တော်ဝင်မိသားစုကုမ္ပဏီမှ မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်

ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၂၁.၇.၂၀၁၄ (တနင်္လာနေ့)

နံနက် (၉:၃၀) တွင် တော်ဝင်စင်တာ၌ စတုဒိသာ ကြာဆံချက် နှင့် အအေး

တိုက်ကျွေးမည်ဖြစ်ပါသဖြင့် မည်သူမဆိုကြွရောက်သုံးဆောင်နိုင်ပါကြောင်းဖိတ်ကြားအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီ ၊ တော်ဝင်မိသားစု

ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ် ထုံးကြီးကျေးရွာတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအသစ် ဆောက်လုပ်မှုပြီးစီး၍ မကြာမီ ဖွင့်လှစ်နိုင်တော့မည်

မန္တလေး၊ ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ထုံးကြီးကျေးရွာတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ် တည်ဆောက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဆေးရုံကို စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ စီစဉ်မှုဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုငွေကျပ်သိန်းပေါင်း ၆၀၀၀ ကုန်ကျခံကာ လက်ရှိပြည်သူ့ဆေးရုံကြီး၏ အရှေ့ဘက်တွင် အရှည်ပေ ၁၉၃၊ အကျယ် ၂၉၇ ပေရှိ ၁၆ ခုတင်ဆံ့ RC သံကူကွန်ကရစ် တစ်ထပ်ပင်မဆောင် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ နှစ်ခန်းတွဲ ဆရာဝန်နေအိမ်၊ လေးခန်းတွဲ သူနာပြုဆောင်၊ သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ ရင်ခွဲဆောင်၊ ရေစဉ်၊ မြေအောက်ရေကန်၊ မီးစက်ရုံ၊ ဆေးရုံအဝင်လမ်းနှင့် ခြံစည်းရိုးတို့ကို ရန္တပိုကုမ္ပဏီကတာဝန်ယူ၍ လုပ်ငန်း အရည်အသွေးပြည့်မီမှုနှင့် သတ်မှတ်စံချိန်၊ စံညွှန်းကိုက်ညီစွာ ဆောက်လုပ်ခဲ့ရာ ယခုအခါ အဆောက်အအုံတစ်ခုလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ သက်ဆိုင်ရာသို့အပ်နှံကာ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ကြည်က ပြောသည်။

"ဒီဆေးရုံသစ်ကြီးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက စတင်ဆောက်လုပ်ပြီး ၂၀၁၄ ခုနှစ်၊ ဇူလိုင်မှာပြီးစီးခဲ့လို့ ရှစ်လကြာမြင့်ခဲ့ပါတယ်။ ယခုအခါ အဆောက်အအုံ အပ်နှံနိုင်ဖို့နဲ့ မကြာမီ ဖွင့်လှစ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းတွေကို တင်ပြထားပြီးဖြစ်ပါတယ်။ ဆေးရုံသစ်၏ စံချိန်၊ စံညွှန်းနဲ့ကိုက်ညီစွာ ဆေးကုသနိုင်ရေးတို့အတွက် လူနာခုတင်၊ ခွဲစိတ်ခန်းသုံးခုတင် ခွဲစိတ်ခန်းသုံး မီးစလောင်းကိုလည်း တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် လူနာစောင့်နားနေဆောင်၊ ထမင်းချက်ဆောင်၊ ရေချိုးကန်နှင့် ဆေးရုံတွင် မရှိမဖြစ်လိုအပ်သော ဆေးရုံမှ စွန့်ပစ်အညစ်အကြေးမီးရှို့စက် တစ်လုံးထားရှိရန်လည်း လိုအပ်ပါတယ်" ဟု တိုက်နယ်ဆရာဝန်ဒေါက်တာနေမင်းနိုင်က ပြောသည်။

အဆိုပါ ထုံးကြီးတိုက်နယ်ဆေးရုံသည် စဉ့်ကူးမြို့နယ်အလယ်ပိုင်း ကျေးရွာများနှင့် အောက်ပိုင်းမြစ်ရေဝင် ကျွန်းပိုင်း ကျေးရွာရှိ ပြည်သူများအားကိုးပြုရာ ဆေးရုံကြီးဖြစ်သည်နှင့်အညီ လူနာများ၏ ရောဂါမျိုးစုံကို လက်ရှိ ဆရာဝန်တစ်ဦး၊ သူနာပြုတစ်ဦးနှင့် သန့်ရှင်းရေးတစ်ဦးတို့ဖြင့်သာ လုပ်ငန်း လည်ပတ်နေရပြီး လူနာဦးရေနှင့်ခုတင်လုံလောက်မှုတမှုမရှိသဖြင့် လူနာများနေရာထိုင်ခင်း အခက်အခဲရှိကြောင်းသိရသည်။ **ဝင်းမောင်**

ကြည့်မြင်တိုင်မြို့နယ်တွင် လမ်းများတိုးချဲ့၍ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်

ရန်ကုန်၊ ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်းမကြီးတွင် ဇူလိုင် ၁၆ ရက်က ဗဟိုစံပြငါးဈေးကြီးသို့ ကုန်တင်ငါးကားကြီးများ ဝင်ထွက်သွားလာမှု အဆင်ပြေစေရေးအတွက် အရှည်ပေ ၁၃၈၀ ပေရှိ လမ်းမကြီး၏ ဘေးတစ်ဖက်လျှင် ကိုးပေစီ လမ်းသားချဲ့ထွင်၍ ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေကြောင်းသိရသည်။

ကြည့်မြင်တိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင် ဦးအောင်သိန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ကြည်နှင့် ကြည့်မြင်တိုင်မြို့နယ် စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားဌာနမှ တာဝန်ရှိသူများနှင့်အတူ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

၎င်းနောက် မကျည်းတန်းမြောက် အရှေ့ရပ်ကွက်ရှိ အရှည်ပေ ၁၆×၄၂၇ ပေရှိ ဌာနာလမ်းအောက်လမ်း ကွန်ကရစ်ခင်းနိုင်ရေးအတွက် ပန်းဥယျာဉ်ဌာနမှ လမ်းဘေးဝဲယာရှိ သစ်ပင်များခုတ်ထွင် ရှင်းလင်းနေမှုတို့ကို သွားရောက်ကြည့်ရှု၍ ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **ထိန်ဝင်း(ကြည့်မြင်တိုင်)**

ဇေယျာသီရိတွင် ရေဆင်း ၁၀ စပ်မျိုး အစေ့ထုတ်ပြောင်းစိုက်ပျိုးအောင်မြင်

နေပြည်တော်၊ ဇူလိုင် ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဇေယျာသီရိ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ၎င်းတို့နယ်မြေအတွင်းရှိ တောင်သူများကို ဝင်ငွေနှစ်ဆတိုးစေရန်နှင့်ကျေးရွာတစ်ရွာ သီးနှံထုတ်ကုန်တစ်မျိုး စိုက်ပျိုးထုတ်လုပ်နိုင်ရန် အထွက်နှုန်းကောင်း မျိုးသန့်များ ပြောင်းလဲရွေးချယ်စိုက်ပျိုးရေး၊ ခေတ်မီစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးရေးတို့ကို လက်တွေ့လမ်းညွှန်ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာ တောင်သူဒေါ်မူ ပိုင်ဆိုင်သော ကွင်းအမှတ် ၁၆၁၈၊ ဦးပိုင် ၆၆/၄ (ယာ)တွင် ရေဆင်း ၁၀ စပ်မျိုး အစေ့ထုတ်ပြောင်းမျိုးများ အောင်မြင်ဖြစ်ထွန်းနေသည်ကိုတွေ့ရသည်။

ယခင်က မိမိတို့စိုက်ပျိုးခဲ့သော ဒေသမျိုးပြောင်းများမှာ တစ်ဧကလျှင် တင်း ၃၀ မှ ၄၀ ကြားသာထွက်ရှိပြီး သမားရိုးကျစိုက်နည်းဖြင့်သာစိုက်ပျိုးခဲ့၍ တွက်ခြေကိုက်ခြင်းမရှိခဲ့ကြောင်း၊ ယခုအခါ စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာ အကူအညီများရရှိပြီးနောက် အဆိုပါ ရေဆင်း ၁၀ စပ်မျိုးကို ဇွန် ၁၂ ရက်က စတင်စိုက်ပျိုးခဲ့ရာ အဖူးများညီညာစွာဖူး၍ အောင်မြင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ရေဆင်း ၁၀ စပ်မျိုး အစေ့ထုတ်ပြောင်း၏ သက်တမ်းမှာ ရက် ၁၀၅၊ ၁၁၀ ရှိပြီး လာမည့် စက်တင်ဘာလတွင် ခုတ်သိမ်းရမည်ဖြစ်ကြောင်း၊ တစ်ဧကကုန်ကျစရိတ် ကျပ်တစ်သိန်း ရင်းနှီးရပြီး တစ်ဧက တင်း ၈၀ ခန့် ထွက်ရှိမည်ဖြစ်၍ ပေါ်ဦးပေါ်ဖျားကာလတွင် တစ်တင်းလျှင် ငွေကျပ် ၈၀၀၀ ရရှိရန်ခန့်မှန်းထားကြောင်း သပြေပင်ကျေးရွာမှ တောင်သူဒေါ်မူက ပြောသည်။

နိုင်ငံတော်၏ လယ်ယာကဏ္ဍများ တစ်ချိန်တည်းတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြု၍ တောင်သူပညာပေး စိုက်ကွင်းများလည်း ထူထောင်ပြသပေးလျက်ရှိကာ ပြည်ထောင်စုအစိုးရ၏ အပိုင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ အပိုင်း၊ တောင်သူလယ်သမားများ၏ အပိုင်းဟူ၍ ရှိရာတွင် ယခုလက်ရှိ ဇေယျာသီရိ မြို့နယ်အတွင်း စိုက်ပျိုးထားသည့် ဧကမှာ ၂၈၇၅ ဧကနှင့်စိုက်ပျိုးရန် သတ်မှတ်လျာထားဧက ၁၇၀၀ ရှိပြီး လျာထားချက်ထက် ကျော်လွန်စွာစိုက်ပျိုးနိုင်ပြီဖြစ်သည်။ ပြည်ပနိုင်ငံများသို့ ပြောင်း သီးနှံတင်ပို့ရောင်းချရာတွင် အိမ်နီးချင်းတရုတ်နိုင်ငံသို့ ၈၀ ရာခိုင်နှုန်းခန့်တင်ပို့လျက်ရှိကြောင်း ခရိုင်ဦးစီးမှူးထံမှ သိရသည်။ **ကိုပေါက်(ဥတ္တရမြေ)**

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
ပညာသင်ထောက်ပံ့ကြေးဆုနှင့် ပညာရည်ချွန်ဆုစိစစ်ချီးမြှင့်ရန်ကိစ္စ

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မည်သည့်စာစစ်ဌာနမှမဆို ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ကြသော ကော့သောင်းသူ/ကော့သောင်းသားများ၊ ကော့သောင်းအသင်းဝင်များနှင့် ယင်းတို့၏သားသမီးများသည် ပညာသင်ထောက်ပံ့ကြေးဆုနှင့် ပညာရည်ချွန်ဆုအတွက် ၃၀-၉-၂၀၁၄ ရက် နောက်ဆုံးထား၍အသင်းရုံးသို့ စုံစမ်းမေးမြန်းလျှောက်ထားနိုင်ပါသည်။

အမှုဆောင်အဖွဲ့
အမှတ်(၇၀)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၂၅၄၉၃၅



ရောင်းမည်
Chatrium Hotel အနီးရှိ
ဖိုးစိန်ကွန်ဒိုအခန်းများ
(1)1570 Sqft, (2)3300 Sqft
ဖုန်း-၀၉-၅၀၇၄၁၄၅၊ ၀၉-၄၂၀၂၅၂၅၇၄

လယ်မြေအမြန်ရောင်းမည်
၁။ လှည်းကူးမြို့နယ်၊ ကြီးလေးကြီးလမ်းမနှင့် အမြန်လမ်းထောင့်ကွက်
၂။ ကြည့်မြင်တိုင် တစ်ဖက်ကမ်းအေးရွာရှိ လယ်မြေ
၃။ သန်လျင်မြို့နယ်ရှိ လယ်မြေများရောင်းမည်။
အကျိုးဆောင်များလည်း ၂% ပေးမည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၄၁၃၃၉၂၈

မူဒိမ်းမှုပပျောက်ရေး ဆန္ဒဖော်ထုတ်သူများအား ခွင့်ပြုမိန့်မတောင်း၍ပုဒ်မ ၁၈ ဖြင့်အရေးယူ

ရန်ကုန်၊ ဇူလိုင် ၁၈

ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း လမ်းလယ်ကျွန်းတွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်နေ နေလင်းစိုး(ခ)ဖိုးစနေ ၂၃ နှစ်၊ ဦးငွေးလှိုင် ၅၆ နှစ်တို့အပါအဝင် ရှစ်ဦးသည် မုဒိမ်းမှုပပျောက်ရေးအတွက် 'မြန်မာပြည်တွင် မုဒိမ်းမှုပပျောက်ရေး၊ အရွယ်မရောက်သေးသော မိန်းကလေးများ အဓမ္မပြုကျင့်ရေးမှ ရှောင်ကြဉ်ရေး၊ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှုများဆန့်ကျင်ရေးနှင့် ထိရောက်စွာအရေးယူပေးရေး၊ ပြည်ပနိုင်ငံများသို့ ရောင်းစားမှု ဆန့်ကျင်ရေး' စာသားများပါသည့် ဗီနိုင်းများ ကိုင်ဆောင်ကြွေးကြော်ကာ လမ်းသွားလမ်းလာများကို စာရွက်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်နေမှုကို ကျောက်တံတားမြို့မရဲစခန်းမှူး ဒုရဲအုပ် ဝင်းတင်နှင့်အဖွဲ့က ခွင့်ပြုမိန့်တောင်းခံပြီးမှ ဆောင်ရွက်ရန် ပြောဆိုကာ ခွင့်ပြုမိန့်တောင်းခံခြင်းမရှိဘဲ ဆန္ဒထုတ်ဖော်နေသူ နေလင်းစိုး(ခ)ဖိုးစနေနှင့် ဦးငွေးလှိုင် တို့ကို အရေးယူပေးရန် တိုင်ကြားခဲ့သည်။

ယင်းတိုင်ကြားမှုအား ကျောက်တံတားမြို့မရဲစခန်းက (ပ)၂၈၃/၁၄ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် အမှုဖွင့်ရေးယူထားကြောင်း သိရသည်။ **(၃၁)**

ရွှေပြည်-တောင်အင်း-ထုံကြီး ကျေးလက်လမ်းမကြီး ပြီးစီးနေပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်တော့မည်

မန္တလေး၊ ဇူလိုင် ၁၈

ရွှေပြည်-တောင်အင်း-ထုံကြီးကျေးလက်လမ်းမကြီးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရာသီမရွေးသွားလာနိုင်စေရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ သန်း ၈၀ နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၄၉၅ ဒသမ ၇၄ သန်းတို့ မတည်အကုန်အကျခံပြီး ဖောက်လုပ်လျက်ရှိရာ ယခုအခါ လမ်းပိုင်းတစ်ခုလုံး ပြီးစီးနေပြီး မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

စဉ့်ကူးမြို့နယ်၊ မြစ်ရေဝင်ကျွန်းပိုင်း ကျေးရွာများနှင့် ကုန်းပိုင်းမြို့ရွာတို့ကို ပေါင်းစည်းဆက်သွယ်ပေးမည့် ရွှေပြည်-တောင်အင်း-ထုံကြီးကျေးလက်လမ်းမကြီးသည် ၃ ဒသမ ၅ မိုင်အရှည်ရှိကြောင်း သိရသည်။

အဆိုပါ ၃ ဒသမ ၅ မိုင်ရှိ ရွှေပြည်-တောင်အင်း-ထုံကြီး ကျေးလက်လမ်းမကြီးကို ၄၅ ပေရှိ သစ်သားတံတား ၈ စင်း၊ ပေ ၉၀ ရှိသစ်သားတံတား တစ်စင်း၊ ပေ ၁၈၀ ရှိ သစ်သားတံတားတစ်စင်းနှင့် မူလတည်ဆောက်ထားသော ကိုင်းချောင်းတံတားနှင့် နတ်မင်းချောင်းတံတားအပါအဝင် စုစုပေါင်းတံတားအစင်းပေါင်း ၁၂ စင်းခံကာ ဖြတ်ကျော်တည်ဆောက်ထားပြီး ယခုအခါ မြေသားလမ်းမှာ ရာနှုန်းပြည့်ပြီးစီးနေပြီး ကျောက်ချောလမ်းမှာ ထက်ဝက်ခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ မြေသားလမ်းပိုင်းကို ရွှေပြည်မှ ထုံကြီးအထိလည်းကောင်း၊ ကျောက်ချောလမ်းကို ရွှေပြည်မှ တောင်အင်းအထိလည်းကောင်း ပြီးစီးနေပြီး ကျန်ရှိသည့် တောင်အင်း-ထုံကြီးမြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆက်လက်ဖောက်လုပ်လျက်ရှိရာ ဩဂုတ်လအတွင်း လမ်းပိုင်းအားလုံးပြီးစီးမည်ဖြစ်ရာ တာဝန်ရှိသူများအနေဖြင့် ကျောက်ချောလမ်းများ ကြံ့ခိုင်မှုနှင့် ခိုင်မာမှုရှိစေရန် မြေသားလမ်းများကို ရေတိုက်စားမှုခံနိုင်ရန် ထိန်းသိမ်းပြုပြင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းမကြီး ရာနှုန်းပြည့်ပြီးစီးပါက မြစ်ရေဝင် ကျွန်းပိုင်းကျေးရွာများနှင့် ကုန်းပိုင်းကျေးရွာပြည်သူများ တစ်ဆက်တည်းဆက်သွယ်လာနိုင်ပြီး ကုန်စည်များစီးဆင်းမှုမြန်ဆန်၍ ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမောင်**

ရာသီဥတုကြောင့် နှမ်းစိုက်ကေလျာထားချက် မပြည့်မီသော်လည်း စိုက်ပျိုးပြီးနှမ်းများ ဖြစ်ထွန်းအောင်မြင်

ကျောက်ပန်းတောင်း၊ ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ယခုနှစ် မိုးဦးအဝင်နောက်ကျခဲ့သော်လည်း မေလဒုတိယပတ်အတွင်းက ရွာသွန်းခဲ့သောမိုးဖြင့် စိုက်ပျိုးခဲ့ကြသည့် မိုးနှမ်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိနေပြီး အပွင့်များဝေဝေဆာဆာ ဖူးပွင့်နေကြပြီဖြစ်ရာ မကြာမီရက်များအတွင်း သီးရှဉ်းခေါ် နှမ်းသီးဆိုင်များ စီစီရီရီ ထွက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်း မြို့နယ်အတွင်းတွင် မေလဒုတိယပတ်မှစတင်၍ မိုးဦးစတင် ရွာသွန်းခဲ့သော်လည်း ဒေသတွင်း ပြန့်နှံ့အောင် ရွာသွန်းခြင်းမရှိခဲ့ဘဲ အချို့ဒေသများတွင် အချိန်မီစိုက်ပျိုးနိုင်ခဲ့ခြင်း မရှိသဖြင့် ထည်ကြောင်းဆွဲပြီး ယာခင်းအချို့ကို ဝါဆိုပဲစိုက်ပျိုးရန် ချန်လှပ်ထားခဲ့ကြရကြောင်း သိရသည်။

သို့ရာတွင် မိုးလုံလောက်စွာရရှိသောဒေသများတွင် နှမ်းပင်များဖြစ်ထွန်းအောင်မြင်လျက်ရှိရာ ဇူလိုင် ၁၆ ရက်က အင်တောကျယ်ကျေးရွာအုပ်စု ကွင်းအမှတ် ၂၁၀၄ ရှိတောင်သူဦးရဲမောင်၏ နှမ်းစိုက်ခင်းတွင် အပွင့်များဝေဆာလျက်ရှိနေသည်ကို တွေ့မြင်နေရသည်။ လာမည့်ဩဂုတ်လ ပထမပတ်ခန့်တွင် နှုတ်သိမ်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ဦးရဲမောင်ရဲ့နှမ်းမျိုးက ကျွန်မတို့ဌာနက ဖြန့်ဝေပေးထားတဲ့ ဆင်းရတနာ ၃ နှမ်းနက်မျိုးပါ။ ဒီနှမ်းမျိုးက မိုးခေါင်တဲ့ရာသီဥတုဒဏ်ကို အတော်အတန်ခံနိုင်ရည်ရှိတော့ အခုဆိုတောင်သူတော်တော်များများက စိုက်ပျိုးလာကြပါပြီ။ အဲဒီပတ်ဝန်းကျင်က တောင်သူတွေဆိုရင် ဒီဆင်းရတနာ ၃ မျိုးကို ဦးရဲမောင်ဆီကနေ့ တစ်ဆင့်မျိုးပြန့်ဝယ်ပြီး စိုက်ကြတာပါ။ အတော်လည်းအောင်မြင်ကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးကြည်က ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၃-၂၀၁၄ နှမ်းစိုက်ဧက ၁၅၀၀၀ လျာထားခဲ့သော်လည်း ရာသီဥတုအခြေအနေကြောင့် ဧက ၁၃၄၆၀ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၎င်းစိုက်ဧကများအနက် နှမ်းဆင်းရတနာ ၃ စိုက်ဧက ၁၁၄၄ ဧကရှိကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

ကျောက်ပန်းတောင်းမြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းနေသည့် ဆင်းရတနာ ၃ နှမ်းနက်စိုက်ခင်းတစ်ခုအား တွေ့ရစဉ်။

လမ်းဖြတ်ကူးရာမှ ကွန်တိန်နာနောက်ဘီးဖြင့် ကြိတ်မိ၍ ရင်ပတ်ပွင့်ကာ နေရာတွင်ပင် သေဆုံး

ရန်ကုန်၊ ဇူလိုင် ၁၈

ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီခွဲခန့်တွင် မရမ်းကုန်းမြို့နယ် ကမ်းနားလမ်းအတိုင်း ယာဉ်မောင်း ကျော်သူလွင် (စုံစမ်းဆဲ) မောင်းနှင်လာသည့် စီနိုထရပ်ကွန်တိန်နာအဖြူရောင်ယာဉ်သည် ဘုရင့်နောင်လမ်းနှင့် လှည်းတန်းလမ်းဆုံ မီးပွိုင့်အနီးအရောက် လမ်းဖြတ်ကူးသူ ကြည့်မြင်တိုင်မြို့နယ်နေ ဦးမှတ် ၅၉ နှစ်ကို ကားနောက်ဘီးဖြင့် ကြိတ်မိသဖြင့် ရင်ပတ်ပွင့်ထွက်ဒဏ်ရာ၊ ယာပါးပွန်းစုတ်ဒဏ်ရာများရရှိကာ နေရာတွင် သေဆုံးသွားခဲ့သည်။ ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အရေးယူပေးရန် တိုင်ကြားခဲ့သည်။ ယင်းတိုင်ကြားချက်အား ကမာရွတ်မြို့မရဲစခန်းက (ပ)၅၁/၁၄ ပြစ်မှုပုဒ်မ ၃၀၄ က/၂၀၂ အရ အမှုဖွင့်အရေးယူထားသည်။ **(၃၁)**

ကံမမြို့နယ်အတွင်း ပဲတီစိမ်းစိုက်တောင်သူများ ဈေးကောင်းရသဖြင့် ဝင်ငွေကောင်း

ကံမ၊ ဇူလိုင် ၁၈

သရက်ခရိုင်၊ ကံမမြို့နယ်အတွင်း ပဲတီစိမ်းစိုက်ဧက ၇၉၄၉ ဧကရှိပြီး တစ်ဧကလျှင် ၁၅ တင်းမှ ၂၀ တင်းအထိထွက်ရှိရာ ပဲတစ်တင်းလျှင် ကာလပေါက်ဈေး ၃၆၀၀၀ ကျပ် ရောင်းချရသဖြင့် ပဲတီစိမ်းစိုက်တောင်သူများ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။ ကံမမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းတစ်လျှောက်နှင့် မင်းတုန်းချောင်းနံဘေးဝဲယာရှိ ကိုင်းမြေများ၊ မြေနုကျွန်းများပေါ်တွင် မိုးကြိုကာလ၌ စတင်စိုက်ပျိုးခဲ့သော ပဲတီစိမ်းစိုက်ခင်းများမှာ ရင့်မှည့်လာပြီဖြစ်သဖြင့် တောင်သူများ စတင်ဆွတ်ခူးလျက်ရှိသည်။ **ကျော်ဇေယျာဝင်း(ပြန်/ဆက်)**

ရန်ကုန်မြို့အတွင်းရှိ အဆောက်အအုံတည်ဆောက်ချင်သော မြေပိုင်ရှင်ဆက်သွယ်ပေးပါရန်။ ယုံကြည်လို့ရနိုင်သော Construction Company နှင့်အတူတူ လုပ်ပါမည်။
VK.Land Myanmar
ph: 09-43174119,09-250266171
Add: Gol , Block C,Pearl Condominium, Bahan T/S
Yangon

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ်ဘဝသစ်

ဝမ်းနည်းကြေကွဲခြင်း

ရဲ-၂၉၂၄ ဒုတိယရဲမှူးသိန်းဝင်း(ငြိမ်း)၊ (လ-၁၁၈၃၆၃၂၊ သူရတပ်ခွဲ)၊ လားရှိုးမြို့

အသက်(၆၀)

(ဒုရဲအုပ်လောင်းသင်တန်း အမှတ်စဉ်-၁၆/၈၄)

သူငယ်ချင်းတစ်ယောက် ၁၃-၇-၂၀၁၄ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါကြောင်း။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

S.I.P(16th) မှ သူငယ်ချင်းများ
သာရေးနာရေးကော်မတီ(မန္တလေး/ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

သာသနာ့ဒါယိကာမကြီး ဒေါ်တင်စိန်(ဝါးခယ်မ)

အသက်(၈၂)နှစ်

ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ ညွှန်ကြားရေးမှူး- ဦးတင်မောင်အေး-ဒေါ်သင်းသင်းစိုးတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်တင်စိန် (ဝါးခယ်မ)သည် ၁၆-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
ညွှန်ကြားရေးမှူးရုံး တည်ဆောက်ရေး(၁)ဆည်မြောင်းဦးစီးဌာန
လှည်းကူးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

သာသနာ့ဒါယိကာမကြီး ဒေါ်တင်စိန်(ဝါးခယ်မ)

အသက် (၈၂) နှစ်

ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ ညွှန်ကြားရေးမှူး- ဦးတင်မောင်အေး-ဒေါ်သင်းသင်းစိုးတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်တင်စိန် (ဝါးခယ်မ)သည် ၁၆-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
လက်ထောက်ညွှန်ကြားရေးမှူး(၄)ရုံး
တည်ဆောက်ရေး(၁)၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

သာသနာ့ဒါယိကာမကြီး ဒေါ်တင်စိန်(ဝါးခယ်မ)

အသက် (၈၂) နှစ်

ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ ညွှန်ကြားရေးမှူး- ဦးတင်မောင်အေး-ဒေါ်သင်းသင်းစိုးတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်တင်စိန် (ဝါးခယ်မ)သည် ၁၆-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

လက်ထောက်ညွှန်ကြားရေးမှူး(၁)နှင့်ဝန်ထမ်းများ
တည်ဆောက်ရေး(၁)၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

သာသနာ့ဒါယိကာမကြီး ဒေါ်တင်စိန်(ဝါးခယ်မ)

အသက် (၈၂) နှစ်

ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ ညွှန်ကြားရေးမှူး ဦးတင်မောင်အေး-ဒေါ်သင်းသင်းစိုးတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်တင်စိန် (ဝါးခယ်မ)သည် ၁၆-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

လက်ထောက်ညွှန်ကြားရေးမှူး(၂)နှင့်ဝန်ထမ်းများ
တည်ဆောက်ရေး(၁)၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

သာသနာ့ဒါယိကာမကြီး ဒေါ်တင်စိန်(ဝါးခယ်မ)

အသက် (၈၂) နှစ်

ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ ညွှန်ကြားရေးမှူး- ဦးတင်မောင်အေး-ဒေါ်သင်းသင်းစိုးတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်တင်စိန် (ဝါးခယ်မ)သည် ၁၆-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

လက်ထောက်ညွှန်ကြားရေးမှူး(၃)နှင့်ဝန်ထမ်းများ
တည်ဆောက်ရေး(၁)၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

သာသနာ့ဒါယိကာမကြီး ဒေါ်တင်စိန်(ဝါးခယ်မ)

အသက် (၈၂) နှစ်

ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ ညွှန်ကြားရေးမှူး- ဦးတင်မောင်အေး-ဒေါ်သင်းသင်းစိုးတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်တင်စိန် (ဝါးခယ်မ)သည် ၁၆-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)နှင့်ဝန်ထမ်းများ
တည်ဆောက်ရေး(၁)၊ ဆည်မြောင်းဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမောင်ကို

အသက်(၈၂)နှစ်

AIR KBZ Limited မှ Chief Operating Officer,Capt: ကြီးမြင့်ဗိုလ်-ဒေါ်အေးအေးမော်တို့၏ဖခင် ဒေါက်တာမောင်ကို အသက်(၈၂)နှစ်သည် ၁၃-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

General Manager (Flight Operations) နှင့်ဝန်ထမ်းမိသားစု
AIR KBZ Limited

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမှတ်

အထွေထွေမန်နေဂျာ(အင်ဂျင်နီယာဌာန)၊ မြန်မာ့သစ်လုပ်ငန်း

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်စောပုလမ်း၊ အရာရှိရိပ်သာ စတိုင်း၊ သရက်တောမြောက်ရပ်ကွက်နေ ဒေါ်တင်တင်ခိုင်၏ ချစ်လှစွာသောခင်ပွန်း ဦးမှတ်(အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ)သည် ၁၅-၇-၂၀၁၄ရက် ညနေ ၆း၁၈ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနဝန်ထမ်းမိသားစု
မြန်မာ့သစ်လုပ်ငန်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမှတ်

အထွေထွေမန်နေဂျာ(အင်ဂျင်နီယာဌာန)၊ မြန်မာ့သစ်လုပ်ငန်း

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်စောပုလမ်း၊ အရာရှိရိပ်သာ စတိုင်း၊ သရက်တောမြောက်ရပ်ကွက်နေ ဒေါ်တင်တင်ခိုင်၏ ချစ်လှစွာသောခင်ပွန်း ဦးမှတ်(အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း)သည် ၁၅-၇-၂၀၁၄ ရက် ညနေ ၆း၁၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့သစ်လုပ်ငန်း
အင်ဂျင်နီယာဌာနဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမှတ်

အထွေထွေမန်နေဂျာ(အင်ဂျင်နီယာဌာန)၊ မြန်မာ့သစ်လုပ်ငန်း

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်စောပုလမ်း၊ အရာရှိရိပ်သာ စတိုင်း၊ သရက်တောမြောက်ရပ်ကွက်နေ ဒေါ်တင်တင်ခိုင်၏ ချစ်လှစွာသောခင်ပွန်း ဦးမှတ်သည် ၁၅-၇-၂၀၁၄ရက် ညနေ ၆း၁၈ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမှတ်

အထွေထွေမန်နေဂျာ(အင်ဂျင်နီယာဌာန)၊ မြန်မာ့သစ်လုပ်ငန်း

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်စောပုလမ်း၊ အရာရှိရိပ်သာ စတိုင်း၊ သရက်တောမြောက်ရပ်ကွက်နေ ဒေါ်တင်တင်ခိုင်၏ ချစ်လှစွာသောခင်ပွန်း ဦးမှတ်(အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ)သည် ၁၅-၇-၂၀၁၄ရက် ညနေ ၆း၁၈ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာ့သစ်လုပ်ငန်း
အင်ဂျင်နီယာများ

ဝမ်းနည်းကြေကွဲခြင်း

ဦးလှရိုန်

အထက(၁)တာမွေ၊ အလယ်တန်းပြ(ငြိမ်း)

အသက်(၇၅)နှစ်

ဦးမင်းသူအောင်(Helio Int'L Co.,Ltd)-ဒေါ်သွယ်သွယ်စိုး(Helio Int'L Co.,Ltd)တို့၏ဖခင် ဦးလှရိုန်သည် ၁၅-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်မြင့်-ဒေါ်အေးယု
WIN Plus Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်စိန် (ဝါးခယ်မ)

အသက်(၈၂)နှစ်

ဦးတင်မောင်အေး [ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၁) ဆည်မြောင်းဦးစီးဌာန]၏မိခင် ဒေါ်တင်စိန် (ဝါးခယ်မ)သည် ၁၆-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ဆည်မြောင်းဦးစီးဌာန

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာမဒေါ်သီတာရွှေ(ခ)Esther Shwe

အသက်(၇၀)

B.A(Hist),H.G.P,M.A(Archaeo), Dip in German Language

ညှော်လမ်းညွှန်(ငြိမ်း)၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၄၄)နေ (ဦးရွှေလှမောင်-ဒေါ်ခင်ဦး)တို့၏သမီးကြီး၊ (ဦးအောင်သိန်း)၏ဇနီး၊ ဦးသန်းထွန်း-ဒေါ်တင်တင်ရွှေ၊ ဦးအေးကျော်-ဒေါ်အေးရှင်တို့၏ညီမ၊ (ဦးပြည်ကျော်)-ဒေါ်ခင်အေးရွှေ၊ ဒေါက်တာမြင့်ပို-ဒေါ်တင်ငွေးရွှေ၊ ဦးထွန်းထွန်း-ဒေါ်ခင်ဝေဇင်၊ ဦးစိုးမြင့်-ဒေါ်ခင်ထွေးရွှေတို့၏ အစ်မကြီး၊ ဦးသန်းဝင်းဦး-ဒေါက်တာခင်သိန်းဦး(ဆေး-၁)၊ ဦးထွန်းမြင့်-ဒေါ်နွေးနွေးရီ(အထက-၄၊ အလုံ)၊ ဦးပြည့်ကျော်အောင်၊ ဦးပြည့်စုံအောင်-ဒေါ်ခင်သစ္စာ(စင်ကာပူ)တို့၏ ချစ်လှစွာသောမိခင်သည် ၁၀-၇-၂၀၁၄ (ကြာသပတေးနေ့) ဒေသစံတော်ချိန် နံနက် ၅း၄၈နာရီတွင် စင်ကာပူနိုင်ငံ SGH ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၇-၂၀၁၄ရက်တွင် စင်ကာပူနိုင်ငံ Mandai Crematorium ၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [အောက်မေ့ဖွယ်ရာဝတ်ပြုခြင်းကို ၂၀-၇-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင် နှစ်ခြင်းအသင်းတော်၊ အမှတ်(၆၀)၊ ဗားဂရာလမ်း၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်စိန် (ဝါးခယ်မ)

အသက်(၈၂)နှစ်

ဦးတင်မောင်အေး (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၁၊ ဆည်မြောင်းဦးစီးဌာန)၏မိခင် ဒေါ်တင်စိန်(ဝါးခယ်မ)သည် ၁၆-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
တည်ဆောက်ရေး(၉)ဆည်မြောင်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးလှရိုန်

အထက(၁)တာမွေ၊အလယ်တန်းပြ(ငြိမ်း)

အသက်(၇၅)နှစ်

ဦးမင်းသူအောင်(Helio Int'L Co., Ltd.) ဒေါ်သွယ်သွယ်စိုး(Helio Int'L Co., Ltd.)တို့၏ဖခင် ဦးလှရိုန်သည် ၁၅-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်ခိုင်
(WIN Plus Co., Ltd.)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကြီးညွန့်(ဘီးလင်း)

ကျန်းမာရေးမှူး(ငြိမ်း)

အသက်(၈၃)နှစ်

ဦးရဲမြင့်(C.E. Gewin Co.,Ltd)-ဒေါ်စမ်းစမ်းထွေး(A.E, Y.C.D.C)တို့၏ ဖခင်ကြီး ဦးကြီးညွန့်သည် ၁၄-၇-၂၀၁၄(တနင်္လာနေ့) ညနေ ၄း၄၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

M.V Ocean Quartz (Gewin Co., Ltd.)
ကပ္ပတိန်၊ အရာရှိများ၊ အင်ဂျင်နီယာများနှင့် သင်္ဘောသားများ

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်စိန်(ခ)အမိုး(ခရမ်း)

အသက်(၇၄)နှစ်

မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ ကုန်သန်းရောင်းဝယ်ရေးဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးညီညီဆွေ-ဒေါ်ဥမ္မာကျော်တို့၏မိခင်သည် ၁၅-၇-၂၀၁၄ရက် ည ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၁)မှ ကျောင်းဆင်းအရာရှိနှင့်မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်စိုး(ဆင်ပေါင်ဝဲ)

အသက်(၈၄)နှစ်

ဦးကျော်ဇေယျ(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မွန်မွန်ကျော်တို့၏ဖခင် ဦးတင်စိုးသည် ၁၁-၇-၂၀၁၄(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နိုင်ငံရေးရာဦးစီးဌာနမိသားစု
နိုင်ငံခြားရေးဝန်ကြီးဌာန

သင့်သွေးဖြင့် အသက်ကယ်ပါ

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်းဒါယိကာမကြီး

ဒေါ်ကျင်ဝန်(ခ)လီခေါဝန်(ထားဝယ်/ဟိန္ဒူး)

(ပတ်ကားစိန်ရွှေရတနာဆိုင်)

အသက်(၉၃)နှစ်

ဦးစန်းကြည်-ဒေါ်မူမူသန့်(ပတ်ကားစိန်ရွှေရတနာဆိုင်)၏မိခင်သည် ၁၄-၇-၂၀၁၄(တနင်္လာနေ့)တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

ကိုရဲမြင့်၊ ကိုမြင့်လွင်၊ ကိုသိန်းငွေ၊ ကိုယုကြည်၊
ကိုကင်းဟုတ်၊ ကိုမြင့်စော၊ ကိုသက်တင်
မော်လမြိုင်ကောလိပ်မှသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ရဟန်းအမကြီး

ဒေါ်ကျင်ဝန်(ခ)လီခေါဝန်(ထားဝယ်/ဟိန္ဒူး)

အသက်(၉၃)နှစ်

(ပတ်ကားစိန်ရွှေရတနာဆိုင်)

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးစန်းကြည်၏ ကျေးဇူးရှင်မိခင်ကြီးဒေါ်ကျင်ဝန်(ခ)လီခေါဝန်သည် ၁၄-၇-၂၀၁၄ရက်(တနင်္လာနေ့)ညတွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း
အလုပ်အမှုဆောင်အဖွဲ့

သာသနာ့ဒါယိကာမကြီး
ဒေါ်တင်စိန်(ဝါးခယ်မ) အသက်(၈၂)နှစ်

မြောင်းမြမြို့နေ (ဦးရိုဝ-ဒေါ်ရွှေတင့်)တို့၏သမီး၊ ပန်းတနော်မြို့နေ (ဦးစံလှော်-ဒေါ်လှိုင်)တို့၏သမီးချွေးမ၊ ဝါးခယ်မမြို့နေ(ဦးဟုတ်စိန်)၏ဇနီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ အမှတ်(၆၉/၇၀)၊ ဒုတိယထပ်နေ ဦးကျော်ဇင်(ခ)ဦးအင်ဝမ်၊ ဦးတင်မောင်အေး (ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်သင်းသင်းစိုး၊ ဒေါ်သင်းသင်းကြူ၊ ဦးလပ်သင်း (ဒါရိုက်တာ South Asia Green Field Co., Ltd.)-ဒေါက်တာခင်မိုးမိုးကြူ (ကထိက၊ မနုဿဗေဒဌာန၊ မန္တလေးတက္ကသိုလ်)တို့၏ မွေးသမိခင်ကျေးဇူးရှင်ကြီး၊ မောင်ဝေယံမင်းအောင်၊ မောင်မင်းသုခန့်၊ မောင်ဉာဏ်မိုးသင်း၊ မောင်ညီမိုးသင်းတို့၏အဘွားသည် ၁၆-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၀-၇-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေးဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ် လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမှတ်

အသက်(၅၉)နှစ်

အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

ချစ်ကြောက်ရိုသေ လေးစားရပါသော ကျေးဇူးရှင် ဦးလေးရေ အတိတ်ဘဝက ကံအကြောင်းတရားတွေကြောင့် မယုံနိုင်စရာ အဖြစ်ဆိုးတွေနဲ့ ခွဲခွာခဲ့ရပေမယ့် နှစ်စဉ်(၁၀)ရက်တရားပတ်ဝင်ခဲ့တဲ့ ကုသိုလ်တွေနဲ့ ဆယ်စုနှစ်မက နေ့စဉ် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ဝိပဿနာတရားကျင့်ကြံအားထုတ်ခဲ့တဲ့ ကုသိုလ်တွေနဲ့အတူ ဖြူစင်တဲ့နှလုံးသားရှိသူမို့ ကောင်းရာမွန်ရာ ဘုံဘဝကို ကူးပြောင်းသွားပြီလို့ယုံကြည်ပါတယ်။

သမီးတို့နေ့စဉ်ပြုသမျှ ဒါနသီလဘာဝနာကုသိုလ်တွေကို အမျှ အမျှ အမျှ ပေးဝေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓု သာဓု သာဓု ထပ်ဆင့်ခေါ်နိုင်ပါစေ။

အမကြီး-ဒေါ်မြစန်(မန္တလေး)
ချစ်တူ၊ တူမ-ဒေါက်တာကျော်မိုးမင်း-ဒေါ်မွန်မွန်စန်း
ကထိက(ဌာနမှူး)၊ကွန်ပျူတာသိပ္ပံပညာဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
ချစ်မြေးများ-မောင်မင်းအောင်နိုင်ဖြိုး
(Grade 4th)ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မဇင်မွန်ဖြိုး။



ရောင်းရန်ရှိသည်။
PET
(Blowing Machines)
(Injection Machines) များရောင်းရန်ရှိသည်။
Ext : 102

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဘုရား၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စန်းရီ အသက်(၉၂)နှစ်

ရန်ကုန်မြို့နေ (ဦးလွန်းဖေ-ဒေါ်ညွန့်ဗမ)တို့၏သမီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အမှတ်(၂၅/က)နေ (ဦးစိုးသိန်း)၏ဇနီး၊ ဦးမင်းလွင်-(ဒေါ်ရင်ရင်မေ)၊ (ဦးအောင်မြင့်)-ဒေါ်တင်တင်ဦး၊ ဦးသောင်းစိန်-ဒေါ်မြင့်မြင့်သိန်း၊ ဦးခင်မောင်မြင့်(Air KBZ)-ဒေါ်ခင်သန်းတင်၊ ဒေါ်ခင်အေးမြင့်၊ ဦးမြင့်ဆွေ-ဒေါ်ခင်အေးမြိုင်၊ Dr. သန်းငွေ၊ (ဒေါ်စုဝင်းလတ်)၊ ဦးသောင်းထွန်း-ဒေါ်စုစုလှိုင်၊ ဦးရဲအောင်-ဒေါ်သင်းသင်းမူတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁၅-၇-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၂း၂၅နာရီတွင် အာရှတော်ဝင် ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးဇော်လင်းဒွေး

အသက်(၅၅)နှစ်

ဦးဇော်လင်းဒွေးသည် ၁၂-၇-၂၀၁၄ရက်(စနေနေ့)ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

စတသ(၂၆)မှ အရာရှိများ
နှင့်မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမှတ် B.E(Mechanical) 1977 Nov

(အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာဌာန)

မြန်မာ့သစ်လုပ်ငန်း

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်စောပုလမ်း၊ အရာရှိရိပ်သာစတိုဝင်း၊ သရက်တောမြောက်ရပ်ကွက်နေ ဒေါ်တင်တင်ခိုင်၏ချစ်လှစွာသောခင်ပွန်း ဦးမှတ်(အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ)သည် ၁၅-၇-၂၀၁၄ရက်ညနေ ၆း၁၈နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

1977 Nov.B.E(Mechanical)
ကျောင်းဆင်းသူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမှတ်

(အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ)မြန်မာ့သစ်လုပ်ငန်း

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်စောပုလမ်း၊ အရာရှိရိပ်သာစတိုဝင်း၊ သရက်တောမြောက်ရပ်ကွက်နေ ဒေါ်တင်တင်ခိုင်၏ ချစ်လှစွာသောခင်ပွန်း ဦးမှတ်(အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ)သည် ၁၅-၇-၂၀၁၄ရက် ညနေ ၆း၁၈နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အထွေထွေမန်နေဂျာ(သစ်အခြေခံ)နှင့်အရာထမ်း၊ အမှုထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရဲမြင့်ထွန်း(ပဲခူးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးဝန်ကြီး)-ဒေါ်ဝါဝါမြင့်၊ ဦးကျော်စွာမြင့်-ဒေါ်သီတာစိုးတို့၏ဖခင် ဦးအုန်းမြင့် အသက်(၇၁)နှစ်သည် ၁၄-၇-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဦးသန့်စင်-ဒေါ်စန်းငွေ
ဟံသာဝတီတိုင်း(မ်)ဂျာနယ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန်းရီ

အသက်(၉၂)နှစ်

AIR KBZ Limited မှ Deputy Managing Director ဦးခင်မောင်မြင့်-ဒေါ်ခင်သန်းတင့်တို့၏ မိခင် ဒေါ်စန်းရီ အသက်(၉၂)နှစ်သည် ၁၅-၇-၂၀၁၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌဒေါ်နန်းလိုင်းခမ်းနှင့် BOD အဖွဲ့ဝင်များ
AIR KBZ Limited

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ခင်(ပျဉ်ပုံကြီး)

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ်(၁၀)၊ ရွှေတောင်ကြားလမ်းနေ အဘွားဒေါ်ခင်ခင်သည် ၁၆-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးဝဏ္ဏတင်စိုး၊ဦးညာဏတင်စိုး	**ဦးလူမင်း-ဒေါ်ခင်စပယ်ဦး**
ဦးစည်သူတင်စိုး-ဒေါ်နှင်းဝေဝေလွင်	**မြေး ရောဝတီလူမင်း**
မြေး ဥတ္တရာတင်စိုး	**မြေး-ဇေရတ်လူမင်း**
	ခင်စပယ်ဦးမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး
ဦးအောင်ရီ (၁၀-မိုင်)

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်ကုန်း၊ အမက (၇)ကျောင်းလမ်း၊ အိမ်အမှတ်(၅၅)နေ (ဦးထွန်းကြွယ်-ဒေါ်ကြည်)တို့၏ သား၊ (ဦးအောင်စိန်-ဒေါ်ပု)တို့၏ သားသမက်၊ ဦးငွေကြွယ်-ဒေါ်ချိုချိုလွင်၊ ဒေါ်နီနီအောင်၊ ဦးကျော်စိုးမိုး-ဒေါ်ကြည်ကြည်မာတို့၏ မွေးသဖခင်၊ မချိုချိုဇော်(မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်-စတုတ္ထနှစ်၊ ရေဆင်း)၊ မောင်ရဲထက်ပိုင်အောင်၊ မောင်ကောင်းဇော်ထက်(CAE တက္ကသိုလ်ဝင်တန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ နေပြည်တော်)တို့၏ အဘိုး၊ ဒေါ်သန်းစိန်၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်ရီသည် ၁၅-၇-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေးဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

မအိအိမွန်

အသက်(၂၇)နှစ်

(အထက-၂၊ လသာ ကျောင်းသူဟောင်း)

13th Batch B.NSc(Generic),Dip in English
Women Centre(H.D)

မအိအိမွန် နာမကျန်းဖြစ်စဉ် ကုသပေးသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ၁၃/၁၄မှပါမောက္ခ ဒေါက်တာဦးသိန်းမြင့်နှင့် ဆရာ/ဆရာမများ၊ သူနာပြုများ၊ ကင်ဆာကုသဆောင်မှ ပါမောက္ခဒေါက်တာဦးမျိုးမြင့်မော်နှင့် ဆရာ/ဆရာမများ၊ သူနာပြုများ၊ UON(Ygn)13th Batch မှသူငယ်ချင်းများ၊ ကျောင်းသားဟောင်းများ (ပြည်တွင်း/ပြည်ပ)၊ Women Centre (H.D)နှင့် အာရှတော်ဝင်(H.D)မှ တာဝန်ရှိသူများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ အသေးစားချေးငွေလုပ်ငန်း (ချမ်းသာကြီးမိသားစု)နှင့်အဘက်ဘက်မှပိုင်းဝန်းကူညီအားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဦးကျော်သူ နာရေးကူညီမှုအသင်း နှင့်မြို့သစ်ရပ်ကွက် နာရေးကူညီမှုအသင်းတို့နှင့်တကွ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

လှိုက်လှဲစွာအထူးကျေးဇူးတင်ရှိခြင်း
ဦးအုန်းမြင့် (၇၁)နှစ်
ကြိမ်လုပ်ငန်း (ပဲခူး)

၁၄-၇-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဦးအုန်းမြင့်(ပဲခူး) အား နာမကျန်းဖြစ်ချိန်မှစ၍ ကွယ်လွန်ချိန်အထိ ဂရုတစိုက်အားပေးစကား ပြောကြားပေးပါသော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဇနီးတို့အား လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့်ဇနီးများ၊ ဆေးရုံတက်စဉ် ကာလမှ ကွယ်လွန်ချိန်ထိ ဂရုတစိုက်ပြုစုပေးခဲ့သော အာရုတော်ဝင်ဆေးရုံမှ ပါမောက္ခဆရာဝန်ကြီးများနှင့် ဆရာဝန်များ၊ ဆရာ/ဆရာမများ၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ ဈာပနကိစ္စအဝဝတို့ကို ကူညီဆောင်ရွက်ပေးကြသော ပဲခူးတိုင်း ဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် နာရေးကူညီမှု အသင်းအသီးသီးမှ တာဝန်ရှိသူများ၊ အသင်းသူ/အသင်းသားများ၊ လွမ်းသူပန်းခွေ ပန်းခြင်းများ၊ သက်န်းများနှင့် လှူဖွယ်ပစ္စည်းများပေးပို့ခဲ့သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ ဝမ်းနည်းကြောင်းကြော်ငြာထည့်ကြသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့ အစည်းများ၊ ဂူသွင်းသင်္ဂြိုဟ်ရာတွင် တာဝန်ယူဆောင်ရွက်ပေးသော စည်ပင် သာယာရေးအဖွဲ့နှင့် နာရေးကူညီမှုအသင်းများအားလည်းကောင်း၊ ဈာပနကိစ္စ မတိုင်မီနှင့် ဈာပနအပြီးတွင် လူကိုယ်တိုင်၊ တယ်လီဖုန်း၊ Email/Facebook တို့မှတစ်ဆင့် ဝမ်းနည်းကြောင်းပြောကြား၍ နှစ်သိမ့်အားပေးခဲ့ကြသော ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အစစအရာရာဝိုင်းဝန်း၍ လုပ်အားဒါနကူညီ ပေးကြသော မိတ်ဆွေသင်္ဂဟအားလုံးတို့နှင့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လစ်ဟင်းမှုများရှိပါက နားလည်ခွင့်လွှတ်ပေးကြသော မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးကြီးညွန့် (ဘီးလင်း)
ကျန်းမာရေးမှူး(ငြိမ်း)
အသက်(၈၃)နှစ်

စစ်ဦးစီးတက္ကသိုလ်၊ ကလောမြို့နေ ဗိုလ်မှူးကြီးဇော်ဝင်း-ဒေါ်စန္ဒာမြင့် တို့၏ဖခင် ဦးကြီးညွန့်သည် ၁၄-၇-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၈)
ကျောင်းဆင်းအရာရှိမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း
ဦးအေးကို(ပျဉ်းမနား)
အသက်(၇၆)နှစ်

မန္တလေးတိုင်းအသင်းနှင့် အထက်မြန်မာပြည် လူငယ်အသင်းဘောလုံး လက်ရွေးစင်ဟောင်း(၁၉၆၄/၆၅)နှင့် မြို့နယ်အားကစားတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့သည့် အစ်ကိုကြီး ဦးအေးကို ကွယ်လွန်သွားသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

ပျဉ်းမနားမှ အားကစားမိတ်ဆွေများ

ဝမ်းနည်းကြေကွဲခြင်း
ဦးအုန်းမြင့်
အသက် (၇၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်း နှင့်ဇနီး ဒေါ်ဝါဝါမြင့်တို့၏ဖခင်ကြီးသည် ၁၄-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ ကြောင်း။

ဗုဒ္ဓသာသန နုဂ္ဂဟအဖွဲ့
အင်းတကော်၊ဖားအောက်

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးသန်းဝင်း(ငြိမ်း)
ကြည်း-၁၂၇၉၇၊ ဗသက(၄၇)
အသက်(၆၃)နှစ်

သူငယ်ချင်း ဗိုလ်ကြီးသန်းဝင်း(ငြိမ်း)သည် ၁၂-၇-၂၀၁၄(စနေနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်သင်တန်းအမှတ်စဉ်(၄၇)မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမှတ်
အသက် (၅၉)နှစ်
အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ) မြန်မာ့သစ်လုပ်ငန်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်စောပုလမ်း၊ အရာရှိရိပ်သာစတိုဝင်း၊ သရက်တော(မြောက်)ရပ်ကွက်နေ ဒေါ်တင်တင်ခိုင်၏ ချစ်လှစွာသောခင်ပွန်း ဦးမှတ်သည် ၁၅-၇-၂၀၁၄ ရက် ညနေ ၆း၁၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းအငြိမ်းစားဝန်ထမ်းများ
လူမှုကူညီရေးအသင်း၊ မုံရွာ

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ခင်(လပွတ္တာ)
အသက်(၈၈)နှစ်
သက်ကြီးကန်တော့ခံအဘွား

ရန်ကုန်မြို့၊ တိုက်အမှတ်(၂၃၈/၄)၊ စိန်ပန်းမြိုင်လမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ သယ်န်းကျွန်းမြို့နယ်နေ (ဦးဆင်-ဒေါ်သောင်း)တို့၏သမီးငယ်၊ [ဦးအေးမောင် (တပ်စာရင်းကိုင်)]၏ဇနီးသည် ၁၇-၇-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဒေါ်ရီရီလွင်
အသက်(၅၂)နှစ်

ပုသိမ်မြို့နယ်၊ကိုးဆူအုပ်စု၊သဲဂရက်ရွာနေ ဒု-အရာခံဗိုလ်(ဦးထွန်းစိန်)-ဒေါ်မြင့်ကြည်တို့၏သမီး၊ တပ်ကုန်းမြို့နယ်၊ ပေါင်းတော်ရာနေ ဦးဝမ်းမောင်၏ဇနီး၊ မောင်သက်နောင်နောင်အောင်၏မိခင်၊ ဦးခင်မောင်မြင့်(လျှပ်စစ်-မန္တလေး)၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့သစ်နေ ဒေါ်ဝင်းဝင်းလဲ့တို့၏ညီမ၊ ကိုးဆူအုပ်စု၊ ကျောက်ကုန်းရွာနေ ဒေါ်ရီရီမြင့်၊ ဒေါ်မိမိမော်၊ ဒေါ်ကေသီ၊ မောင်သက်နိုင်ထွေး တို့၏အစ်မ ဒေါ်ရီရီလွင်သည် ၁၇-၇-၂၀၁၄ရက် ည ၇း၄၀နာရီတွင် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ သဖြင့် ၁၉-၇-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် သဲဂရက်ရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

တောင်ကြီးအသင်း(ရန်ကုန်)
ဒေါ်ခင်အေး(ညောင်ရွှေ)
အသက်(၉၃)နှစ်
ကန်တော့ခံပုဂ္ဂိုလ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နေ (ဥပဒေအမတ်ကြီး ဦးလူကြီး-ဒေါ်ခင်နှောင်း)တို့၏သမီးထွေး၊ ရန်ကုန်မြို့၊ အမှတ် (၃၄)၊ ဓမ္မစိန္တာလမ်းနေ [ဦးထွန်းအောင် (ညွှန်မှူး-ငြိမ်း၊ သမဝါယမဦးစီးဌာန)]၏ဇနီး တောင်ကြီး အသင်း(ရန်ကုန်) ကန်တော့ခံပုဂ္ဂိုလ် သည် ၃-၇-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၅-၇-၂၀၁၄(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း အသင်းဝင်များ သိစေ အပ်ပါသည်။

အမှုဆောင်အဖွဲ့

ဒေါ်ကြူတီ(ခ)ဒေါ်မြသန်း
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၇) လမ်း၊ အမှတ် (၁၂၈/၁၈၀)၊ အခန်း (၁၃၂)၊ ပထမထပ်နေ [ဦးလင်စွိတိတ်(ခ) ဦးထွန်းမြင့်]၏ဇနီး၊ လင်ဘိတင်း (တန်ယုံစွိ)၊ လင်ရှုတင်း(ဦးတန်ကော့ဝ္ဂါ) လင်ဟုတ်ဘိန်-ဒေါ်မေသန်းမြင့်လင်း၊ လင်ကင်တင်း၊ လင်ရော့တင်း(ခ)ရီရီ တင်-ဦးအေးဝင်း၊ ဒေါ်မာလာထွေး၊ ဒေါက်တာအောင်မြင့်-ဒေါ်မာမာထွေး၊ ဒေါက်တာအောင်စိန်- ဒေါ်မြင့်မြင့်ဆန်း တို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ်ငါး ယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၇-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၃း၁၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄(စနေနေ့) နံနက် ၁၁နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးတင်ငွေ(ကျွဲကူး)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄) ရပ်ကွက်၊ ကွမ်းခြံ(၁)လမ်း၊ တိုက်(၁/၁၃)၊ အခန်း(၁၀၃/၁၀၄)နေ (ဦးဘလှ-ဒေါ်ညို)တို့၏သား၊ (ဦးအောင်မြတ်-ဒေါ်ပုတင်)တို့၏သားသမက်၊ ဒေါ်မြပိုင်၏ခင်ပွန်း၊ ဦးလှကြိုင်-ဒေါ်မြသိန်း၊ ဦးကြည်အောင်-ဒေါ်ခင်၊ ဦးစိုးမြင့်-ဒေါ်တင်ကြူတို့၏အစ်ကို၊ (ဦးမျိုးမြတ်)-ဒေါ်စန်းစန်းဦး(ဒုတိယညွှန်ကြားရေးမှူး၊ ရသုံးဦးစီး)၊ ဒေါ်ရီရီရှိန်၊ ဒုတိယဗိုလ်မှူးကြီး သန်းထွဋ်(လက်ထောက်စစ်ထောက်ချုပ်၊ စစ်ထောက်ချုပ်ရုံး)-ဒေါ်မိုးမိုးစန်းတို့၏ ဖခင်၊ မောင်ဝေယံမျိုးမြတ် (G-8-A၊ အထက-၂၊ ကမာရွတ်)တို့၏ အဘိုး သည် ၁၈-၇-၂၀၁၄ (သောကြာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၀-၇-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီ တွင် ထွက်ပါမည်။) [၂၄-၇-၂၀၁၄ (ကြာသပတေးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါက်တာထွန်းကျော်ဇင်
(B.D.S, MDY)
အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၄) ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(H-1)၊ F.M.I Cityနေ ဦးလှမြင့်-ဒေါ်သန်း သန်းနွဲ့တို့၏ တစ်ဦးတည်းသောသား၊ ကိုအောင်ကျော်မိုး-မခိုင်လင်းမြင့်တို့၏ မောင်၊ မဖူးဖူးပြည့်ဖြိုး၏အစ်ကို၊ မောင် ပြည်ညီမ်းစေ၏ ဦးလေးသည် ၁၈-၇-၂၀၁၄(သောကြာနေ့) နံနက် ၀၀း၁၅နာရီ တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွား ပါသဖြင့် ၂၀-၇-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက် ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၄ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးရှင်(သာရဝေါ) အသက်(၈၀)
ညွှန်ကြားရေးမှူး(ငြိမ်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ နေကြာ/သာယာကုန်း လမ်း၊ တိုက်(၇)၊ အခန်း(၁၀၈)၊ လေးလွှာနေ [ဦးစိန်(ခ)ဦးဖိုးကြော့-ဒေါ်ပုလေး] တို့၏ သား၊ (ဒေါ်ကျင်လှိုင်)၏ခင်ပွန်း၊ ဒေါ်သင်းသင်းမာ(စိစစ်ရေးမှူး၊ မူပိုင်ခွင့် နှင့်မှတ်ပုံတင်ဌာနခွဲ)၊ ဒေါ်မူမူ(ဒုလက်ထောက်ညွှန်မှူး၊ MPE၊ စွမ်းအင်ဝန်ကြီး ဌာန)၊ ဦးမြင့်ခိုင်-ဒေါ်သီတာခိုင်(Biznet Internet)၊ ဦးဝင်းမျိုးထွန်း-ဒေါ်အိအိလွင် (ရိုးမဘဏ်၊ အလုံဘဏ်ခွဲ)တို့၏မွေးသဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး ဦးရှင် သည် ၁၈-၇-၂၀၁၄(သောကြာနေ့) ညနေ ၄း၂၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၄ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မီးသင်္ဂြိုဟ်မည့်အချိန်နှင့် နေအိမ်မှကားများထွက်မည့် အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်မြင့်ဆွေ(ပဲခူး) (၇၄)နှစ်

ပဲခူးမြို့နေ [ဦးကျော်သိန်း(သိန်းဆံသ)]၏ ဇနီး၊ နေပြည်တော်နေ ဒုတိယဗိုလ်မှူးကြီးခင်ဇော် (ဒုတိယညွှန်ကြားရေးမှူးချုပ်-ကကဌ)-ဒေါ်လဲ့လဲ့၊ ရန်ကုန်မြို့နေ ဦးမြင့်သူ [အငယ်တန်းအင်ဂျင်နီယာ-၁(လိုင်း) ဆသရ]၊ ဒေါ်ကြည် ကြည်ဦး၊ ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးမျိုးမင်းသိမ်း-ဒေါ်ချောရှုပါဦးတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၇-၇-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရန်ကုန်မြို့၊ ဟံသာရိပ်မွန် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့၊ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒုတိယရဲမှူး စန်းဝင်း (၅၉)နှစ်
[ရဲ ၃၃၇၈/လ. ၁၁၈၃၁၁]
အမှတ်စဉ်(၁၆/၈၄)

မကွေးတိုင်းဒေသကြီး၊ မိကျောင်းရဲမြို့နေ (မြန်မာတိုင်းရင်းဆေးသမား တော်ကြီး ဦးထွန်းဆိုင်-ဒေါ်အေးမြင့်)တို့၏သား၊ မန္တလေးမြို့၊ အောင်မြေသာဇံ မြို့နယ်၊ (၈၁×၈၂)ကြား၊ (၂၂/စီ)လမ်းနေ (ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း ဒု-တိုင်းမန်နေဂျာ ဦးကိုကိုကြီး-ဒေါ်ခင်သီတာ)တို့၏ သားသမက်၊ ဒေါ်ရွှေဇင်၏ ခင်ပွန်း၊ မောင်မောင်ဦး-မခင်ကြူမာ၊ မောင်တင်ဦး-မဇင်မိမိစိုး၊ မောင်ထက်ကိုကို-မခင်မာဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဒုတိယရဲမှူး စန်းဝင်း [တပ်ခွဲ မှူး၊ အမှတ်(၂၀)တပ်ခွဲ၊ ဟင်္သာတ ရထားရဲတပ်ဖွဲ့]သည် ၁၈-၇-၂၀၁၄ရက် ည ၁၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [၄-၇-၂၀၁၄ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၄၆)၊ လေးလွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မအိန္ဒြေမှူး
အသက်(၃)နှစ်

ရန်ကုန်မြို့နေ ဦးဖိုးချွန်-ဒေါ်ရီရီတင့်၊ မုံရွာမြို့နေ (ဦးဉာဏ်ထွန်း)-ဒေါ်တင်တင်တို့၏မြေး၊ ဗိုလ်မှူးတင့်လွင်ဦး-ဒေါ်မြမြမွန်တို့၏သမီး၊ မောင်သစ် ထူးလွင်၏အစ်မ မအိန္ဒြေမှူးသည် ၁၇-၇-၂၀၁၄(ကြာသပတေးနေ့) ည ၈း၃၀နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ် မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်ညိမ်းမြ(အလုံ) (၉၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၈၄)၊ ဌာနာလမ်း၊ အလုံမြို့နယ်နေ (ဦးပူစူး-ဒေါ်ကျင်မေ) တို့၏သမီး၊ ဦးမြ၏အစ်မ၊ [ဦးတိတ် ကျန်(ခ)ဦးခွေးကြီး]၏ဇနီး၊ ဦးစန်းမြင့်၊ ဦးမောင်ကြိုင်(တရုတ်ခာတ်အပ်စိုက်)၊ ဦးမောင်မောင်ငွေး(ကျောင်းအုပ်ဆရာကြီး-ငြိမ်း)၊ ဦးအောင်မြင့်-ဒေါ်လှစန်းဝေတို့၏ မိခင်၊ မဖြူဖြူစင်၊ မောင်ထွန်းခိုင်၊ မမြင့် မြင့်ခိုင်၊ မောင်ထွန်းရာဇာအောင်တို့၏ အဘွားသည် ၁၈-၇-၂၀၁၄(သောကြာ နေ့) နံနက် ၁၀နာရီတွင် အာရုတော်ဝင် ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက် ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်မြမေ (၈၁)နှစ်
(ကျောင်းဆရာမ-ငြိမ်း)
(ဇရပ်ပြင်ရွာ၊ လေးတောင်)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ ဇရပ်ပြင်ရွာနေ (ဆရာကြီးဦးဖြူဦး-ဆရာမကြီး ဒေါ်ရွှေဆင်)တို့၏သမီး၊ (ဦးဘိုးရင်-ဒေါ်အေးကျန်)တို့၏ သမီးချွေးမ၊ (ဆရာမဒေါ်ငွေလှိုင်၊ ဆရာဦးသာကျော်၊ ဆရာမ ဒေါ်အေးမြလှိုင်)တို့၏ညီမ၊ ဦးသိန်းရွှေ (တိုင်းဥပဒေအရာရှိ ငြိမ်း)-ဒေါ်ခင်ခင်သွဲ့ တို့၏အစ်မ၊ (ဆရာဦးဆိတ်အေး)၏ဇနီး၊ အမှတ်(၁၅၈)၊ အောင်ဇေယျာလမ်း၊ မရမ်းကုန်းမြို့နယ်နေ ဦးခင်မောင်လေး-ဒေါ်မူမူအေး(အမက-၁၇၊ မရမ်းကုန်း)၊ ဦးမျိုးလွင်၊ ဒေါ်မြင့်ကြည်၊ ဦးမြင့်ကို-ဒေါ်မိုးမိုးလှိုင်(အမက-၁၄၊လှိုင်သာယာ)၊ မစိုးစိုးလှိုင်တို့၏မိခင်၊ မြေးလေးယောက် တို့၏အဘွားသည် ၁၈-၇-၂၀၁၄ (သောကြာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက် ပါမည်။)

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဦးဇော်သိန်း(B.D.S)(မြိတ်)
အသင်းဝင်အမှတ်(၃၄၅၅)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့် လမ်း၊ အမှတ်(၅၉-C)၊ တိုက်(A)၊ အခန်း(၅)နေ ဒေါ်တင်တင်ယု၏ခင်ပွန်း သည် ၁၇-၇-၂၀၁၄(ကြာသပတေးနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ယင်းနေ့ညနေပိုင်းတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

ဦးဇော်ဝင်းထူး(ခ)ကိုဇော်ကြီး
အသက်(၅၆)နှစ်
C.D.C-18563
အုံကြီးသင်္ဘောကျင်း၊ အလုပ်သင်
အင်/ယာ ၁၉၈၀/၈၄
ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း
(မြန်အောင်)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးသန်းအေး-ဒေါ်တင်ကြည်)တို့၏ သား၊ ဦးစိုးမြင့်-ဒေါ်အေးစိန်တို့၏ သားသမက်၊ ဦးကိုကိုလွင်-ဒေါ်စန်းကြည် တို့၏တူ၊ ဒုတိယဗိုလ်မှူးကြီးတင်မောင် ခင်-ဒေါ်ခင်မာရီ (ဦးမင်းသူ)-ဒေါ်အေး အေးနွဲ့၊ ဦးမောင်ကို-ဒေါ်မူမူမြင့်၊ (ကိုဉာဏ်ဝင်း)၊ ကိုကျော်စိုး-မခင်မာလာ၊ ဦးတိုးတိုး-ဒေါ်သင်းသင်းစိုးတို့၏အစ်ကို၊ မဇော်လပြည့်ဝန်း၊ မဇော်လယမင်း၊ မချစ်ကစ်ကစ်ဇော်တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ ရန်ကုန်မြို့၊ (၁၄)ရပ်ကွက်၊ မြနန္ဒာအိမ်ရာ၊ မြနန္ဒာ(၅)လမ်း၊ တိုက် (၁၈)၊ အခန်း(၂၀၄)နေ ဒေါ်ခင်ဖုန်း မြင့်(ခ)ရှယ်လီ၏ ချစ်လှစွာသောခင်ပွန်း သည် ၁၇-၇-၂၀၁၄ရက် ညနေ ၆ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄(စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန် သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီ တွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်မ(ကျုံမငေး)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာ လမ်းသွယ်(၁)လမ်း၊ ရွှေသံလွင်ကွန်ဒို၊ အခန်းအမှတ်(၁၁-၀၂)နေ (ဦးအင်းဝမ်)၏ ဇနီး၊ ဦးသိန်းဝင်း-ဒေါ်ဆွေဆွေ၊ ဦးစန္ဒာသူရ-ဒေါ်ခင်မျိုးဝင်း၊ ဦးကြံအောင်-ဒေါ်မြငွေး(ခ)ချောစိန်၊ ဦးခင်မောင်ငွေး(ခ)အန်းကူ-ဒေါ်ခင်မြမြစိန်၊ ဒေါ်ခင်မာညို(ခ) အမွေ့၊ ဦးစိုးမြင့်-ဒေါ်ဖြူဖြူမြင့်(ခ)ဖြူဖြူ၊ ဦးသောင်းဝင်း-ဒေါ်ခင်မာချို(ခ)လုံလုံး တို့၏မွေးသမိခင်၊ မြေး ၁၂ယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွား သည် ၁၈-၇-၂၀၁၄ ရက် ညနေ ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကျုံမငေးအသင်း
ဒေါ်စိန်မ (၉၂)နှစ်

ကျုံမငေးမြို့၊ အမှတ်(၁၇)၊ မီးသတ်လမ်းနေ (ဦးကျင်တင့်-ဒေါ်နှင်းခက်) တို့၏ တတိယသမီး ဒေါ်စိန်မသည် ၁၈-၇-၂၀၁၄ ရက် ညနေ ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အကြောင်း ကြားအပ်ပါသည်။ [လှည်းတန်းလမ်း၊ အမှတ်(၅၇)၊ ကျုံမငေးအသင်းတိုက်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။]

အမှုဆောင်အဖွဲ့
ကျုံမငေးအသင်းတိုက်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတင်ရွှေ(ခရမ်း) (၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ (၁၂)ရပ်ကွက်နေ (ဦးအောင်ဒွန်း-ဒေါ်မေ)တို့၏သား၊ (ဒေါ်မြင့်)၏ခင်ပွန်း၊ ဦးသန်းစိုး-ဒေါ်သန်း သန်းဝင်း၊ ဦးသောင်းရှိန်-ဒေါ်ကြည်ပြာ(အထက-၃၊ ဒဂုံ)၊ ဒေါ်ခင်ခင်ဝင်း၊ (ဦးကြည်မိုး)-ဒေါ်စန်းစန်းတင်၊ ဦးမြင့်လင်း (OK Myanmr)-ဒေါ်နီလာအေး (OK Myanmr)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏ အဘိုး ဦးတင်ရွှေသည် ၁၇-၇-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ခရမ်း သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးသိန်းယု(ခ)ဦးတိတ်ယု(ကျောက်တန်း)
အသက် (၈၃)နှစ်

ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၉၄) နေ (ဦးစုကွန်-ဒေါ်မြရီ)တို့၏သား၊ (ဦးကြောင်ရှိန်-ဒေါ်ဖွားတင်)တို့၏သားသမက်၊ ဒေါ်ကျင်ဟိုး၏ခင်ပွန်း၊ ဦးကြည်ထွန်း-ဒေါ်အေးအေးမော်(ရွှေမင်းသမီး-စတိုး)၊ ဦးကြည်စွန်း-ဒေါ်စန်းစန်း(3D အထည်ချုပ်စက်ရုံ)၊ ဦးလှမြင့်အောင်-ဒေါ်သင်း သင်းမော်၊ ဦးဇော်မင်းအောင် (KT အင်တာနက်)၊ ဦးဇော်ဝင်းအောင် (ကထိက၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ ဦးဇော်မျိုးအောင်-ဒေါ်ထက်ထက်လင်း(ထက်-မိုဘိုင်းဆိုင်)တို့၏မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၇-၇-၂၀၁၄ရက် ည ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်းတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးခင်ရွှေ(အလုံ) (CDC - 2056)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်သာကီ လမ်း၊ အမှတ်(၂၄)နေ (ဦးဘလွင်-ဒေါ်အုံးမေ)တို့၏သား၊ (ဦးတင်မောင်-ဒေါ်သန်း ရင်)တို့၏သားသမက်၊ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ Capt. ဦးကြည်ခင် (PIL Shipping Co., Ltd.) -ဒေါ်မေရီဂရေစ့်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးခင်ရွှေသည် ၁၈-၇-၂၀၁၄ (သောကြာနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီဒေါက်တာဦးကိုထွေး(ခ) MD. AHMED EISA
အသက်(၇၂)နှစ်
ခေတ္တရာအသင်းရာသက်ပန်အသင်းဝင်

(ဒေါက်တာ MD. အီဘရာဟင်-ဒေါ်မေ)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာ တောင်ညွန့်မြို့နယ်၊ အမှတ်(၅၀)၊ (၁၀၁)လမ်းနေ ဟာဂျီမ ဒေါက်တာစုစုမွန်၏ ချစ်လှစွာသောခင်ပွန်း၊ ပြည်မြို့နေ [ဦးထွန်းဖေ(ကျောင်းအုပ်ဆရာကြီး)-ဒေါ်ကြူ (ကျောင်းအုပ်ဆရာမကြီး)]၊ [ဟာဂျီဦးမောင်မောင်(ဒု-အတွင်းဝန်/ရုံးအဖွဲ့မှူး-ငြိမ်း)-ဒေါ်အမာ]၊ ဟာဂျီ ပါမောက္ခ ဒေါက်တာဦးကိုဝင်း-ဟာဂျီမဒေါ်မြင့်မြင့်အေး၊ ဟာဂျီဦးဘညွန့်(မြို့နယ်အခွန်ဦးစီးမှူး-ငြိမ်း)-ဟာဂျီမဒေါ်ခင်ခင်ညို (အလယ်တန်း ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)တို့၏ ညီ/မောင်၊ ဟာဂျီမင်းမွန်ထွေး-Vunteo၊ ဦးမြတ်မိုး-ခိုင်မွန်ထွေး၊ (Capt. ကြည်တင်)-နိုင်မွန်ထွေးတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသဖခင်၊ ထက်နန္ဒာထွေး၊ အောင်ပိုင်ဟိန်း၊ မိုးဟန်နီထွေး၊ ရဲရင့် ကြည်တင်၊ ရဲဝင့်ကြည်တင်၊ Hilary၊ Ivory တို့၏ အဘိုးသည် ၁၄-၇-၂၀၁၄ရက် နံနက် ၁း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးစွန်နီကဘာရ်စတန် ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီး ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးမောင်ခင်သန်း(ခ)မောင်ချေ(စစ်တွေ)
ရခိုင်ပြည်နယ်ခြင်းလုံးဆပ်ကော်မတီ(နာယက)
ရခိုင်ပြည်နယ် ရွှေလင်းယုန်စစ်တုရင်ကလပ်(ဥက္ကဋ္ဌ)
အသက် (၅၄)နှစ်

စစ်တွေမြို့နေ (ဦးထွန်းမြဦး-ဒေါ်မစော)တို့၏သားလတ်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၁၀)၊ ရန်ပြေ(၂၁)လမ်း၊ (၃)ရပ်ကွက်နေ ဦးလှဖေ-ဒေါ်စီစီတို့၏သားသမက်၊ ဦးဦးဘခင်-ဒေါ်အေးသိန်း၊ ဦးစိန်မောင်-ဒေါ်ခင်ညွန့်၊ (ဦးစိန်ရွှေမောင်)-ဒေါ်မသန်းနု၊ မောင်သန်းရွှေ-မလှမြတ်သိန်း၊ ဦးအောင်သူ-ဒေါ်သာနုအေး၊ ဒေါ်တင်တင်လေး(သာကေတမြို့နယ်ပညာရေးမှူးရုံး)၊ ဦးစိုးနိုင်-ဒေါ်တင်တင်ထွေးတို့၏ညီ/မောင်/အစ်ကို၊ ဒေါ်ဆွေဆွေဦး(ဆွေဆွေစတိုး၊ စစ်တွေ)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဦးထွန်းအေး-မစန္ဒာခိုင်၊ မောင်သန့် ထက်အောင်-မဖြိုးဖြိုးဝေ၊ မောင်သူရိန်ဟိန်းတို့၏ဖခင်၊ မြေးတစ်ယောက်၊ တူ/တူမ ၂၅ယောက်တို့၏ဦးလေးသည် ၁၇-၇-၂၀၁၄(ကြာသပတေးနေ့) ညနေ ၃း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၄(စနေ နေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၁၀)၊ ရန်ပြေ(၂၁)လမ်း၊ (၃)ရပ်ကွက် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါ မည်။]

ကျန်ရစ်သူမိသားစု

ပြည်သူ့လွှတ်တော်အစည်းအဝေး

ရေချမ်းပြင်-ပါဒလိတ်လမ်းပိုင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် ပြီးစီးနိုင်မည်ဖြစ်

နေပြည်တော် ဇူလိုင် ၁၈

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး(၃၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်(ကိုယ်စား) မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ မေးမြန်းသည့် **ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသော မီးရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသည် မည်သည့်နှစ်တွင် ပြီးဆုံးမည်နှင့် လက်ရှိဆောက်လုပ်မှုအခြေအနေကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က မြန်မာ့မီးရထားအနေဖြင့် (၂၉၉ ဒသမ ၂၅)မိုင် ရှည်လျားသော မင်းဘူး-အမ်း-စစ်တွေရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၉ ခုနှစ် ၂ လပိုင်းတွင် စတင်ဖောက်လုပ်ခဲ့ပြီး စစ်တွေ-ရေချမ်းပြင် လမ်းပိုင်းကို ၂၀၀၉ ခုနှစ် ၅ လပိုင်းတွင် လည်းကောင်း၊ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ်လမ်းပိုင်းကို ၂၀၁၀ ခုနှစ် ၅ လပိုင်းတွင်လည်းကောင်း၊ ယိုးတရုတ်-ကျောက်တော်လမ်းပိုင်းကို ၂၀၁၁ ခုနှစ် ၄ လ ပိုင်းတွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကွမ်းတောင်မှ ကျောက်တော်လမ်းပိုင်းကို ရထား(၄)စင်းဖြင့် ပြေးဆွဲလျက်ရှိပါကြောင်း၊ စစ်တွေ-ရေချမ်းပြင်လမ်းပိုင်းအား လုံခြုံရေးအခြေအနေအရ ရထားပြေးဆွဲမှု ရပ်ဆိုင်းထားခဲ့ပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

အမျိုးသားလွှတ်တော်အစည်းအဝေး

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်း

နေပြည်တော် ဇူလိုင် ၁၈

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် **အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် (၉၀)ရာခိုင်နှုန်းကျော်ပါဝင်သည့် အဓိကစီးပွားရေးအင်အားစုဖြစ်ကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိရောက်စွာ တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်သားထု၏ ပါဝင်မှုအချိုးအစားသည်လည်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်များ၌ အမြင့်မားဆုံးတည်ရှိနေကြောင်း ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအရ သိရသည်။

ဤဥပဒေကြမ်းတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးနှင့် ဆက်စပ်သည့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ယနေ့ မာတိကာ

ကမ္ဘာ့ရွှေ၊ မြန်မာ့ရွှေဈေး ပုံမှန်အရောင်းအဝယ်ရှိ ကားဈေးကွက် ခန့်မှန်းရခက် — စာမျက်နှာ - ၉

၂၄ နာရီ လျှပ်စစ်ဓာတ်အား ပေးဝေနိုင်မည့် ဆောချောင်းရေအားလျှပ်စစ် စီမံကိန်းစတင် — စာမျက်နှာ - ၁၀

ဒါရိုက်တာတစ်ဦးအဖြစ် မြင်တွေ့ရမည့် ကူပေါ်ဆန်း — စာမျက်နှာ - ၁၂

ဖာဒီနန်အား ကျူပီအာ စာချုပ် — စာမျက်နှာ - ၁၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

သတင်း စာမျက်နှာ ၃

ကမ္ဘာလှည့် ခရီးသည်များအတွက် အပျော်စီးသုံးထပ် သင်္ဘောများဖြင့် အထက်မြန်မာပြည် မြို့များသို့ စတင်ပြေးဆွဲ

မန္တလေး ဇူလိုင် ၁၈

ကမ္ဘာလှည့်ခရီးသည်များအတွက် ပို့ဆောင်ရေးလုပ်ငန်း လိုင်စင်ရရှိသော အပျော်စီးသုံးထပ်သင်္ဘောများဖြင့် အထက်မြန်မာပြည်မြို့များသို့ ယခုလမှ စတင်၍ ပြေးဆွဲနေကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

နိုင်ငံအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၈

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ရမ်မာစံ" (Rammasun) ၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးများ၊ ရှမ်း၊ ရခိုင်၊ ကယား၊ ကရင်နှင့် မွန်ပြည်နယ်တို့၌ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။

မိုးကြီးမည့်အခြေအနေကြောင့် ကမ်းရိုးတန်းဒေသများနှင့် ကုန်းမြင့်ဒေသအချို့တို့တွင် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်ဂရုပြုသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂)၊ ဆဋ္ဌမတန်း(A)မှ မစုမြတ်နိုင်၏ ဖခင်အမည်မှန်မှာ ဦးတင်ကိုကို [၉/မခန(နိုင်)၁၅၈၀၄၄]ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဟိုပင်မြို့ အထက(၂)မြသီတာ၊ တက္ကသိုလ်ဝင်တန်း(D)မှ မသဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးဌေးလွင်[၁/မညန(နိုင်)၀၂၅၃၆၄]ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဆပ်ပြာတောင့်နှင့် ဆပ်ပြာတုံးများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်-

(က)	စပါးနှံဆပ်ပြာ	၂၄၆၀၈ တောင့်	1Lot
(ခ)	ကောင်းသန့်ဆပ်ပြာ	၆၅၉၅ တုံး	1 Lot

၂။ တင်ဒါပုံစံရောင်းချမည့်ရက် ၂၂-၇-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် ၁၂-၈-၂၀၁၄ရက် (မွန်းလွဲ ၁၃:၀၀နာရီ)

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းမေးမြန်းနိုင်ပါသည်-

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၃၁၁၀၄၊ ၀၆၇-၄၃၁၁၂၀

ငှားရန်ရှိသည်

ဘဏ်(သို့မဟုတ်) ကုမ္ပဏီရုံးချုပ်ဖွင့်ရန် သင့်လျော်သော မန္တလေးမြို့၊ ၈၅ လမ်းနှင့် လမ်း(၃၀)ထောင့်ရှိ RC(၄)ထပ် အဆောက်အအုံနှင့် ရန်ကုန်-မန္တလေး လမ်းမကြီးဘေး ကွဲဆည်ကန် ၁၁ လမ်းထောင့်ရှိ မြေကွက်ကျယ် ငှားမည်။

ဆက်သွယ်ရန်ဖုန်း-၀၉ ၅၀၁၇၉၁၁၊ ၀၉- ၅၁၀၃၅၀၈၊ ၀၂-၈၆၂၆၀

ဓနစပ်ကြောင်းလမ်းပြီးစီးခြင်း

လှိုင်သာယာမြို့နယ်၊ FMI City H-7၊ ၄၀ါလမ်းနေ
ဦးမြင့်ကြူဖေ-ဒေါ်ခင်အေးမူတို့၏ တစ်ဦးတည်းသောသား

ဆွေဆက်ကြူဖေ

Diploma in Electronics, Comp & Communication Engineering(Singapore Poly);B.E(Electrical)University of Queensland; M.E(Energy Systems) Griffith University

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အောင်ဓမ္မရိပ်သာလမ်း၊ အိမ်အမှတ်(၁၆၂)နေ
(ဦးစိုင်းမျိုးသန့်)-ဒေါ်စဝ်သီတာထွေး(MD,Mahar Aung Pan Travels & Tours Co.)
တို့၏ သမီးကြီး

နွန်းနေခြည်မျိုးသန့်

B.C.Sc.(UCSY),Master of Business(Marketing),Queensland University of Technology, Australia. Sales Manager, eTail Solutions Co.,Brisbane, QLD

တို့သည် ၁၂-၇-၂၀၁၄ရက်တွင် နှစ်ဖက်မိဘလူကြီးများရှေ့တွင် ဓနစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဆွေဆက်ကြူဖေ-နွန်းနေခြည်မျိုးသန့်

မဟော် အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှု

ထောက်ကြန့်၊ မှော်ဘီ၊ မင်္ဂလာဒုံရှိမြေကွက်များ ရောင်းလို/ဝယ်လိုလျှင် ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၄၃၁၁၃၄၀၆

ခြံမြေအမြန်ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် လှည်းကူးတာဆုံအနီး၊ လှည်းကူးဖောင်ကြီးလမ်းမကြီးဘေး (၁. ၀၉)ဧက ကျယ်ဝန်းသောခြံမြေအား ပိုင်ရှင်ကိုယ်တိုင်ရောင်းလိုပါသည်။

ဆက်သွယ်ရန်ဖုန်း-
၀၉-၄၉၃၁၈၁၂၉
(ညှိနှိုင်းဈေး)

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဆန်ဂျေး[၁/၀မန(နိုင်)၀၆၇၂၀၆]၏ Passport (No.M-367328)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၃၆၀၇၀၂၀၁

အမည်မှန်

ဦးနော်ဆန့်၏သား မြစ်ကြီးနားမြို့၊ ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ဆဋ္ဌမတန်း(A)မှ မောင်ပက်ထရစ်နောနော်၏ အမည်မှန်မှာ မောင်ပက်ထရိတ်နောနော်ဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်မ မယာမူနာဒေဝီ[၁/၀မန(နိုင်)၀၈၆၉၇၁]၏ Pass port (No.M-535974)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၂၅၉၁၅၂၄၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် Fiber Cable(၃၀၀၀)မီတာကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူသွယ်တန်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၇-၂၀၁၄ရက်မှ ၂၈-၇-၂၀၁၄ရက်အထိ နေ့စဉ် (ရုံးချိန်အတွင်း) နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တို့တွင် တစ်စောင်လျှင် ကျပ်(၅၀၀၀)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၉-၇-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်(၃၂)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၁၉၉၊ ၀၆၇-၄၀၆၀၈၈

ပြည်ထဲရေးဝန်ကြီးဌာန
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား၊ ပုဂ္ဂလိက ကုမ္ပဏီ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့
(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ဂ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
(ဃ) အကျဉ်းဦးစီးဌာန
(င) မီးသတ်ဦးစီးဌာန

၂။ အထက်ပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် **"အဆိုပြုတင်ဒါ"** အဆိုပြုလွှာ၊ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံနှင့် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များအား ၉-၆-၂၀၁၄ရက် မှ ၃၀-၆-၂၀၁၄ရက်အတွင်း ရောင်းချခဲ့ပြီးဖြစ်ပါသည်။

၃။ "အဆိုပြုတင်ဒါ" အဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏**"ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံ"**များနှင့်ပတ်သက်၍ ၁၇-၇-၂၀၁၄ရက်မှ ၂၀-၇-၂၀၁၄ရက်အထိ ပြည်ထဲရေးဝန်ကြီးရုံး(ရုံးအမှတ်-၁၀)ရှေ့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ မူလတန်းကြိုကျောင်းတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၄။ **ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံ** တင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် ၂၈-၇-၂၀၁၄ရက်တွင် ၉နာရီမှ ၆နာရီအတွင်း ပြည်ထဲရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၀)၏ ခန်းမတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်း မပြုပါ။)

၅။ ကုမ္ပဏီများ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို တပ်ဖွဲ့ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စုအလိုက် အောက်ပါနေ့ရက်များတွင် ဖွင့်ဖောက်ကြော်ငြာပေးသွားမည်ဖြစ်ပါသည်-

(က) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန - ၂၉-၇-၂၀၁၄ရက် နံနက်ပိုင်း
(ခ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန - ၂၉-၇-၂၀၁၄ရက် ညနေပိုင်း
(ဂ) မီးသတ်ဦးစီးဌာန - ၃၀-၇-၂၀၁၄ရက်
(ဃ) အကျဉ်းဦးစီးဌာန - ၃၁-၇-၂၀၁၄ရက်
(င) မြန်မာနိုင်ငံရဲတပ်ဖွဲ့
(၁) ၁-၈-၂၀၁၄ရက် [လုပ်ငန်းအုပ်စုအမှတ်စဉ် (၁) မှ (၁၅)ထိ]
(၂) ၄-၈-၂၀၁၄ရက် [လုပ်ငန်းအုပ်စုအမှတ်စဉ် (၁၆) မှ (၃၀)ထိ]
(၃) ၅-၈-၂၀၁၄ရက် [လုပ်ငန်းအုပ်စုအမှတ်စဉ် (၃၁) မှ (၄၅)ထိ]
(၄) ၆-၈-၂၀၁၄ရက် [လုပ်ငန်းအုပ်စုအမှတ်စဉ် (၄၆) မှ (၆၁)ထိ]

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က)	ပြည်ထဲရေးဝန်ကြီးရုံး	ဖုန်း-၀၆၇-၄၁၂၄၃၆၊ ၀၆၇-၄၁၂၄၃၇
(ခ)	မြန်မာနိုင်ငံရဲတပ်ဖွဲ့	ဖုန်း-၀၆၇-၄၁၂၁၃၈၊ ၀၆၇-၄၁၂၂၅၈
(ဂ)	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ဖုန်း-၀၆၇-၄၁၂၅၂၈၊ ၀၆၇-၄၁၂၇၄
(ဃ)	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	ဖုန်း-၀၆၇-၄၃၁၃၈၂၊ ၀၆၇-၄၃၁၃၉၆
(င)	အကျဉ်းဦးစီးဌာန	ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၀၆၇-၄၃၁၄၂၀
(စ)	မီးသတ်ဦးစီးဌာန	ဖုန်း-၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ



ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အထူးကုဆေးရုံ(သာကေတ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ အထူးကုဆေးရုံ(သာကေတ)တွင် တက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် FDA-အသိအမှတ်ပြုဆေးဝါးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် - ၂၁-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၈-၈-၂၀၁၄ ရက်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ရုံး
အထူးကုဆေးရုံ (သာကေတ)
ရှုခင်းသာလမ်း၊ (၁၀၈)တောင်ဘုရားအနီး၊ သာကေတမြို့နယ်။ ဖုန်း-၀၁-၄၅၀၇၉၁
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V CITY OF MUMBAI V.9 သင်္ဘောသည် ၂၁-၇-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၈)၊ မြေကွက်တည်နေရာအမှတ်(၂၉/၈)၊ (၂)ရပ်ကွက်၊ ရွှေပြည်သာ ဦးလှမျိုး အမည်ပေါက်နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဦးလှမျိုးထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၃၀၉ (၂၇-၅-၁၄)ရသူ ဦးအောင်အောင်မြင့်[၁၁/စတန(နိုင်)၀၅၂၇၆၉]မှ ၂၀၀၂ ခုနှစ်က ကူးယူထားသော အရောင်း မြေပုံပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မုဒိတာ(၁/၂)ကွန်ဒိုတိုက်ခန်းများနှင့်
ဒဂုံမြို့သစ်ရှိတိုက်ခန်းများ
ရောင်း/ဝယ်/ငှားလိုပါက စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
မဆွေ-၀၉-၂၅၀၁၈၇၅၇၅
မဘုတ်-၀၉-၇၃၀၁၇၀၀၅၊ ၀၉-၃၁၉၂၉၄၅၄

99 အချိုးမုန့်

နိုင်ငံတကာစံချိန်မီ အစားအသောက်များကို အရသာထူးကဲစေမည့် 99 အချိုးမုန့်

ငွေသားဖြင့်ကံစမ်းမဲဖွင့်ပေးပါမည်။ ➤ ပေါက်မဲများကို သတင်းစာတွင် ကြေညာပေးပါမည်။

ရန်ကုန် ကိုယ်စားလှယ်များ

နယ်ကိုယ်စားလှယ်များ

ကိုယ်စားလှယ်ယူလိုသူများနှင့် စျေးဝင်းရောင်းလိုသူများ သဘောတူညီကာဆက်သွယ် မေးမြန်းနိုင်ပါသည်။

01 - 382333 , 01 - 384632 , 09 730 48157, 09-250065716, 250065717, 250065719

ရန်ကုန်စီးပွားရေးတက္ကသိုလ်
ညနေပိုင်းမဟာဘွဲ့သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၁၄-၂၀၁၅)ခု ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု မဟာဘွဲ့ (EMBA)

(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့ (EMPA)

(ဂ) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (EMDevS)

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိလုပ်သက်(၈)နှစ်ရှိရမည်။

(ဂ) ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် Executive Level လုပ်သက်(၈)နှစ်ရှိရမည်။

(ဃ) ၁-၉-၂၀၁၄ရက်တွင် အသက်(၃၀)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(င) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုတက်ရောက်နေသူမဖြစ်စေရ။

(စ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၈-၇-၂၀၁၄ရက်မှ စတင်ရယူပြီး ၃၁-၇-၂၀၁၄ရက်(ကြာသပတေးနေ့)နောက်ဆုံးထား၍ အဆိုပါဌာနများ၌ ပြန်လည်တင်သွင်း လျှောက်ထားနိုင်ပါသည်။

(က) EMBA သင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန(ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)။

(ခ) EMPA သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန (အခန်း ၁၁၂)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။

(ဂ) EMDevS သင်တန်းအတွက် ဘောဂဗေဒဌာန(အခန်း-၁၀၆)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၁၀ရက် (တနင်္ဂနွေနေ့)တွင် အောက်ပါနေရာများ၌ ကျင်းပပါမည်။

(က) EMBAသင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)

(ခ) EMPA နှင့် EMDevS သင်တန်းတို့အတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်မြို့နယ်။)

၅။ ပြည့်စုံစွာ ဖော်ပြမှုမရှိသော လျှောက်လွှာများ၊ လုပ်သက်၊ အသက်ထောက်ခံချက် မပြည့်စုံသောလျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၇။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်းနံပါတ်(EMBA-661736, 664684, 660822) (EMPA-512633/0943127236)(EMDevS-510213)(ရုံး-၅၈၅၀၇၂၊ ၅၈၅၀၇၃၊ ၅၃၆၄၃၆၊ ၅၂၆၆၁၃)တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်းအဆင့်-၁၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

ကန့်ကွက်နိုင်ပါသည်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂၁)ရပ်ကွက်၊ သိမ်ကုန်းကျေးရွာ၊ သိမ်ချောင်းကွင်း၊ ကွင်းအမှတ်(၂၈၂/ခ)၊ဧရိယာ(၂. ၂၈)ဧကရှိ မြေကွက်သည် မြေစာရင်းရုံးတွင် ဦးညိုငွေသိန်း၏ အမည်ပေါက်လျက်ရှိပြီး ဦးညိုငွေသိန်းမှ အရပ်ကတိစာချုပ်ဖြင့် ဦးရဲကျော်ဇော[၁၂/မဘန(နိုင်)၀၈၉၉၆၆]နှင့် ဦးအောင်ဖြိုးကျော်[၁၂/ရပသ(နိုင်)၀၅၃၈၃၅]တို့ နှစ်ဦးသို့ လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါသည်။ ဦးရဲကျော်ဇောနှင့် ဦးအောင်ဖြိုးကျော်တို့ နှစ်ဦးမှ အဆိုပါမြေကွက်ကို ၎င်းတို့နှစ်ဦးတည်း ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အသီးသီးမြွက်ဖော်ဝန်ခံကြလျက် အဆိုပါမြေကွက်ကို အပြီးအပိုင် ရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် သဘောတူညီပါသဖြင့် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယခုကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးကျော်လင်းထူး	**ဦးသန်းစိုး**
B.A(Business Law)LL.B	**(B.Sc.,H.G.P.,R.L)**
အထက်တန်းရှေ့နေ (စဉ်-၂၈၇၄၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၀၀၇)**

အမှတ်(၁၃/အေ)၊ အာသာဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၂၂၃၆၉၈/၂၂၃၇၁၀၊ ရုံး-၀၉-၅၀၈၈၈၅၆၊ ၀၉-၄၂၀၀၈၆၁၄၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ မြေကွက်အမှတ်(၂၅၄/၁)၊ ဧရိယာ(၀. ၀၉၇)ဧက၊ စတုရန်းပေ(၄၂၀၆)ရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်ခွဲ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သီတာမြင့်[၉/ပဥလ(နိုင်)၀၂၆၀၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သီတာလွင်	**ဒေါ်အေးနန္ဒာဝင်း**	**ဒေါ်မိတင်ဇာလင်း**
စဉ်-၂၅၇၁၀	**စဉ်-၂၈၀၂၆**	**စဉ်-၃၀၄၉၁**
LL.B,D.B.L,D.M.L,D.I.L	**LL.B,D.B.L,D.M.L**	**LL.B,D.B.L,D.M.L,D.I.L**

ဖုန်း ၀၉-၅၀၈၂၇၁၄ အထက်တန်းရှေ့နေများ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဘီ)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၄၂၂)၊ အကျယ်အဝန်း(၂၄၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါသည်

အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိကလမ်း၊ အမှတ်(၄၂၂)ဟုခေါ်တွင်သည့် မြေနှင့်ဥပစာများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူထံမှဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ(စရန်)ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေ၊ အိမ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ (၇)ရက်အတွင်း အရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ရောင်းချခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်သီတာလွင်	**ဒေါ်အေးနန္ဒာဝင်း**	**ဒေါ်မိတင်ဇာလင်း**
စဉ်-၂၅၇၁၀	**စဉ်-၂၈၀၂၆**	**စဉ်-၃၀၄၉၁**
LL.B,D.B.L,D.M.L,D.I.L	**LL.B,D.B.L,D.M.L**	**LL.B,D.B.L,D.M.L,D.I.L**

ဖုန်း ၀၉-၅၀၈၂၇၁၄ အထက်တန်းရှေ့နေများ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဘီ)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းကို ပြန်လည်ရုပ်သိမ်းခြင်း

၂၈-၁-၂၀၀၇ ရက်ထုတ် ကြေးမုံသတင်းစာပါ ဒေါ်မြသန်း[၁၂/တမန(နိုင်)၀၅၁၈၂၂]၏ သား မောင်သန်းအောင်[၁၂/တမန(နိုင်)၀၅၁၈၈၄]အား သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်းကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာအပ်ပါသည်။

မိခင်-ဒေါ်မြသန်း
[၁၂/တမန(နိုင်)၀၅၁၈၂၂]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၄၉၇/က)၊ မြေကွက်တည်နေရာအမှတ်(၄၉၇/က)၊ သုတ(၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးညဏ်၊ ဦးကြီးမျှင် နှစ်ဦး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးညဏ်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်နန်းနွဲ့(ခ)သင်းသင်း[၁၃/ကတန(နိုင်)၀၂၄၅၄၆]က ပါမစ်ပျောက်ဆုံးကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၄/B)၊ မြေကွက်အမှတ်(၈၈၇)၊ မြေကွက်တည်နေရာအမှတ်(၈၈၇)၊ (၁)လမ်း၊ ဦးတင်ငွေ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ် ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်မေချိုးကို [၁၁/မပက(နိုင်)၀၆၇၁၉၃]က မြေချပါမစ်မိတ္တူ၊ အရောင်းအဝယ်ကတိစာချုပ် မိတ္တူတို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တင်ပြထားသော ပါမစ်တွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုစာရင်းမပါရှိပါ၍ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကွာရှင်းပြတ်စဲခြင်း

မိုးကောင်းမြို့၊ ဈေးကုန်းရပ်နေ ဦးပြည့်ဖြိုးအောင်နှင့် မိုးကောင်းမြို့၊ နတ်ကြီးကုန်းနေ ဒေါ်အေးအေးလင်း တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၉-၅-၂၀၁၄ရက်တွင် မိုးကောင်းမြို့နယ် တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှသည် ကျွန်တော်နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးပြည့်ဖြိုးအောင်
[၁/မကတ(နိုင်)၀၆၉၂၉၇]

Nissan အမျိုးအစား (၁၂)ဘီးမော်တော်ယာဉ်အမှတ်(၈ည/၄၃၉၂)လက်ဝယ်ရှိသူနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ဘုန်းစိုးရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၅၂/၆)နေ ဦးကျော်မျိုးနိုင်[၅/ပလန(နိုင်)၀၃၈၆၀၉]နှင့် အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၌ ရုံးခန်းဖွင့်လှစ်ထားသော ဇာသပြင်ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးဇော်ထိုက်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ဘုန်းစိုးရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၅၂/၆)နေ ဦးကျော်မျိုးနိုင်[၅/ပလန(နိုင်)၀၃၈၆၀၈]သည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်ထိုက်အေးနှင့် ယခင်ကပင် သိကျွမ်းခင်မင်သူများဖြစ်ခဲ့ကြကြောင်းနှင့် ဦးကျော်မျိုးနိုင်က ဦးဇော်ထိုက်အေး၏ ဇာသပြင်ကုမ္ပဏီမှ တင်သွင်းရောင်းချလျက်ရှိသော မော်တော်ယာဉ်များအား မုံရွာမြို့တွင် ပြန်လည်ရောင်းချပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု ဦးဇော်ထိုက်အေးက ညွှန်ကြားပြောဆိုပါသည်။

ထိုသို့ ဦးကျော်မျိုးနိုင်၏ ပြောဆိုမှုအရ ဦးဇော်ထိုက်အေးသည် မိမိ၏ဇာသပြင်ကုမ္ပဏီပိုင် NISSAN အမျိုးအစား (၁၂)ဘီးယာဉ်အမှတ် ၈ည/၄၃၉၂ကို ရောင်းချပေးရန်အတွက် ဦးကျော်မျိုးနိုင်အား အသိမိတ်ဆွေများရှေ့ ယုံကြည်စွာ အပ်နှံခဲ့သည်ဟု ညွှန်ကြားပြောဆိုချက်အရ ထပ်ဆင့်သိရှိရပါသည်။

ဦးကျော်မျိုးနိုင်သည် ဖော်ပြပါယာဉ်အား စတင်ယူဆောင်သွားစဉ်က (၃)လအတွင်းပြီးစီးအောင် ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ရောင်းချရခြင်းမရှိပါက ရယူသွားသော မော်တော်ယာဉ်ကို ဦးဇော်ထိုက်အေးအား ပြန်လည်အပ်နှံမည်ဖြစ်ကြောင်း အသိသက်သေများရှေ့ ဝန်ခံကတိပြုပြောကြားပြီးနောက် ယခုအခါ ယင်းမော်တော်ယာဉ်အား ဦးဇော်ထိုက်အေးသို့ ပြန်လည်အပ်နှံခဲ့ခြင်း မရှိသလို မော်တော်ယာဉ် ရောင်းချသည့်ငွေများကိုလည်း ဦးဇော်ထိုက်အေးထံ လုံးဝလာရောက်ပေးအပ်ခဲ့ခြင်းမရှိကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဦးကျော်မျိုးနိုင်အနေဖြင့် ဦးဇော်ထိုက်အေးမှ ရောင်းချပေးရန်အတွက် ယုံကြည်စွာအပ်နှံလိုက်သော ဖော်ပြပါ မော်တော်ယာဉ်ကိုဖြစ်စေ (သို့မဟုတ်) မော်တော်ယာဉ်ရောင်းချပြီးပါက သတ်မှတ်ထားသည့် တန်ဖိုးငွေကိုဖြစ်စေ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ(သို့မဟုတ်) ဦးဇော်ထိုက်အေးထံ လာရောက်အပ်နှံပါရန် အလေးအနက်တောင်းဆိုလိုက်ပါသည်။

ဤတောင်းဆိုချက်အား လိုက်နာဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းများအရ ဦးကျော်မျိုးနိုင်နှင့် မော်တော်ယာဉ်လက်ဝယ်ရှိသူတို့အား ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန် ဦးဇော်ထိုက်အေးက ကျွန်ုပ်တို့အား ညွှန်ကြားထားပြီးဖြစ်သည်ကိုလည်း တစ်ပါတည်းသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းအေး(B.A.,R.L)		**ဒေါ်ဆွေဆွေညွှန့်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅)		**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)**
ဒေါ်ဆုမြတ်မွန်(LL.B)	**ဒေါ်ခင်ကြည်မွန်(LL.B)**	**ဒေါ်အေးခိုင်ဇင်(LL.B)**
(စဉ်-၂၅၇၇၆)	**(စဉ်-၂၇၃၈၆)**	**(စဉ်-၃၀၈၁၁)**

အထက်တန်းရှေ့နေများ
အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၀၅၀၄၃၊ ၀၉-၇၃၀၉၆၁၂၅၊ ၀၉-၃၃၂၀၉၉၉၉

အခွန်တာဝန်ကိုဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကြရေးအတွက် အသိပေးနှိုးဆော်ခြင်း

အခွန်ရငွေသည် ပြည်သူတို့၏ လုံခြုံစွာနေထိုင်နိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် အခြေခံအဆောက်အအုံများကို အုပ်ချုပ်သူအစိုးရမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် အခွန်ရရှိရန် လိုအပ်ပါသည်။ ထိုအခွန်ငွေများကို ပြည်သူတို့က ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးသည့် ဥပဒေပါအတိုင်း ကောက်ခံရပါသည်။ ထိုသို့ကောက်ခံသည့် အခွန်ငွေကို ပေးဆောင်ရန် တာဝန်ရှိသူများအနေဖြင့် အခွန်ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် သို့မဟုတ်ပေးဆောင်ရန် ပျက်ကွက်ပါက တည်ဆဲဥပဒေအရ အောက်ပါအတိုင်း ပြစ်ဒဏ်များသတ်မှတ်ထားပါကြောင်း အသိပေးအပ်ပါသည်-

ဝင်ငွေခွန်ဥပဒေဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များ

*သုံးလတစ်ကြိမ် အရစ်ဖြင့် ပေးသွင်းရမည့် အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းသည့် အခွန်သည်သက်ဆိုင်ရာ စည်းကြပ်မှုတွင် ကျသင့်သည့်အခွန်ထက်လျော့လျှင် ယင်းလျော့ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကိုဒဏ်ငွေအဖြစ် ပေးဆောင်ရမည်။

*ဝင်ငွေကြေညာလွှာ အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်း၊ ဝင်ငွေကြေညာလွှာနှင့် သက်ဆိုင်သည့် အထောက်အထားစာရင်းတင်ပြရန် ပျက်ကွက်ခြင်းတို့အတွက် လုံလောက်သော အကြောင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ပျက်ကွက်မှုတစ်မျိုးစီအတွက် ပေးဆောင်ရမည့်အခွန်အပြင် ယင်းအခွန်၏တစ်ဆယ်ရာခိုင်နှုန်းထက် မပိုသောငွေကို ဒဏ်ငွေအဖြစ်ပေးဆောင်ရမည်။

*ဝင်ငွေထိမ်ချန်ကြောင်း သို့မဟုတ် ယင်းဝင်ငွေနှင့်စပ်လျဉ်းသည့် အချက်အလက်များထိမ်ချန်ကြောင်း အမှုကိစ္စဆောင်ရွက်စဉ် တွေ့ရှိလျှင်-

-ခွင့်ပြုထားသည့်ကာလအတွင်း အပြည့်အစုံထုတ်ဖော်ပါက စုစုပေါင်းဝင်ငွေအပေါ်တွင် ပေးဆောင်ရမည့်အခွန်အပြင် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့်အခွန်၏ ငါးဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ငွေကိုပါပေးဆောင်ရမည်။

-ခွင့်ပြုထားသည့် ကာလအတွင်း ထုတ်ဖော်ခြင်းမပြုပါက သို့မဟုတ်လျော့နည်းထုတ်ဖော်ပါက ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့်အခွန်၏ ငါးဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။ တရားစီရင်ရေးအဖွဲ့မှ ပြစ်မှုထင်ရှားကြောင်းဆုံးဖြတ်ပါက ထိုသူအား သုံးနှစ်မှ ဆယ်နှစ်အထိ ထောင်ဒဏ်အပြစ်ပေးနိုင်သည်။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေဆိုင်ရာ ပြစ်မှုများနှင့်ပြစ်ဒဏ်များ

*လုံလောက်သောအကြောင်းမရှိဘဲ အောက်ပါပျက်ကွက်မှုတစ်ရပ်ရပ်ရှိလျှင် ပျက်ကွက်မှုတစ်မျိုးစီအတွက် သက်ဆိုင်ရာစည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ်ပေးဆောင်ရမည်-

-မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း၊ လုပ်ငန်းစတင်ကြောင်း အကြောင်းကြားစာပေးပို့ရန် ပျက်ကွက်ခြင်း၊

-လစဉ်ကျသင့်အခွန် ပေးသွင်းရန်ပျက်ကွက်ခြင်း၊ သုံးလတစ်ကြိမ်ကြေညာလွှာ ပေးပို့ရန် ပျက်ကွက်ခြင်း၊ နှစ်ချုပ်ကြေညာလွှာပေးပို့ ရန်ပျက်ကွက်ခြင်း၊

-သတ်မှတ်ထားသော အချိန်အတွင်း ကြေညာလွှာပေးပို့ရန် ပျက်ကွက်ခြင်း၊

-ကြေညာလွှာအရ ကျသင့်သောအခွန်ကို ပေးသွင်းရန် ပျက်ကွက်ခြင်း၊ စည်းကြပ်မှုနှင့် စပ်လျဉ်း၍ စစ်ဆေးရန်အကြောင်းကြားခေါ်ယူခြင်းကို လိုက်နာရန်ပျက်ကွက်ခြင်း၊

-အခွန်ပေးဆောင်ရန် သတ်မှတ်ထားသော သို့မဟုတ် တိုးမြှင့်ပေးထားသောရက်အတွင်း ပေးသွင်းရန် ပျက်ကွက်ခြင်း၊

-သတ်မှတ်ထားသည့်အတိုင်း ပြေစာထားရှိရန် ပျက်ကွက်ခြင်း၊

-ထားရှိရန် သတ်မှတ်ထားသော စာရင်းများကို လုံလောက်သောအကြောင်းမရှိဘဲ တင်ပြရန်ပျက်ကွက်ခြင်း၊

*ပြေစာထားရှိသော်လည်း ထုတ်ပေးရန်ပျက်ကွက်ကြောင်း တွေ့ရှိရပါက ပြေစာတန်ဖိုးအပေါ် ကျသင့်အခွန်၏ တစ်ရာရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ်ပေးဆောင်ရမည်။

*အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ကြောင်း သို့မဟုတ် အခွန်လျော့နည်းစေရန် ရောင်းရငွေ သို့မဟုတ်ဝန်ဆောင်မှု ရငွေတို့နှင့် စပ်လျဉ်းသည့်အချက်အလက်များကို ထိမ်ချန်ထားခြင်း အတွက် ဖော်ထုတ်တင်ပြရန် ခွင့်ပြုသည့်ကာလအတွင်း-

-အပြည့်အစုံ ထုတ်ဖော်ပါက ယင်းက ပေးဆောင်ရမည့် အခွန်အပြင် တိမ်းရှောင်သည့် အခွန်၏ သို့မဟုတ်ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့်ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်။

-ထုတ်ဖော်ရန် ပျက်ကွက်လျှင်သို့မဟုတ် လျော့နည်းထုတ်ဖော်လျှင် ပေးဆောင်ရမည့် အခွန်အပြင်တိမ်းရှောင်သည့်အခွန်၏ သို့မဟုတ်ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့် ညီမျှသော ဒဏ်ငွေပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။ တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

*လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် ရောင်းရငွေသို့မဟုတ် ဝန်ဆောင်မှုရငွေများ နှင့်စပ်လျဉ်းသည့် မမှန်မကန်သော ကြေညာလွှာကို တမင်သက်သက်ပေးပို့ခြင်း၊ မမှန်မကန်သော သို့မဟုတ်မမှန်မကန်ဟုသိရှိယုံကြည်သော စာရင်းစာအုပ်၊ စာရင်းရှင်းတမ်းများကို တင်ပြခြင်းတို့ကို တွေ့ရှိလျှင် ကျသင့်သည့်အခွန်၏ တစ်ဆနှင့်ညီမျှသော ဒဏ်ငွေကိုပါပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။ တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

ပြည်တွင်းအခွန်များဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၆၀၃)၊ အင်းကြင်းလမ်းရှိ အကျယ်အဝန်းပေ(၄၀×၆၀)၊ ဧရိယာ (၀. ၀၅၅)ဧကရှိနှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ(၂)ထပ်တိုက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက် ဒေါ်ခင်ဆွေဝင်းထံမှ မှတ်ပုံတင်အထူးကိုယ်စားလှယ်စာရရှိထားပြီး လက်ရှိထားပိုင်ဆိုင်သူ ဦးနှင်းမောင်မောင်[၁၂/မရက(နိုင်)၀၃၇၆၀၈]ထံမှ ဒေါ်နီလာရွှေ [၁၂/တမန(နိုင်)၀၇၈၂၉၆]က အဆိုပါအိမ်မြေ၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေ ဝယ်ယူထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေအရောင်းအဝယ်ကိစ္စအတွက် ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ရုံး - အမှတ်(၅၀)စီ/၃၊ (ပ)ထပ်၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၀၃၃၁၇၂

ဦးလှမင်း (ပေါင်းတည်)
LL.B(ADVOCATE)
တရားလွှတ်တော်ရှေ့နေ(၅၅၅၅)



အမည်ပြောင်းခြင်း

